The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 5 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 4, 2019

# GSP အခွင့်အရေးနောက်မှ EU မြန်မာကုန်သွယ်မှု

စာမျက်နှာ - ၁၈ ➢




## အာဆီယံစီးပွားရေး အသိုက်အဝန်း AEC-2025 နှင့် စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၁၁ ➢

## ငှက်သိုက်(အမဲ)ကို စင်ကာပူနိုင်ငံသို့ ပို့ကုန်အမယ်သစ်အဖြစ် စတင်တင်ပို့

စာမျက်နှာ - ၂၃ ➢



## ပြေးလမ်းပေါ်က မြန်မာ့ဆန်စပါး ၂၀၁၉

စာမျက်နှာ - ၈ ➢

Pro Plus® Furniture Factory
PVF Premium Valiant Family Co.,Ltd
Valiant Seating®
bello®
SGS Since SGS Testing
16 Years Experience in Furniture Field



Creative Quality Service
* Office Furniture,
* Home Furniture,
* Restaurant Furniture,
* School Furniture,
* Sofa & Chairs
Service
*FREE Measurement
*FREE Layout Plan
*FREE Consulting
*FREE Quotation
*FREE Delivery & Installation

Adress - No.3,Than Chet Wun,U Myu Road, East Dagon Industrial Zone (2),East Dagon Township,Yangon,Myanmar
Contact - +959 764 800 881, +959 764 800 882, +959 955 100 881, +959 955 100 882
Email - info@proplusfurniture.com
Web Link - www.proplusfurniture.com, www.facebook.com/proplusfurniturefactory

Our Products Warranty


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Our Branch Network
မှန်သည် မြန်သည် မြဝတီ
မြဝတီဘဏ်(ရုံးချုပ်) ၊ အမှတ်.၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Phone No : (01) 2301367, 2301368, 2301452, 2301378,
Fax : (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm
Website : www.mwdbank.com.mm


SUZUKI
Way of Life!
SUZUKI
MYO MOTOR SERVICE CO., LTD.
MYO MOTOR
SWIFT
Ph :(+95-9) 965 161 788 (+95-9) 952 105 566 (+95-9) 952 135 566

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးအား ဇန်နဝါရီ ၃၁ ရက် နေ့လယ် ၁၃:၀၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အဖွင့် အမှာစကားပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးအဖွဲ့အနေဖြင့် နိုင်ငံ၏ ပို့ကုန်များမြှင့်တင်ရန်၊ ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံစီးပွားရေးတွင် ပို့ကုန်သည် အဓိကကျသကဲ့သို့ သွင်းကုန်သည်လည်း အရေးကြီးပါကြောင်း၊ ပို့ကုန်တင်ပို့မှုတွင် တိုးတက်လျက်ရှိသကဲ့သို့ သွင်းကုန်တင်သွင်းမှုတွင်လည်း နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအပိုင်း၊ ကုန်ကြမ်းပစ္စည်းတင်သွင်းမှု၊ နည်းပညာနှင့် အခြေခံအဆောက်အဦအတွက် ကုန်ပစ္စည်းများ တင်သွင်းမှုတို့တွင်လည်း တိုးမြှင့်တင်သွင်းနေရပါကြောင်း၊ ခရီးသွားကဏ္ဍအတွက်လည်း စားသောက်ကုန်များ၊ လူသုံးကုန်များ ပိုမိုတင်သွင်းနေရကြောင်း၊ သို့ဖြစ်၍ ကုန်သွယ်မှုပမာဏတွင် သွင်းကုန်က ပိုမိုများပြားနေသေးပါကြောင်း၊ ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးမူဝါဒများကိုလိုက်၍ နိုင်ငံ၏ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ထိခိုက်မှုရှိတတ်ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ပတ်သက်ပြီး ဖြေလျှော့မှုများကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ တတ်စွမ်းသမျှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပို့ကုန်မြှင့်တင်ရေးကို အထူးအားစိုက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားရာ၌ အမျိုးသားပို့ကုန် မဟာဗျူဟာအောက်တွင် ဦးစားပေးကဏ္ဍအဖြစ် ပါဝင်သော ဆန်စပါးကဏ္ဍနှင့်ထပ်မံဖြည့်စွက်မည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍနှင့် အခြားပို့ကုန်တွင် အားထားရသည့် ပြောင်းသီးနှံကဏ္ဍများနှင့် စပ်လျဉ်း၍ လုပ်ငန်းစီမံချက်များကို ချမှတ်နိုင်ရေး ဆွေးနွေးပေးကြစေလိုကြောင်း၊ ဆန်တင်ပို့မှုအား တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအစဉ်များကိုလည်း ဆွေးနွေးကြရန်လိုအပ်ပါကြောင်း၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်တင်ပို့မှုကဏ္ဍ၌ တိုးတက်မှုများ သိသာစွာ တွေ့မြင်နိုင်ပါကြောင်း၊ ပြောင်းတင်ပို့မှုသည်လည်း တိုးတက်နေသကဲ့သို့ပြည်တွင်းမွေးမြူရေးလုပ်ငန်းများအတွက်လည်း များစွာလိုအပ်သဖြင့် အဆိုပါကဏ္ဍများအတွက် ဈေးကွက် တိုးချဲ့ရေးသည်လည်း များစွာလိုအပ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးအတွက် ဆွေးနွေးပေးကြရန် ပြောကြားခဲ့ပါသည်။

**စာမျက်နှာ ၂၇ သို့**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကွမ်းလုံ၊ ဟော်ပန်၊ ချင်းရွှေဟော်ကုန်သည်အသင်း ဥက္ကဋ္ဌဖြစ်သူ ဒေါ်လွင်လွင်မာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကွမ်းလုံ၊ ဟော်ပန်၊ ချင်းရွှေဟော် ကုန်သည်အသင်းဥက္ကဋ္ဌဖြစ်သူ ဒေါ်လွင်လွင်မာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၃၀ ရက် ၁၁:၀၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် လယ်ယာထွက်ကုန်ပစ္စည်းများအား ချင်းရွှေဟော်နယ်စပ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ကုန်ပစ္စည်းချင်း ဖလှယ်သည့်စနစ် အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအား ချမှတ်ဆောင်ရွက်သွားနိုင်ရေး၊ နယ်စပ်ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် နယ်စပ်ကုန်သွယ်ရေးတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် တရားမဝင် ကုန်သွယ်မှုများအား အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားရေး၊ နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသော အခြေခံအဆောက်အဦများအား အဆင့်မြှင့်တင်နိုင်ရေး၊ တရုတ်နိုင်ငံသို့ ဆန်၊ ပြောင်း၊ သကြားတင်ပို့မှု တိုးမြှင့်နိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Hideo Watanabe ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Haru Suko Endo ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံးမှ Minister of Embassy of Japan ဖြစ်သူ Mr. Toru Maeda ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Hideo Watanabe၊ ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI) မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Haru Suko Endo၊ ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံးမှ Minister of Embassy of Japan ဖြစ်သူ Mr. Toru Maeda၊ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၉ ရက် ၁၀:၀၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ သည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်သွားရေး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ပိုမိုအဆင်ပြေချောမွေ့သော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ ဆက်လက်ပုံဖော်တည်ဆောက်သွားရေးနှင့် အခြေခံအဆောက်အဦများအား အဆင့်မြှင့်တင် တည်ဆောက်သွားရေး၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်း လျှပ်စစ်မီးနှင့်ရေကောင်းမွန်စွာ ရရှိနိုင်ရေးနှင့် အထူးစီးပွားရေးဇုန်အား အရှိန်အဟုန်ဖြင့် လုပ်ငန်းဆက်လက်လည်ပတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မှန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ဧရာဝတီတိုင်းအတွင်း ဟင်္သာတခရိုင် မိုးညှင်းမထစပါး/ဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်

ဧရာဝတီတိုင်း ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များတွင် ဇန်နဝါရီနောက်ဆုံးပတ်မှာ မိုးညှင်းမထ စပါး/ ဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များတွင် ယခင်မိုးညှင်းမထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၄၀၀၀၀-၅၅၀၀၀၀ ဈေး ဆန်တစ်အိတ်လျှင် ကျပ် ၂၀၅၀၀/ ၂၁၀၀၀-၂၁၅၀၀ ဈေးမှ ယခု ညှင်းမထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၅၀၀၀၀-၅၆၀၀၀၀ ဈေး ဆန်တစ်အိတ်ကို ကျပ် ၂၁၀၀၀-၂၁၅၀၀-၂၂၀၀၀ ဈေးဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀၀န်းကျင် ဆန်တစ်အိတ်ကို ကျပ်၅၀၀ ခန့် ဈေးနှုန်းမြင့်တက်သွားကြောင်း ဆန်စပါးဈေးကွက်သတင်းများမှသိရသည်။

ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန် ၊လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များတွင် အချို့ တောင်သူများ ဝမ်းစာဆန်များဝယ်ယူခြင်း၊ အထက်အညာဒေသများသို့ ဆန်တင်ပို့မှုရှိခြင်းတို့ကြောင့် စပါး/ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်ရခြင်းဖြစ်ပြီး ကျန်ခရိုင်များတွင်မူ ရောင်းဝယ်မှု ပုံမှန်ရှိနေ၍ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး(ပသ)**

## ဆန်အဝင်ပုံမှန်ရှိပြီး အချောရော အကြမ်းပါ ဈေးကွက်အေးနေ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်အဝင်ပုံမှန်ရှိပြီး ဆန်ချောရော ဆန်ကြမ်းပါ အရောင်းအဝယ်အေးကြောင်း သိရပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကား ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၈၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၇၀၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ် အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ရွှေဘို ပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၄၈၀၀၀ - ကျပ် ၅၀၀၀၀၊ ကျားပျံပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၃၈၀၀၀- ကျပ် ၄၀၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပေါ်ဆန်းအသစ် တစ်အိတ်ကို ကျပ် ၃၃၅၀၀ - ကျပ် ၃၅၀၀၀၊ မွှေးကြီးရှယ်တစ်အိတ်ကျပ် ၂၅၅၀၀-၂၆၅၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးကျကြောင်း သိရပါတယ်။

ဆန်ချောရောဆန်ကြမ်းပါ အရောင်းအဝယ်အေးသော်လည်း ဆန်ကြမ်း ညှင်းမထ ၂၅ မှတ်ဆန်က အရောင်းအဝယ်သွက်တဲ့အတွက် ဈေးအနည်းငယ်တက်ကြောင်း သိရပါတယ်။ ညှင်းမထ ၂၅ မှတ်တစ်အိတ်ကို ကျပ် ၁၉၀၀၀- ကျပ် ၁၉၄၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၄၀၀ ခန့် ဈေးတက်ကြောင်း သိရပါတယ်။ ရက် ၉၀ ဆန်တစ်အိတ်ကို ကျပ် ၂၉၀၀၀- ကျပ် ၃၁၀၀၀၊ သီးထပ်(ရှယ်) တစ်အိတ်ကျပ် ၂၃၀၀၀- ကျပ် ၂၄၀၀၀၊ အကြမ်းရှယ်တစ်အိတ် ကျပ် ၂၀၃၀၀- ကျပ် ၂၀၅၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ အရောင်းအဝယ်အေးတဲ့အတွက် ဆန်ဈေးလည်းငြိမ်နေတယ်လို့ ကုန်စည်ဒိုင်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## တစ်ပတ်အတွင်း ဆန်နဲ့ဆန်ကွဲတန်ချိန် ခုနစ်သောင်းနီးပါးတင်ပို့

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၄၂ သန်းတန်ဖိုးရှိ ညှင်းမထဆန်နဲ့ ကောက်ညှင်းဆန် ၂၉၆၅၇ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှတင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ညှင်းမထဆန် ၂၅၄၇၉ တန်နဲ့ ကောက်ညှင်းဆန် ၁၀၆ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ညှင်းမထဆန် တန်ချိန် ၈၀၀ နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှညှင်းမထ ဆန် ၃၂၄၇ တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ညှင်းမထဆန် ၂၅ တန်ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ၃၄၉၄၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန်တင်ပို့မှု ၅၂၈၃ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၄၇ တန်ကျော်ကို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါကယခုတစ်ပတ်မှာ ၇၁ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ညှင်းမထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၂၉၁၉၉ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၂၈၆၀၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၀၀၊ စင်ကာပူနိုင်ငံသို့ ၂၄တန်၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၃၀၀၊ တရုတ်နိုင်ငံသို့ ၇၇ တန်ခန့်၊ အိုင်ဗရီကိုစ့်နိုင်ငံသို့ တန်ချိန် ၂၀၀၀၀၊ ကင်မရွန်းနိုင်ငံသို့တန်ချိန် ၁၀၀၀ နဲ့ အီးယူနိုင်ငံများသို့ ၄၄၃၈ တန်တင်ပို့ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၂၂၈၁၈ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၃ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၀၈၆၇ တန်တင်ပို့ခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ ၃၇၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၂၅၀၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၁၂၅၀၊ စင်ကာပူနိုင်ငံသို့ ၇၅ တန်နဲ့ အီးယူနိုင်ငံများသို့ ၇၉၁၇ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၅၁၇ တန်ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်ဆန်တင်ပို့မှုစုစုပေါင်းမှာ ၅၈၈၅၆ တန်ဖြစ်ပြီး ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ၁၁၀၁၄ တန်ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် နယ်စပ်စခန်းမှ လျော့ကျခဲ့သော်လည်း ရေကြောင်းမှ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## ကလေးဒေသ၏ ဆန်ဈေးကွက်အခြေအနေ

ကလေးဒေသမှာ ယခုဆန်သစ်ပေါ်နေပြီဖြစ်ပါတယ်။ ပေါ်ဆန်း(အသစ်) (ငစိန်အုပ်စုဝင် ဆန်ကြမ်း ) တစ်အိတ်လျှင် ကျပ် ၁၉၂၀၀ မှ ၂၀၀၀၀၊ ရောမင်း (အသစ်) ကျပ် ၂၆၀၀၀ မှ ၂၉၀၀၀၊ ရောမင်း (ရှယ်) ကော်ချက် ကျပ် ၃၈၀၀၀ ဖြစ် ကြောင်း သိရှိရပါတယ်။ ရောမင်းဆန်နဲ့ပတ်သက်လို့ ကနန်(ခမ်းပတ်မြို့ )မှ အကောင်းဆုံးဖြစ်ကြောင်း၊ ရာဇဂြိုလ်မှ ရောမင်းက ဒုတိယ အကောင်းဆုံးဖြစ်ကြောင်း၊ ကလေးမြို့မှာ အသင့်အတင့်ဖြစ်ပြီး၊ ကလေးမြို့၏တောင်ဘက်ပိုင်းရောက်လေ နတ်ချောင်း၊ နတ်မြောင်း အုပ်စုနှင့် ခုံတိုးမြို့သာ၊ မြောက်စည်း ကျေးရွာတို့မှ ရောမင်းဆန်မှာ ကြမ်းပြီးဈေးအနည်းဆုံးဖြစ်ကြောင်း၊ ကလေးမြို့ရဲ့ တောင်ဘက်ရောက်လေ မြေညံ့လေဖြစ်ပြီး ဓာတ်မြေဩဇာပို၍ အသုံးပြုရလေဖြစ်ကြောင်း ကလေးမြို့နယ် စပါးစိုက်ပျိုးသူ တောင်သူဦးအောင်ဝင်းထံမှ သိရပါတယ်။

**စိုးအောင်(ကလေးမြို့)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၂-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၇ | △ | ၃၄၀ | ၃၃၅ | ▽ | ၃၇၀ | ၃၀၀ | △ | ၃၅၃ | ၃၄၂ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၄ | ၃၇၆ | △ | ၃၃၇ | ၃၃၂ | ▽ | - | - | - | ၃၄၀ | ၃၃၇ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၂ | ၃၇၄ | △ | ၃၃၄ | ၃၂၉ | ▽ | - | - | - | ၃၄၃ | ၃၃၂ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၅ | ၃၇၆ | △ | ၃၃၀ | ၃၂၅ | ▽ | ၃၆၀ | ၃၇၀ | △ | ၃၃၇ | ၃၃၃ | ▽ |
| ပေါင်းဆန် | ၄၂၀ | ၄၂၀ | □ | - | - | - | ၃၇၃ | ၃၇၃ | □ | ၄၀၀ | ၄၀၀ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁-၂-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှင်းမထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၄၀၀ | △ | ၂၂၅၀၀ | △ | ၉၀၀၀၀ | △ | ၄၅၀၀၀ | △ |
| ပုသိမ် | ၅၄၀၀ | □ | ၂၁၅၀၀ | □ | ၉၈၀၀၀ | □ | ၃၇၅၀၀ | □ |
| ပဲခူး | ၅၄၀၀ | □ | ၂၂၅၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၃၀၀၀ | □ | ၄၂၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၈၀၀၀ | △ | ၃၅၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | △ | ၂၀၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၃၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မော်လမြိုင် | ၆၁၀၀ | □ | ၂၂၀၀၀ | □ | ၁၁၀၀၀ | □ | ၃၈၀၀၀ | □ |
| လွိုင်ကော် | ၈၄၃၀ | □ | ၃၈၀၀၀ | □ | - | - | ၆၅၀၀၀ | □ |
| မြိတ် | ၇၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | △ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၄၇၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှင်းမထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၈-၁-၂၀၁၉ မှ ၁-၂-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 392 | 30,978,106.140 |
| 2 | Form D | 108 | 4,240,688.580 |
| 3 | Form E | 137 | 7,111,202.060 |
| 4 | Korea GSP | 16 | 1,090,119.620 |
| 5 | Form AK | 161 | 6,399,494.678 |
| 6 | Form AJ | 11 | 389,977.540 |
| 7 | Form AI | 180 | 6,909,898.198 |
| 8 | Form AANZ | 16 | 174,809.470 |
| 9 | Form DFTP | 2 | 143,840.000 |
| 10 | Form CHINA | 1 | 119,935,780 |
| **Grand Total** | | **1024** | **57,558,072.066** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁-၂-၂၀၁၉

ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၅/၁ | ၁/၂ | ပြောင်းလဲမှု | ၂၅/၁ | ၁/၂ | ပြောင်းလဲမှု | ၂၅/၁ | ၁/၂ | ပြောင်းလဲမှု | ၂၅/၁ | ၁/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၁၄၈ | ၉၃၁ | ▼ | ၁၁၇၅ | ၁၀၃၃ | ▼ | ၁၁၇၅ | ၉၅၀ | ▼ | ၁၁၄၀ | ၁၀၅၀ | ▼ |
| ပဲစင်းငုံ | ၁၂၄၅ | ၁၁၁၀ | ▼ | ၁၃၇၅ | ၁၂၅၀ | ▼ | ၁၃၆၅ | ၁၂၇၅ | ▼ | ၁၃၆၅ | ၁၂၆၅ | ▼ |
| ပဲတီစိမ်း | ၁၆၁၅ | ၁၅၈၀ | ▼ | ၁၈၃၁ | ၁၈၃၁ | ■ | ၁၇၈၉ | ၁၇၃၆ | ▼ | ၁၆၆၀ | ၁၆၆၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၂၇၅ | ၁၂၄၀ | ▼ | ၁၂၃၆ | ၁၂၁၀ | ▼ | ၁၂၉၀ | ၁၂၄၀ | ▼ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၉၅၀ | ▼ | ၁၂၃၃ | ၁၂၁၇ | ▼ | ၁၃၉၄ | ၁၃၉၄ | ■ | ၁၁၇၅ | ၁၁၈၅ | ▲ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၁၈၇ | ၂၀၄၄ | ▼ | ၂၀၀၀ | ၁၇၈၉ | ▼ | ၂၀၀၀ | ၁၈၄၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၉-၁-၁၉)ထိ | ယခုတစ်ပတ် (၂၆-၁-၁၉)ထိ | (၁-၁-၁၉) မှ (၂၆-၁-၁၉) ထိ |
| မတ်ပဲ | ၅၇၈၆၃ | ၆၅၀၂ | ၆၄၃၆၅ |
| ပဲတီစိမ်း | ၅၄၅၇ | ၃၉၀၄ | ၉၃၆၁ |
| ပဲစင်းငုံ | ၁၃၇၇၅ | ၇၈၂၅ | ၂၁၆၀၀ |
| ကုလားပဲ | ၄၉၄၂ | ၁၃၉၉ | ၆၃၄၁ |
| ပဲလွန်းဖြူ | ၄၀၆ | ၄၂၈ | ၈၃၄ |
| မြေထောက်ပဲ | ၁၃ | ၈ | ၂၁ |

## ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်စမုံ(ရှယ်)ဈေးကောင်းရနေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်စမုံ(ရှယ်)မှာ ယခင်တစ်ပတ်ထက်ဈေးကောင်းရရှိနေပါသည်။ ယခုတစ်ပတ်၏ နှမ်းနက်စမုံ(ရှယ်) တစ်တင်းလျှင် ကျပ် ၇၉၀၀၀-၈၀၀၀၀-၈၁၀၀၀ ဖြင့် နေ့စဉ် အိတ် ၅၀ မှ ၅၀၀ ခန့်၊ နှမ်း(၇ွ)နက် တစ်တင်းလျှင် ကျပ် ၅၅၀၀၀-၅၆၀၀၀ ဈေးဖြင့် အိတ် ၅၀ မှ ၁၀၀ ခန့်၊ နှမ်းနက်စမုံ( ရိုးရိုး)မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၆၀၀၀၀ မှ ၇၈၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀ ထိ ဥပုသ်နေ့မှလွဲ၍ နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ် ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီအသစ်မှာ ဈေးအနည်းငယ်ကျနေပြီး အရောင်းအဝယ်အားဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ယခုတစ်ပတ် ပဲစင်းငုံနီအသစ်ဈေးမှာ တစ်တင်းလျှင် ကျပ်၂၅၅၀၀-၂၆၇၀၀-၂၇၃၀၀-၂၈၅၀၀ ဖြင့် အိတ် ၂၀၀ ခန့်၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်းမှာ တစ်တင်းလျှင် ကျပ် ၂၀၈၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၂၁၈၀၀-၂၃၅၀၀-၂၄၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၈၄၀၀-၈၅၀၀-၈၆၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ဆန်ပြောင်းဖြူတစ်တင်းလျှင် ကျပ် ၁၁၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲစာဉ တစ်တင်းလျှင်ကျပ် ၂၄၇၀၀ ဈေး ဖြင့် အိတ် ၅၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## ဈေးကျဆင်းနေတဲ့ ပဲလွန်းဖြူ

သာယာဝတီဈေးကွက်တွင် ပဲမျိုးစုံဈေးကွက်မှာ လက်လီသမားများနဲ့ အဓိကရောင်းဝယ်မှုဖြစ်နေတဲ့ ပဲလွန်းဖြူသီးနှံမှာ ဇန်နဝါရီလဆန်းဈေးကွက်၌ ပိဿာ ၂၀ တစ်တင်းလျှင်ကျပ် ၂၂၀၀၀ ရှိပြီး ယခုဇန်နဝါရီလနောက်ဆုံးပတ်တွင် ပိဿာ ၂၀ တစ်တင်းလျှင်ကျပ် ၁၉၅၀၀ ဖြင့် ဝယ်ယူလျက်ရှိပါတယ်။ ဈေးလျော့သွားရခြင်းမှာ ပြည်ပမှ အဝယ်မလိုက်၍ ဈေးကျဆင်းခြင်းဖြစ်ကြောင်း သိရပါတယ်။

ခင်ခင်ထိုက် (သာယာဝတီ)

## ကျောက်တံခါးမြို့နယ်တွင် ပဲတီစိမ်းလှိုင်လှိုင်ပေါ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက် တံခါးမြို့နယ်မှာ ဆောင်းသီးနှံ ပဲတီစိမ်းများ လှိုင်လှိုင်ပေါ်နေပြီး ယခုတစ်ပတ်ဈေးနှုန်းမှာ ၇၂ ပေါင်ကိုက် တစ်တင်းကို ကျပ် ၃၇၀၀၀ပေါက်ဈေးရရှိပြီး ယခင် နှစ်ကာလတူမှာ ကျပ် ၂၀၀၀၀ ဝန်းကျင်ဖြစ်လို့ ယခုနှစ်မှာ ဈေးပိုမိုရရှိကြောင်း သိရှိရပါတယ်။

ဝင်းမြင့်တင်(ကျောက်တံခါး)

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်မှ ၂၅ အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၃၃၅၈၅ ဒသမ ၇၅ တန်ဖိုးရှိ ငရုတ်သီးခြောက် ၆၄၇၅၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၄၂၅ ဒသမ ၀၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၀၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှ တစ်ဆင့်ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၃၃၇၅ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် ၂၇၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၅၂၈၀ တန် ဖိုးရှိဟင်းချိုမှုန့် ၄၄၀၀ကီလိုဂရမ်တို့ ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏတန်ဖိုး ၁၄၂၆၆၅ ဒသမ ၇၅ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရပါတယ်။

ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၇၂၃၅ အိတ် တန်ချိန်အားဖြင့် ၃၆၃ ဒသမ ၃၀ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှာ ၃၀၀၀အိတ်၊ မန္တလေးမြို့မှ ၁၀၁၀အိတ် ရွှေဘိုမြို့မှ ၂၃၀ အိတ်တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၄၂၄၀ အိတ်တန်ချိန်အားဖြင့် ၂၁၂ ဒသမ ၉၀ တန်တင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။ ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၇၂၄၀၇ အိတ် တန်ချိန်အားဖြင့် ၃၅၄၆ ဒသမ ၉၉ တန် တင်ပို့ထားပြီး အာလူးတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ အောင်ပန်းမြို့သို့ အဓိကတင်ပို့ခဲ့ပြီး တင်ပို့မှုအနေဖြင့် စုစုပေါင်း ၁၈၆၆၀ အိတ်တန်ချိန်အားဖြင့် ၉၁၄ ဒသမ ၀၉ တန်တင်သွင်းခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရပါတယ်။

လက်ရှိပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၀၀ ဈေးပေါက်ကြောင်း၊ အာလူး တစ်ပိဿာလျှင် ကျပ် ၁၂၀၀ဈေးပေါက်ကြောင်း၊ စပါးဈေးနှုန်းများမှာ ဧည့်မထ (မိုး) စပါးတင်(၁၀၀)လျှင် ကျပ် ၈၆၉၀၀၀ ဈေးပေါက်ကြောင်း ၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၆၆၀၀၀ ၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ ၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၈၀၀၀ ဈေးပေါက်ကြောင်းနှင့် ရွှေဈေးနှုန်းများမှာ ၁၆ ပဲရည် တစ်ကျပ်သားကို ၁၀၆၀၀၀၀ ကျပ် ၊ ၁၅ ပဲရည် တစ်ကျပ်သားကို ၉၉၄၀၀၀ ကျပ်၊ ၁၄ ပဲရည် တစ်ကျပ်သားကို ၉၂၇၀၀၀ကျပ်ဖြင့် ဈေးပေါက်ကြောင်း ကယားပြည်နယ်စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## ပြည် ပဲစင်းငုံသစ် အရောင်းအဝယ်သွက်လျက်ရှိ

ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသစ်များ ပဲအထွက်လှိုင်ချိန်ဖြစ်လို့ ပဲဝင်ရောက်မှုများလာခဲ့တာကြောင့် တစ်ရက်အိတ် ၅၀၀မှ ၆၀၀ ကျော်ဝင်ရောက်လျက်ရှိပြီး ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ခြင်းဖြစ်တယ်လို့ သိရပါတယ်။ ပဲဟောင်း လက်ကျန်များလည်းရှိနေတဲ့အတွက် ပဲသစ်များဝင်ရောက်လာမှုအပေါ် ပဲဟောင်း/ပဲသစ်နှစ်မျိုးစလုံး ရောင်းဝယ်ခဲ့ကြတာကြောင့် တချို့ရက်များတွင် အိတ် ၆၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးနှုန်းမှာ ပဲဟောင်းတစ်တင်း ကျပ် ၂၄၀၀၀၊ ပဲသစ်တစ်တင်းကျပ် ၂၈၀၀၀ ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုပမာဏအရ ပဲဟောင်းထက်ပဲသစ်ကပိုပြီး အဝယ်လိုက်ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲပုပ်သစ် ဈေးငြိမ်ရောင်းဝယ်နေ

ပြည်ပဲမျိုးစုံဈေးကွက်မှာ ဆောင်းပဲသစ်အနေဖြင့် ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲပုပ်၊ ဘိုကိတ်၊ ပဲလွန်းဖြူစသည်ဖြင့် နေ့စဉ်ဝင်ရောက်လျက်ရှိကြရာ ပဲပုပ်သီးနှံသစ်ကလည်း ပြည်အနီးပတ်ဝန်းကျင်မှ တစ်ရက်အိတ် ၁၀၀ မှ ၂၀၀ ကျော်ဝင်ရောက်နေခဲ့တာကို တွေ့ရပါတယ်။ လက်လီ၊ လက်ကားအရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်းကျပ် ၂၀၀၀၀ ဖြင့် ဈေးအပြောင်းအလဲသိပ်မဖြစ်ဘဲ ဈေးငြိမ်နေခဲ့ကြပါတယ်။ ဒါကြောင့် ဆောင်းပဲသစ်ဈေးကွက်မှာ ပဲစင်းငုံနှင့်ပဲတီစိမ်းပြီးလျှင် ပဲပုပ်သီးနှံ အရောင်းအဝယ်ဖြစ်မှု များနေခဲ့တယ်လို့ဆိုရမှာဖြစ်ပြီး ပဲဈေးမှာ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံတို့ထက် ဈေးလျော့နေခဲ့ကြောင်း လေ့လာ သိရှိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## အညာဒေသ၌စမုံနက်နှမ်း ဆောင်းနှင့်နွေရာသီတွင် အဓိကစိုက်ပျိုးပြီးဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ စမုံနက်နှမ်းအား ဒေသနှမ်းမျိုးထက်ဆောင်းရာသီတွင် အဓိက စိုက်ပျိုးလာကြကာ ပြည်ပပို့ကုန်တစ်မျိုးဖြစ်၍ ဈေးကောင်းရနေကြောင်း သိရသည်။

"ဒေသမျိုးနှမ်းဆိုတာ နှမ်းဝါ၊ နှမ်းနီတို့ကိုပြောတာပါ။ ဒေသမျိုးကတော့ ရာသီဒဏ်မခံဘူး။ မိုးရွာသွန်းမှုနည်းမယ်၊ များမယ်ဆိုရင်မရဘူး။အထွက်ကျတယ်။ စမုံနက်နှမ်းကတော့ ရာသီဥတုဒဏ်ခံနိုင်ကြောင်း၊ ဈေးအနေနှင့်လည်း စမုံနှမ်းတစ်တင်းကျပ် ၆၀၀၀၀ ကနေ ကျပ် ၇၅၀၀၀ အထိ ဈေးရှိကြောင်း ဒေသမျိုးထက်ဈေးပိုရကြောင်း ရေနံချောင်းမြို့နယ်မှတောင်သူဦးထွန်းထွန်းဦးက ပြောသည်။

မိုးနှမ်းကိုမိုးရာသီဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးပြီး ဩဂုတ်လကုန်တွင် နုတ်သိမ်းရသည်။ ဆောင်းနှမ်းကိုဒီဇင်ဘာလကုန်တွင်စိုက်ပျိုးကြရာ ယခုနှစ်စမုံနက်နှမ်းစိုက်သူများလာကြောင်း ယခုအခါအောင်မြင်ဖြစ်ထွန်းနေ ကြောင်း သိရသည်။

လက်ရှိဆောင်းသီးနှံ၊ ကိုင်းသီးနှံ ကိုတော့ ၂၀၁၆ ဧကနှင့်ပန်းနှမ်းဧက ၂၀ စိုက်ပျိုးထားကြောင်း အောင်မြင်ဖြစ်ထွန်းကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## ပြည်ဈေးကွက်တွင် နှမ်းနက်နှင့် စမုံနက်နှမ်းဈေးဆက်လက်မြင့်တက်

ပြည်ဈေးကွက်သို့ ဆောင်းနှမ်းအသစ်များကို မြန်အောင်၊ ကြံခင်း၊ မိုးညို၊ နတ်တလင်းနှင့်ပေါက်ခေါင်းဘက်မှ နှမ်းနက်အိတ် ၉၀၀ လောက်ဝင်ရောက်မှုရှိလို့ ဈေးကွက်တွင်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မန္တလေးဝယ်လက်များက နှမ်းနက်သန့်သန့်နှင့် စမုံနက်နှမ်းကို ဈေးပေးဝယ်ယူနေလို့ ယခုတစ်ပတ်တွင် ယခင်တစ်ပတ်ကထက် ဈေးဆက်မြင့်လာတာတွေ့ရပါတယ်။

ဆီစက်သမားများကလည်း ဈေးကွက်တွင် နှမ်းနီမှာ ပစ္စည်းပျောက်နေတဲ့အတွက် ဆီကြိတ်ရန်လိုင်းမဝင်တဲ့ နှမ်းနက်ကို ဝယ်ယူပြီး ဆီကြိတ်နေတာဖြစ်တယ်လို့သိရပါတယ်။ ယခုတစ်ပတ်နှမ်း ဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၁၆၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ပစ္စည်းမရှိလို့ ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၀၀၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၈၃၀၀၀ ဖြင့် ဝယ်လက်အဝယ်ရှိလို့ တစ်နေ့လျှင် အိတ် ၇၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း(ပြည်)**

Vol: 19, No.5 Monday February 4 2019

# ပြည်ပဈေးကွက်ဝင် ။ ။ ။ ။ ။ ဒန့်သလွန်ပင်၏အကျိုးကျေးဇူးများ

[ မွန်မွန်စိုး (ပခုက္ကူ) ]

ကျွန်မတို့ မြန်မာနိုင်ငံရဲ့ နေရာအတော်များများတွင် ဖြစ်ထွန်းနေသည့် ပြည်ပဈေးကွက်တွင် အလားအလာကောင်းနေသော ဆေးဖက်ဝင်သီးနှံတစ်မျိုးဖြစ်သည့် ဒန့်သလွန်ပင်၏အကျိုးကျေးဇူးများနှင့် စိုက်ပျိုးခြင်းနည်းပညာများကို မိတ်ဆက်ပေးလိုက်ပါတယ်။ အရှေ့တောင်အာရှတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော အံ့ဖွယ်အပင်ဖြစ်သည့် ဒန့်သလွန်(Moringa oleifera)အပင် ဖြစ်ပါသည်။ နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းဆေးတွင် အသုံးပြုခဲ့သော(Moringa oleifera)ကို ဒန့်သလွန်ပင် (Drumstick)လို့လည်း သိကြပြီး ဓာတ်တိုးအာနိသင် (Antioxidant)များဖြင့် ပြည့်ဝသော ဆေးဖက်ဝင်အပင် ဖြစ်ပါတယ်။

ဒန့်သလွန်ပင်၏ အသီးနှင့်အရွက်တွင် သတ္တုဓာတ်နှင့်ဗီတာမင်များစွာ ပါဝင်ပါတယ်။ အသီးတောင့် တစ်ခွက်စာတွင် ဗီတာမင်B6 ၁၉ ရာခိုင်နှုန်း၊ ပရိုတင်း (၂)ဂရမ်၊ ဗီတာမင် C ၁၂ ရာခိုင်နှုန်း၊ ဗီတာမင် B2 ၁၁ ရာခိုင်နှုန်း၊ သံဓာတ် ၁၁ ရာခိုင်နှုန်းနှင့် မက်ဂနီဆီယမ် ၈ ရာခိုင်နှုန်းတို့ ပါဝင်ပါထယ်။ အရွက်ခြောက်များကို ဖြည့်စွက်စာဖြင့် အသုံးပြုနိုင်ပါတယ်။ သို့သော် သဘာဝအပင်သည် ပို၍အစွမ်းထက်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒန့်သလွန်ပင်၏အကျိုးကျေးဇူးများကတော့ အရိုးများကိုသန်မာစေခြင်း၊ ဒန့်သလွန်ကို စားသုံးခြင်းဖြင့် အရိုးများကို ပိုမိုသန်မာစေပါတယ်။ အရိုးထိခိုက်မှုကို လျော့ပါးစေနိုင်သော ကယ်လစီယမ်နှင့် သံဓာတ်များပါဝင်ပါတယ်။

ဒါ့အပြင် ဆယ်ကျော်သက်လူငယ်များ စားသုံးပေးပါက လူငယ်များ၏ ခံနိုင်ရည်သက်လုံကောင်းမှုနှင့် ကျန်းမာရေးကို မြှင့်တင်ပေးနိုင်တယ်လို့ လေ့လာသိရပါတယ်။

### uifqma&m*gaysmufuifapjcif;

ဒန့်သလွန် ပင်တွင် ဓာတ်တိုးအာနိသင် (Antioxidant) များစွာပါရှိပြီး ကင်ဆာရောဂါ ပိုမိုပြန့်ပွားမှုဖြစ်စေနိုင်သော ဆဲလ်များကို တိုက်ခိုက်နိုင်စွမ်းရှိပါတယ်။ ဓာတ်တိုးအာနိသင်များမှာ ကင်ဆာဆဲလ်ဖြစ်ပေါ်မှုကို ရပ်တန့်စေနိုင်ပါတယ်။ ဗီတာမင် C၊ Beta carotene ၊chlorogenic acid နှင့် quercetin အစရှိသော ဓာတ်တိုးအာနိသင်များမှာ ကင်ဆာရောဂါ ပိုမိုပြန့်ပွားမှုဖြစ်စေနိုင်သော ဆဲလ်များကို အကောင်းဆုံးကာကွယ်ပေးနိုင်ပါတယ်။

### acgif;ukdufcJ0'emoufomapjcif;

ဒန့်သလွန်ပင်အမြစ်ကိုယူ၍ သကြားနှင့် ရောမွှေပြီး ဖျော်ရည်ပြုလုပ်ပါ။ ၎င်းဖျော်ရည်ကို သောက်သုံးပေးပါက ခေါင်းကိုက်ဝေဒနာသက်သာစေပါတယ်လို့ လေ့လာသိရှိရပါတယ်။

### rsufvkH;0'emoufomapjcif;

မျက်ခွံအတွင်းသား ရောင်ရမ်းနာခြင်းမျိုးကဲ့သို့သော မျက်စိနာရောဂါဝေဒနာများကို သက်သာစေပါတယ်။ ဒန့်သလွန် အရွက်ကိုယူ၍ ကျေညက်အောင်ကြိတ်ပြီးပါက ရလာသောအနှစ်ရည်များကို မျက်စိပေါ်တွင် သုတ်လိမ်းပေးနိုင်ပါတယ်။ အရွက်ကိုကြိတ်၍ရလာသော အနှစ်ရည်ကို ပျားရည်နှင့်ရော၍ သုံးစွဲပါက မျက်ခမ်းနှင့် မျက်ကြည်လွှာဝေဒနာများတွင် အသုံးပြုနိုင်ပါတယ်။ မျက်စိရောင်ခြင်းကိုလည်းသက်သာစေပါတယ်။

ဆီးချို၊ သွေးချိုကို လျော့ကျစေခြင်း လေ့လာစမ်းသပ်မှုများအရ ဒန့်သလွန်အရွက်မှာ ဆီးချို၊ သွေးချို ဝေဒနာများကို ပျောက်ကင်းစေနိုင်ပါတယ်။ ဒန့်သလွန်အရွက်မှုန့်(၇) ဂရမ်စီ (ငါးမူးသား) သုံးစွဲခြင်းဖြင့် ဆီးချိုသွေးချိုဝေဒနာသည် အမျိုးသမီးဦးရေ ၃၀ ဦးကို သုံးလ စမ်းသပ်မှုပြုလုပ်ခဲ့သော စမ်းသပ်မှုတစ်ခုမှ ဆီးချို၊ သွေးချို ၁၃ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျစေနိုင်တယ်လို့ လေ့လာသိရှိရပါတယ်။

### ao;Geef;apjcif;

ဒန့်သလွန်သီးတောင့်နှင့် အရွက်များသည် သွေးသန့်စေရန်အတွက်လည်း ကောင်းမွန်ပါတယ်။ ဥပမာ- သီးတောင့်နှင့် အရွက်များကို ဟင်းချိုရည်ပြုလုပ်ပါ။ ဝက်ခြံနှင့် အရေပြားရောဂါများကို စင်ကြယ်စေပါတယ်။ ပဋိဇီဝဆေးဖြစ်သည့်အတွက် အနာရောဂါများကို ပျောက်ကင်းစေပါတယ်။

### t&Gfvif;EkdYcdkjcif;

ဗီတာမင် A ပါဝင်မှုကြောင့် အိုမင်းရင့်ရော်မှုကို လျော့နည်းစေပါတယ်။ ဒါ့အပြင် ရောဂါခံနိုင်ရည်အားကို ပိုမိုအားကောင်းစေနိုင်ပါတယ်။

### usefrma&;taxmuftuljyKtm[m&wefzkd;tsm;

အာဟာရတန်ဖိုးတွင် ဒန့်သလွန်အရွက်ခြောက်မှုန့်သည် အလေးချိန်တူ အခြားအစားအစာများနှင့် နှိုင်းယှဉ်ပါက သံဓာတ်တွင် ဟင်းနုနွယ်ရွက်ထက် (၂၅)ဆ၊ အသားဓာတ်တွင် ကြက်ဥထက်(၂)ဆ၊ ဗီတာမင် A ဓာတ်တွင် မုန်လာဥနီထက် (၄) ဆ၊ ဗီတာမင် C တွင် လိမ္မော်သီးထက်(၇)ဆ၊ ကယ်လ်စီယမ်(ထုံး)ဓာတ်တွင် နွားနို့ထက်(၇)ဆ၊ ပိုတက်စီယမ်သတ္တုဓာတ်တွင် ငှက်ပျောသီးထက်(၁၅)ဆ၊ ဖိုင်ဘာအမျှင်ဓာတ်တွင် အုတ်ဂျုံထက် (၄)ဆ၊ မဂ္ဂနီစီယမ်သတ္တုဓာတ်တွင် ကြက်ဥထက် (၃၆)ဆ၊ ပိုလီပနောတွင် ဝိုင်နီထက် (၈)ဆ၊ အစိမ်းရောင်ကလိုရိုဖီးတွင် ဂျုံမြက်နုထက် (၄)ဆ၊ ဗီတာမင် B ဓာတ်တွင် ဝက်သားထက်(၄)ဆ၊ ဗီတာမင် B2 ဓာတ်တွင်ဆားဒင်းငါးထက် အဆ(၅၀)၊ ဗီတာမင် B3 ဓာတ်တွင် မြေပဲထက် အဆ(၅၀)၊ ဗီတာမင် E ဓာတ်တွင် မက်မွန်သီးထက် (၃)ဆ၊ ပိုမိုပါဝင်တယ်လို့ လေ့လာသိရှိရပါတယ်။

ဆေးဖက်ဝင်သတ္တိအနေဖြင့်လည်း အဏုဇီဝပိုးမွှားများ၏ရန်ကို တွန်းလှန်နိုင်သောသတ္တိ၊ ကင်ဆာဖြစ်စေသည့် ဓာတ်တိုးမှုကို ဆန့်ကျင်သော ပိုလီပနောဓာတ်၊ ကိုယ်တွင်းခုခံအားစနစ်ကို မြှင့်တင်ပေးသည့်ဓာတ် ကိုလက်စထရောများကို လျှော့ချပေးသည့်ဓာတ်၊ ကိုယ်တွင်းအဆိပ်အတောက်စွန့်ထုတ်ပေးသည့်သတ္တိ၊ အသည်းနှင့်ကျောက်ကပ်၊ နှလုံး၊ အစာအိမ်တို့၏လုပ်ဆောင်ချက်များကို ကောင်းမွန်အောင်ထိန်းပေးသည့်သတ္တိများရှိတယ်လို့ သိရှိရပါတယ်။ ကလေး၊ လူကြီး၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်များအတွက် စရိတ်သက်သာပြီး ထိရောက်သည့်အာဟာရဖြည့်စွက်စာအဖြစ်သုံးစွဲနိုင်ပါတယ်။

ရုပ်ပျိုကိုယ်နု စိတ်ကြည်လင်အားအင် တိုးပွားစေပါတယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းပေးသဖြင့် ဆီးချိုရောဂါအတွက် ကောင်းမွန်ပါတယ်။ အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲမှု သက်သာစေပါတယ်။ နှလုံးသွေးလည်ပတ်မှုကောင်းမွန်စေပါတယ်။

ဆံပင်၊ အရေပြား၊ ကျန်းမာမှုထိန်းသိမ်းပေးပါတယ်။ ကင်ဆာအဖုအကြိတ်ကို ထိန်းသိမ်းကာကွယ်ပေး နိုင်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။

### 'efYvGefpdkufysdK;jcif;enf;ynmrsm;

ဒန့်သလွန်စိုက်ပျိုးရန်အတွက် မြေပြုပြင်ရာတွင် ရိုးရိုးထွန်ပြီး မှုန်း/ကျင်းတူးရန် လိုအပ်ပြီး ပျိုးထောင် စိုက်ပျိုးနည်းအနေဖြင့် မြေဆွေးနှင့်ပျိုးစေ့တစ်စေ့ထည့်ပြီး အချိန်အားဖြင့် တစ်လမှသုံးလအထိ စောင့်ဆိုင်းရမှာဖြစ်ပါတယ်။ အပင်စိုက်ပျိုးရန် ကျင်းတူးပြီး မြေဆွေးများထည့်၍ ရေနှင့်နှပ်ရန်လိုအပ်ပါတယ်။ ကျင်းကို ၁၀ ပေပတ်လည်ကျင်းတူးပြီး (၁/၂)ပင် စိုက်ပျိုးနိုင်ပါတယ်။ အပင်စိုက်ပြီး သုံးလခန့်ကြာသောအခါ ပိုးမွှားအန္တရာယ်အတွက် တမာပိုးသတ်ဆေးကို သုံးစွဲနိုင်ပါတယ်။ အပင်အားဆေးအတွက် ငါးအမိုင်နိုဆေး၊ အားဆေးဖျန်းပေးနိုင်ပါတယ်။ အပင် ငါးလသားတွင် ပန်းပွင့်ပြီး (၇)လတွင် အသီးအပွင့်မြင်ရတယ်လို့ သိရှိရပါတယ်။ အရွက်၊ အသီးတောင့်များကို ဆွတ်ခူးရာတွင် ကတ်ကြေးဖြင့် စနစ်တကျ ဆွတ်ခူးရပါတယ်။ သိုလှောင်ထိန်းသိမ်းရာတွင် အစေ့ကို (၃/၄)ရက် နေလှန်းပြီး သိမ်းဆည်းရပါတယ်။ အရွက်ကို နေလှန်းပြီး ပေါင်းမိုးဖြင့် (၂)နေခန့် အခြောက်လှန်း၍ အမှုန့်ကြိတ်ရပါတယ်။ သဘာဝမြေသြဇာအဖြစ်သုံးစွဲရာတွင် တမာပိုးသတ်ဆေး၊ ငရုတ်သီး၊ ကြက်သွန်ဖြူ ချင်းများကို အခြောက်လှန်းအမှုန့်ကြိတ်၍ သုံးနိုင်ပါတယ်။ ဒန့်သလွန်ပင်သုံးပြီး ကုန်ချောပြုလုပ်ရာတွင် အစေ့အား ဆီကြိတ်၍ စားသုံးဆီအဖြစ်လည်းကောင်း၊ အရွက်အား နေလှန်းအမှုန့်ကြိတ်၍ အလှကုန်၊ ဆေးဝါးများအဖြစ်လည်းကောင်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

ဈေးကွက်အနေဖြင့် ဒန့်သလွန်အစေ့တစ်စေ့ကို ကျပ် ၁၀၀၊ အဆီ (၅)မီလီကို ကျပ် ၂၅၀၀၊ ဆပ်ပြာခဲတစ် ခဲကို ကျပ် ၁၅၀၀ ဈေးဖြင့် ရောင်းချနေကြောင်း သိရှိရပါတယ်။

ပြည်ပဈေးကွက်အနေဖြင့် တရုတ်နိုင်ငံသို့ အစေ့တင်ပို့ရောင်းချရာ တစ်ပိဿာကို ကျပ် ၅၀၀၀၀ ဈေးရရှိပြီး ဂျပန်သို့တင်ပို့ရာ အရွက်မှုန့် တစ်ကီလိုကို ကျပ် ၄၀၀၀၀ မှ ၅၀၀၀၀ ဈေးရရှိကြောင်း လေ့လာသိရှိရပါတယ်။

ဈေးကွက်စီးပွားရေးအရ အလားအလာကောင်းသော ဒန့်သလွန်ပင်ကို အိမ်တိုင်းလိုလိုတွင် စိုက်ပျိုးထားရှိရန် လိုအပ်သလို ကျန်းမာရေးအတွက်လည်း ကောင်းကျိုးများစွာရရှိသည့်အတွက် ဒန့်သလွန်ပင်ကို စိုက်ပျိုးကြပါလို့ ရေးသားတင်ပြလိုက်ပါတယ်။

## မြန်မာ့ဆိပ်ကမ်းတွင် ၃၁.၁.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | - ISEACO | TEU ၇၃၅ တင် ၆၂၄ ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - MCC SHANGHAI | TEU ၃၇၄ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - VIL BALTIC | Steel ၂၃၀၈၁ ချဆဲ |
| MMTM JETTY | - MT OCEAN MANTA | Diesel Oil 11692 ချဆဲ |
| ELITE JETTY | - MT SANNA -9 | LPG Gas 1001 ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ELENA K | TNT Bar STEEL ၁၂၀၀၀ ကုန်ချရန် | CHINA | ၁.၂.၂၀၁၉ |
| THAI BINH -688 | Urea (In Bulk)၆၀၀၀ ကုန်ချရန် | MALAYSIA | ၁.၂.၂၀၁၉ |
| MS AEGEAN ODYSSEY | Nos Cruise Vessel Pax ၂၇၅ ကုန်တင်ရန် | THAI | ၂.၂.၂၀၁၉ |
| LE HE | Unit Container 321 G/C ,13ကုန်ချရန် | CHINA | ၃.၂.၂၀၁၉ |
| MS SILVER DISCOVERER | Nos Cruise Vessel Pax ၆၃ ကုန်တင်ရန် | THAI | ၃.၂.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၁.၁.၂၀၁၉ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၂.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၂.၂၀၁၉ |
| YANTRA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂.၂.၂၀၁၉ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၂.၂၀၁၉ |
| CAPE FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၂.၂၀၁၉ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၃.၂.၂၀၁၉ |
| OLYMPIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၄.၂.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၂.၂၀၁၉ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၂.၂၀၁၉ |
| KOTA RATU | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၂.၂၀၁၉ |
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၂.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | သီလဝါ/အလုံ ဆိပ်ကမ်း | ၉.၂.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၂.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၂.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU DONG | Diesel | GREEN ASIA JETTY | ၃၀.၁.၂၀၁၉ |
| MT.OCEAN DOLPHIN | Diesel | MMTM JETTY | ၃၁.၁.၂၀၁၉ |
| MT.TASCO-1 | BITUMEN | MALAYSIA | ၁.၂.၂၀၁၉ |
| MT.ATALANTA | Diesel | SINGAPORE | ၁.၂.၂၀၁၉ |
| MT.BABYLON | Diesel | SINGAPORE | ၁.၂.၂၀၁၉ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၁.၂.၂၀၁၉ |
| MT.SK LINE-1 | P'Oil(In Bulk) | INDONESIA | ၁.၂.၂၀၁၉ |
| MT.VIETTIN LUCKY | P'Oil(In Bulk) | INDONESIA | ၁.၂.၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၁.၂.၂၀၁၉ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂.၂.၂၀၁၉ |
| MT.SENNA-3 | LPG GAS | SINGAPORE | ၂.၂.၂၀၁၉ |
| MT.AUVIRGO | P'Oil(In Bulk) | INDONESIA | ၂.၂.၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၄.၂.၂၀၁၉ |
| MT.OCEAN GOBY | Diesel | SINGAPORE | ၄.၂.၂၀၁၉ |
| MT.FLY MARLIN | MOGAS 92Ron | SINGAPORE | ၄.၂.၂၀၁၉ |
| MT.FANG CHENG GANG | BITUMEN | SINGAPORE | ၅.၂.၂၀၁၉ |
| MT.VIET STAR | P'Oil(In Bulk) | INDONESIA | ၆.၂.၂၀၁၉ |
| MT.YU HAI | Diesel +MOGAS(92)RON | SINGAPORE | ၆.၂.၂၀၁၉ |
| MT.GREAT DIAMOND | Diesel | SINGAPORE | ၈.၂.၂၀၁၉ |
| MT.GLORY STAR | MOGAS 92Ron | SINGAPORE | ၉.၂.၂၀၁၉ |

## ကြက်သွန်

## ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီဈေးကျသော်လည်း အရောင်းအဝယ်လိုင်လိုင်ဖြစ်နေ

ပခုက္ကူခရိုင် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာဒေသဖြစ်သော ပေါက်၊ ဆိပ်ဖြူ ၊ရေပြာ၊ ကမ္မ၊ ပခုက္ကူကျွန်းနှင့် မန္တလေးတိုင်းဒေသကြီးဖြစ်သော မြင်းခြံနယ်နှင့်ညောင်ဦးနယ်များမှ ကြက်သွန်နီများလည်း ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပခုက္ကူကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ နေ့စဉ် ကုန်ချိန် ၉၀၀၀၀ မှ ၁၅၀၀၀၀ ကြားတွင် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်၏ ကြက်သွန်နီ လက်ကားဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် တစ်ပိဿာလျှင် ကျပ် ၅၀-၁၀၀ ခန့်ကျနေပြီး ယခုတစ်ပတ်၏ ကြက်သွန်နီ လက်ကားဈေးမှာထိပ်စ တစ်ပိဿာလျှင် ကျပ် ၄၇၅-၄၆၅၊ အလတ်စတစ်ပိဿာလျှင်ကျပ် ၃၀၀၊ အနိမ့် စတစ်ပိဿာလျှင် ကျပ် ၁၀၀-၁၅၀-၂၀၀ ဈေးနှုန်းဖြင့် ကုန်ချိန် ၉၀၀၀၀ မှ ၁၅၆၀၀၀ ထိ ဥပုသ်နေ့မှလွဲ၍ နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်နေပါသည်။ ယခုတစ်ပတ် ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၃၈၅-၄၀၀ ၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၂၈၅-၃၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၂၀၀ ဈေးဖြင့် ကုန်ချိန် ၇၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသတင်းရရှိပါသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ကြက်သွန်နီဈေးကွက် ဈေးချိုပေမယ့် အရောင်းအဝယ်အေး



ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်းသို့ ကြက်သွန်နီ အဓိကစိုက်ပျိုးထွက်ရှိရာနယ်စုံမှ ကြက်သွန်နီများ အနိမ့်ဈေးဖြင့် ဈေးနှုန်းချိုသာစွာဝင် ရောက်မှုရှိနေပြီး တစ်ရက်ကို ပိဿာ ၃၀ ဝင်အိတ် ၃၅၀-၄၀၀ ခန့်နေ့စဉ် ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။

ဝင်ရောက်လာသော ကြက်သွန်နီများမှာ အရည်အသွေးလည်းကောင်းပြီး ဈေးနှုန်းလည်းချိုသာနေပေမယ့် အရောင်းအဝယ်မှာ ဝင်ရောက်မှုရဲ့ ထက်ဝက်ခန့်သာရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပွဲရုံများတွင် ပုံမှန်ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများသာ အရောင်းအဝယ်ပုံမှန်ပြုလုပ်လျက်ရှိပြီး ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့မှ အချို့သောကြက်သွန်နီရောင်းဝယ်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အတွက် ကြက်သွန်နီ အဓိကစိုက်ပျိုးရာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့သို့ တိုက်ရိုက်မှာယူကာ ရောင်းဝယ်မှုများရှိလာပြီး ပြည်ဈေးကွက်မှတစ်ဆင့် မှာယူရောင်းဝယ်မှု အချို့မပြုတော့သဖြင့် နယ်ကျော်တင်ပို့မှုအားနည်းသွားသည့်အတွက် အရောင်းအဝယ်မှာ အေးသွားတာဖြစ် ကြောင်း သိရပါတယ်။

ဈေးနှုန်းများအနေနဲ့ ယခုတစ်ပတ်ပွဲရုံလက်ကား ဈေးတစ်ပိဿာလျှင် (ကြီး) ကျပ် ၇၀၀-၈၀၀၊ (လတ်) ကျပ် ၆၀၀-၆၅၀-၇၀၀၊ (သေး) ကျပ် ၅၅၀-၆၀၀ တို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၁၀၀၀-၁၁၀၀-၁၂၀၀၊ (လတ်) ကျပ် ၈၀၀-၉၀၀-၁၀၀၀၊ (သေး) ကျပ် ၆၀၀-၇၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကာ စားသုံးသူအကြိုက် ဈေးနှုန်းချိုသာ၍ အရည်အသွေး ကောင်းပြီး အရောင်းအဝယ်ဖြစ်လျက်ရှိနေတာ တွေ့ရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ပြောင်း

## နံ့စားပြောင်းအသစ်လှိုင်လှိုင်ပေါ်နေပြီး ဈေးဦးဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့နယ်နှင့်ချောက်မြို့နယ်တွင် နံ့စားပြောင်းများ အသစ်လှိုင်လှိုင်ပေါ်နေကာ နံ့စားပြောင်းနှင့်ပြောင်းရိုးမှာ ဈေးကောင်းရနေကြောင်း ဒေသခံတောင်သူများထံမှသိရသည်။ရေနံချောင်းမြို့နယ်တွင် နံ့စားပြောင်းကို ယာမြေများ၌မိုးသီးနှံများ ရိတ်သိမ်းအပြီး တော်သလင်းလ၊ သီတင်းကျွတ်လများ၌ စိုက်ကြကာ ပြာသိုလမကုန်မီတွင်နံ့စားပြောင်းများ ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

"နံ့စားပြောင်းဆန်ကတော့ တစ်တင်းကျပ် ၁၂၀၀၀ ကနေ ကျပ် ၁၈၀၀၀ ဆိုပြီး ဈေးနှစ်မျိုးခွဲဝယ်တယ်။ နယ်ဝယ်လိုအားနည်းပေမယ့် ပွဲစားတွေကလုပ်ငန်းသုံး အဖြစ်ဝယ်ကြတာပါ။ ယခင်နှစ်ကာလတူကတော့ နံ့စားပြောင်းတစ်တင်းကျပ် ၁၃၀၀၀ ရှိတယ်။ နောက်တစ်ခုမှာ နံ့စားပြောင်းအရိုးကိုနွားစာအဖြစ်ရောင်းရတယ်။ နွားမွေးမြူရေးလုပ်ငန်းကသုံးတာပါ"ဟုချောက်မြို့နယ်ကတောင်သူ ဦးပြားကြီးက ပြောသည်။

ယာမြေစိုက်နံ့စားပြောင်းများရိတ်သိမ်းနေကြပြီဖြစ်ရာ လက်ရှိဈေးနှုန်းအရ ယခင်နှစ်ကာလတူထက် ဈေးပိုရကြောင်း နွားစာအဖြစ် ပြောင်းရိုးလူကြီးလက် တစ်စုပ်စာတစ်စည်းပါ အစည်း ၁၀၀လျှင် ကျပ် ၅၀၀၀ ဈေးရှိပြီး ဝင်ငွေရကြောင်း သိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၉၅၄ သန်းတန်ဖိုးရှိ ပြောင်း ၄၉၉၅၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၃၆၃၀၉ တန်၊ လွယ်ဂျယ်မှ တန် ၁၈၂၀ ခွဲနဲ့ ချင်းရွှေဟော်မှ ၁၁၈၂၅တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါ စခန်းသုံးခုမှ ၄၄၀၈၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၅၈၇၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကား ၁၀၉၃ စီး ဝင်ရောက်ခဲ့ကြောင်း၊ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အတွင်း မူဆယ်ကုန်စည်ဒိုင်ရဲ့ ပြောင်းတစ်တန်ဈေးမှာ ၃၀၃၂၉၇ ကျပ်ရှိကြောင်း သိရပါတယ်။

အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၀၉၀၂၁ တန်ဖိုးရှိ ပြောင်းဖူးစေ့ ၅၁၉ တန်ကျော်ကိုလည်းကောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၀၁၂ တန်ဖိုးရှိပြောင်းဖူးစေ့ တန် ၁၀၀ ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

## နနွင်း

## ဒီတစ်ပတ် နနွင်းတန်ချိန် ၁၀၀ကျော်တင်ပို့

ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း နနွင်း ၁၀၈ ဒသမ ၀၄၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၁၀၈ ဒသမ ၅တန်၊ ရီမန်နိုင်ငံသို့ ၆၁ ဒသမ ၅၄၅ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၁၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နနွင်းခြောက်၊ နနွင်း(ရိုးရိုး)နဲ့ နနွင်း(ရှမ်းစ)တို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းခြောက်က တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၉၁၀၊ နနွင်း(ရိုးရိုး)က တစ်တန်ကို ၅၀၀-၅၁၀၊ နနွင်း(ရှမ်းစ)ကတစ်တန်ကို အမေရိကန်ဒေါ်လာ ၅၈၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၈၀၆၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## ချင်း

## ချင်းတန်ချိန် ၁၂၀၀ကျော်တင်ပို့

ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်းချင်း ၁၂၀၄ ဒသမ ၆၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၂၆ ဒသမ ၆၅ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၁၇၈ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ချင်းခြောက်နဲ့ ချင်း(ရိုးရိုး)တို့တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းခြောက်ကတစ်တန်ကို အမေရိကန်ဒေါ်လာ၉၀၀-၉၂၀၊ နနွင်း(ရိုးရိုး)တစ်တန်ကိုအမေရိကန်ဒေါ်လာ ၁၈၀-၂၀၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၄၉၃၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

## ဒီတစ်ပတ် မန်ကျည်း တန်ချိန် ၃၀၀ကျော်တင်ပို့

ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၃၂၁ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၇၁ ဒသမ ၅ တန်၊ ရီမန်နိုင်ငံသို့ ၂၅တန်နဲ့ ပါကစ္စတန်နိုင်ငံသို့ ၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း ၅ တန်သာတင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၃၁၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၈၄၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



## နှမ်း

## ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၁၄ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၅၂၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၁၇၉၈ တန်ကျော်၊ နှမ်းဖြူ ၅၂၉ တန်ခွဲ၊ နှမ်းညို(အခွံချွတ်) တန် ၂၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းတန်ချိန် ၂၁၁၀ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၄၁၇ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာသုညဒသမ ၁၂၈ သန်းတန်ဖိုးရှိ နှမ်းနက် ၃၂ တန်ခွဲနဲ့နှမ်းဖြူ ၄၅ တန်ကျော် စုစုပေါင်း ၇၈ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၆ တန်နဲ့နှိုင်းယှဉ်ပါက ၆၈ တန်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူတစ်တန်လျှင် ၂၀၆၁၅၃၈ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၁၇၁၄၂၉ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၅ သန်းတန်ဖိုးရှိနှမ်းနက် ၅၈ တန်နဲ့ နှမ်းဖြူ ၄၇ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

Vol: 19, No.5 Monday February 4 2019

# ပြေးလမ်းပေါ်က မြန်မာ့ဆန်စပါး ၂၀၁၉

**[ Eagle ]**



ဆန်စပါးကဏ္ဍသည် မြန်မာ့လူနေမှုအဖွဲ့အစည်း၏ ပင်မအစားအစာသာမက စိုက်ပျိုးထုတ်လုပ်ကြိတ်ခွဲသယ်ယူရောင်းချတင်ပို့မှု ကဏ္ဍသည် လူအများမှီခိုရာ ပင်မစီးပွားရေးတစ်ရပ်အဖြစ် နှစ်ပေါင်း ထောင်ချီတည်ရှိခဲ့ပြီး ရာစုနှစ်ပေါင်းများစွာလည်း ဆက်လက်အရေးပါနေပါမည်။

၂၀၁၈ခုနှစ်စာရင်းများအရ ဆန်စပါးကဏ္ဍ၏ပြည်တွင်းထုတ်လုပ်မှု ပမာဏသည် ကျပ်ဘီလီယံ ၉၀၀၀ ကျော်ရှိပြီး ပြည်ပတင်ပို့မှု ၂၀၁၈ ခုနှစ် ပြက္ခဒိန်နှစ်တွင် တန်ချိန် ၂ ဒသမ ၈သန်းကျော်၊ ၂၀၁၇ ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၃၀ ရက် ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၅၈သန်းနှင့် ပြည်ပပို့ကုန်ဝင်ငွေ ၁ ဒသမ ၁ ဘီလီယံကျော် ရရှိခဲ့ပါသည်။

- စိုက်ပျိုးမှုအနေနှင့် မိုးစပါးဧက ၁၅ သန်းခန့်နှင့် နွေစပါး ဧက ၂ သန်းကျော်
- စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်းပြုနေသော တောင်သူ ၄ သန်းကျော်
- ပြည်တွင်းမှတ်ပုံတင်ဆန်စက်ပေါင်း ၁၂၀၀၀ ခန့်နှင့် မှတ်ပုံတင်ဆဲ ဆန်စက်သေး ၂၅၀၀၀ ခန့်
- ပြည်တွင်းအလုပ်အကိုင် လူဦးရေ ၁၈ သန်းတို့၏ အလုပ်အကိုင်အခွင့်အရေးနှင့် ပြည်တွင်းလူဦးရေ၅၃ သန်းတို့၏ ပင်မအစားအစာအဖြစ် ဆန်စပါးကဏ္ဍ၏အရေးပါမှုကို မှန်းဆနိုင်ပါသည်။

## ၂၀၁၈ ဆန်စပါးဈေးကွက်ကို ပြန်လည်သုံးသပ်ခြင်း

၁၉ ရာစုနှောင်းပိုင်း ကိုလိုနီခေတ်မှစတင်ခဲ့သော ပြည်တွင်းစားသုံးမှု ပိုလျှံ၍ပြည်ပတင်ပို့မှုသည် ဆန်စပါးဈေးကွက်ကို အခြေခံသော စိုက်ပျိုးထုတ်လုပ်မှုအဓိက မောင်းနှင်အား ဖြစ်လာပါသည်။ အမြင့်ဆုံး ပြည်ပတင်ပို့မှုအနေဖြင့် ၁၉၃၄ ခုနှစ်တွင် တန်ချိန် ၃ ဒသမ ၅၉၉ သန်းဖြင့် ယင်းကာလ ကမ္ဘာ့ဆန်ကုန်သွယ်ရောင်းချမှု၏ ၆၀ ရာခိုင်နှုန်းခန့်ကို မြန်မာနိုင်ငံမှတင်ပို့နိုင်ခဲ့ပြီး၁၉၆၄ နောက်ပိုင်းမှားယွင်းသော နိုင်ငံရေးစနစ်တို့၏အောက်တွင် ကျဆင်းလာပြီး ၁၉၈၄ ခုနှစ် တန်ချိန် ၇၀၀၀၀ ပမာဏထိ တင်ပို့မှုကျဆင်းခဲ့ပြီး ၁၉၉၃ ဆန်စပါးမူဝါဒ၊ ၂၀၀၃ခုနှစ် ဆန်စပါး မူဝါဒနှင့် ၂၀၁၀ နောက်ပိုင်းဈေးကွက်မှဖော်ဆောင်သောထုတ်လုပ်မှုကို ဖော်ဆောင်နိုင်ခဲ့ပြီး တင်ပို့မှုမှာလည်း ၂၀၁၇ ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၃၀ ရက် ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၅၈ သန်းနှင့် ပြည်ပပို့ကုန်ဝင်ငွေ ၁ ဒသမ ၁ ဘီလီယံကျော် ရရှိခဲ့ပါသည်။

၂၀၁၇ - ၂၀၁၈ ဈေးကွက်တိုးတက်ရောင်းချနိုင်ခြင်း အနေအထားကို ပြန်လည်ဆန်းစစ်ကြည့်လျှင်

(၁) ၂၀၁၇ ခုနှစ်မှ စတင်ခဲ့သော ကျပ်ငွေလဲနှုန်းကျဆင်းမှု

(၂) တရုတ်နယ်စပ် ဈေးကွက်လိုအပ်ချက်မြင့်တက်မှု

(၃) ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မက်ဒါဂါစကာ စသည့်နိုင်ငံများသည် ရာသီဥတုဖောက်ပြန်မှုကြောင့် ဝယ်လိုအား မြင့်တက်ခြင်း

(၄)ဆန်စပါး တင်ပို့သည့် အမေရိကန်၊ ဘရာဇီး စသည့် တောင်နှင့်မြောက် အမေရိကနိုင်ငံများတွင် မိုးရေချိန်နည်းပါး၍ ထုတ်လုပ်မှုများကျဆင်းခြင်းတို့ကြောင့် ဆန်စပါးဝယ်လိုအားမြင့်တက်ပြီး ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ ၂၀၁၈ မတ်လတွင် ကျင်းပသော မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် နှစ်ပတ်လည်အခမ်းအနားတွင် နိုင်ငံခေါင်းဆောင်တက်ရောက်ပြီး အခြေခံအာမခံဈေးနှုန်းအဖြစ် (Minimum Support Price/ MSP) တစ်တင်းလျှင် ကျပ် ၅၀၀၀ နှုန်း၊ ဆန်စပါးတင်း ၁၀၀ လျှင် ကျပ် ငါးသိန်းနှုန်း ကြော်ငြာသတ်မှတ်ပေးမှုသည် ပြောင်းလဲလာသော ဈေးကွက်တည်ငြိမ်မှုကိုဖော်ဆောင်မှုသည် ထုတ်လုပ်သူ တောင်သူတို့ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအာမခံမှုပေးသော အစီအစဉ်တစ်ခုကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (PPP) ဖြစ်ပါသည်။

## ၂၀၁၉ မြန်မာ့ဆန်စပါးဈေးကွက်

၂၀၁၈ ခုနှစ် USDA ၏ထုတ်ပြန်ချက်များအရ ကမ္ဘာ့ဆန်လက်ကျန်ပမာဏသည် ၂၀၀၁ နောက်ပိုင်း စံချိန်တင်ပမာဏဖြစ်ပြီး တန်ချိန် ၁၆၃ ဒသမ ၃ သန်း (ကမ္ဘာ့တစ်နှစ်စားသုံးမှု၏ ၃၃ဒသမ ၃ ရာခိုင်နှုန်း) ရှိနေပြီး မြန်မာ့ဈေးကွက်မှအများဆုံးတင်ပို့နေသည့် တရုတ်နိုင်ငံဈေးကွက်သည် ၂၀၁၈ ခုနှစ်တွင် ပြည်ပမှတင်သွင်းမှု တန်ချိန် ၅ ဒသမ ၅ သန်းနှင့် ပြည်ပတင်ပို့ရောင်းချမှု တန်ချိန် ၁ ဒသမ ၆ သန်း တရုတ်ပြည်တွင် ဆန်လက်ကျန်ပမာဏ ၁၁၂ ဒသမ ၇သန်း (ကမ္ဘာ့ဆန်လက်ကျန်ပမာဏ ၆၃ ဒသမ ၃ရာခိုင်နှုန်း) ရှိနေပြီး ၂၀၁၉ ခုနှစ် ခန့်မှန်းချက်များအရ ပြည်ပမှတင်သွင်းမှု တန်ချိန် ၄ ဒသမ ၄ သန်းနှင့် ပြည်ပတင်ပို့ရောင်းချမှု တန်ချိန် ၂ ဒသမ ၁ သန်း ရှိလာမည်ဟုခန့်မှန်းထားပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည် တန်ချိန် ၄၉၅ ဒသမ ၁ သန်းအထိ စံချိန်တင်ခဲ့ပါသည်။

မြန်မာနိုင်ငံမှအလားအလာရှိပြီး တင်ပို့နိုင်မည့် ဈေးကွက်များကို လေ့လာကြည့်ရာတွင်

### (၁) တရုတ်

၂၀၁၈ ဩဂုတ်က စတင်ခဲ့သော တရုတ်နှင့်အမေရိကန်ကုန်သွယ်မှုစစ်ပွဲသည် မြန်မာ့ဆန်ကို အဓိက ဝယ်ယူနေသော တရုတ်နိုင်ငံအတွက် ကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်နေပြီး အရန်ဆန်ပမာဏ အမြောက်အမြားသိုလှောင်မှုမူဝါဒကို ပြန်လည်သုံးသပ်နေပြီး တရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော် တရားမဝင်ကုန်သွယ်မှုများကို ထိန်းချုပ်မှု၊ ပြည်ပထွက်ငွေလျှော့ချမှု မူဝါဒအောက်တွင် မြန်မာ့ ဆန်ဈေးကွက် မြန်မာနိုင်ငံဘက်မှတရားဝင်တင်ပို့ပြီး တရုတ်နိုင်ငံဘက်ခြမ်းနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော် တင်ပို့ရောင်းချမှုများ အခက်အခဲများဖြစ်ပေါ်နေပြီး တရားဝင်တင်ပို့နိုင်ရေးအတွက် လမ်းကြောင်းရှာ ဆောင်ရွက်ရန် လိုအပ်နေပါသည်။ တရုတ်နိုင်ငံနှင့် G to G ညှိနှိုင်းမှုများအရ ၂၀၁၄-၂၀၁၅ တွင် တန်ချိန် ၁ သိန်း တင်ပို့ခွင့်ရရှိခဲ့ပြီး ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို အမြန်ဆုံးပြန်လည်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ (ဥပမာအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံနှင့် G to G ညှိနှိုင်းမှုများ အရ ၂၀၁၆-၂၀၁၇ တွင် တန်ချိန် ၁ သိန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တန်ချိန် ၂ သိန်း၊ ၂၀၁၈-၂၀၁၉ နှစ်အတွက် တန်ချိန် ၃ သိန်း၊ တင်ပို့ခွင့်ရရှိခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကဆန်တင်ပို့သည့် EU/ ဥရောပနိုင်ငံများမှ ပို့ကုန် အထူးအခွင့်အရေး (GSP ရုပ်သိမ်းမှုအပေါ်တွင် ဈေးကွက်ကြိုတင်ပြင်ဆင်မှု)

တရုတ်နိုင်ငံ၏ ၂၀၁၉ တွင် ချမှတ်ထားသော Asian+3 မူဝါဒအရ Asian နိုင်ငံများမှ တင်သွင်းသည့် ဆန်နှင့်ဆန်ကွဲများကို အခြားဒေသမှတင်သွင်းသည်ထက် အခွန်လျှော့ပေါ့ပေးမှုအစီအစဉ်များ ဆန်အပေါ်တွင် သွင်းကုန်အခွန် (၄၀ မှ ၅၀) ရာခိုင်နှုန်းနှင့် (၁၀၀)ရာခိုင်နှုန်းဆန်ကွဲပေါ်တွင် ၅ ရာခိုင်နှုန်း အခွန်လျှော့ပေါ့ပေးထားမှုသည် မြန်မာဆန်ထွက်ပစ္စည်းဖြစ်သော ဆန်ကွဲဈေးကွက်အတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်ပြီး သက်ဆိုင်သည့်အစိုးရဝန်ကြီးဌာနများမှ တရုတ်နိုင်ငံ General Administration Of Customs People's Republic Of China တို့ အမြန်ဆုံး Register(မှတ်ပုံတင်ခြင်း)ဆောင်ရွက်ပေးရန်နှင့် State Marketing ကို နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များတွင် G to G ညှိနှိုင်းမှုများအရ အခွန်ကင်းလွတ်ခွင့်ရရှိသော Quota ရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် တရုတ်နယ်စပ်တွင် တရုတ်နိုင်ငံ၏ ပိုးမွှား အရည်အသွေး သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး Reprocessing Zone တစ်ခု ထူထောင်ရပါမည်။

### (၂) EUROPE (ဥရောပ)ဈေးကွက်

၂၀၁၃ ခုနှစ်မှ စတင်ရရှိခဲ့သော GSP မြန်မာနိုင်ငံမှတင်ပို့သည့် ဆန်ဖြူ ပေါင်းဆန်နှင့် ဆန်ကွဲတင်ပို့မှုတွင် အခွန်ကင်းလွတ်ခွင့်ရရှိခဲ့ပြီး အရည်အသွေးကို ဦးတည်သော ဈေးကွက်တစ်ခုအဖြစ် ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍအတွက် ပွင့်လင်းလာသော အချိန်တိုအတွင်း တိုးတက်မှုများရရှိခဲ့ပါသည်။ ၂၀၁၈ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် EU/ ကော်မရှင်ကြော်ငြာချက်အရ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်သွင်းသော ဆန်လုံးအရှည်၊ ပေါင်းဆန်၊ တစ်စိတ်တစ်ပိုင်း ကြိတ်ထားသော ဆန်၊(ဆန်အလျား/ အနံ)(၃)ဆထက်ပိုသော CN. Code 10063027, 10063048,10063067, 10063 098 တို့အပေါ်တွင် သွင်းကုန်အခွန် တစ်တန်ပေါ်တွင် ၂၀၁၉ ခုနှစ်တွင် ၁၇၅ ယူရို၊ ၂၀၂၀တွင် ၁၅၀ ယူရိုနှင့် ၂၀၂၁ တွင် ၁၂၅ ယူရို ပြန်လည်ကောက်ခံမည်ဖြစ်ပြီး မြန်မာဆန်လုံးရှည် တင်ပို့မှုတွင် ဈေးကွက်တစ်ခု ဆုံးရှုံးခဲ့ရပါသည်။

#### အဆိုးထဲမှ အကောင်း

ဥရောပကော်မရှင်မှ ချမှတ်ထားသော အထက်ဖော်ပြပါ CN. Code အမျိုးမျိုးမှလွဲ၍ ကျန်ရှိသည့် Mediun Grain ငစိန်အုပ်စု၊ Round Grain ပေါ်ဆန်းအုပ်စု၊ ဆန်အလျားနှင့်အနံ အချိုး၊ (၃) ဆအောက်တွင်ရှိသော Long Grain အုပ်စု၊ (၁၀၀)ရာခိုင်နှုန်း ဆန်ကွဲများသည် GSP အခွန်သက်သာခွင့် အခွင့်အရေး ဆက်လက်ရရှိမည်ဖြစ်ပြီး ဆန်မျိုးရင်းများစွာရှိသော မြန်မာနိုင်ငံအတွက် အခွင့်အရေးကောင်းတစ်ခု ဖြစ်လာပါမည်။(ကမ္ဘောဒီးယားနိုင်ငံထွက် ဆန်စပါးအုပ်စုများသည် ဆန်အလျားနှင့် အနံအချိုး (၃)ဆ အထက် ဆန်အများစုဖြစ်နေသဖြင့် ဈေးကွက် ဖော်ထုတ်နိုင်ပါက လစ်လပ်သွားမည့် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်များကို ဝယ်ယူသည့် ဈေးကွက်ကိုပါ တိုးချဲ့တင်ပို့နိုင်မှု အခွင့်အရေးတစ်ခုဖြစ်လာနိုင်ပါသည်။)

### (၃)အာဆီယံ/ Asian ဈေးကွက်

Asian နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံများသည် ဆန်တင်ပို့ သည့်နိုင်ငံများ ဖြစ်သကဲ့သို့ နှစ်စဉ်ဆန်တန်ချိန် သန်းချီ၍တင်သွင်းနေသည့် ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့်အရည်အသွေးမြင့်ဆန်များကို ဝယ်ယူနေသည့် စင်္ကာပူ၊ ဘရူနိုင်းနိုင်ငံတို့၏ ဈေးကွက်သည် Asian Free Trade Area မူဝါဒအရ ယှဉ်ပြိုင်မှုပြင်းထန်ပြီး မြန်မာ့ဆန်ဈေးကွက်အတွက် အလားအလာကောင်းများရှိနေပါ သည်။ အဆိုပါ နိုင်ငံများ၏ ဆန်တင်သွင်းဝယ်ယူမှုကို အစိုးရမှ ဦးဆောင်ဖွဲ့စည်းထားသော NFA, Bernas ,Bulog တို့၏ G to G ရောင်းဝယ်မှုG to P ရောင်းဝယ်မှု ပုဂ္ဂလိက ကဏ္ဍ၏ P to P ရောင်းဝယ်မှုတို့ဖြင့် ဆောင်ရွက်နေပါသည်။( G/ Goverment,P/ Pravate)

G to G ရောင်းဝယ်မှုတွင် အစိုးရအကြီးအကဲများ၏ နိုင်ငံတော်ခရီးစဉ်များတွင် ဈေးကွက်ရှာဖွေဖော်ဆောင်ရမည်ဖြစ်ပြီး G to P ရောင်းဝယ်မှုအတွက် အစိုးရဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များ၏ Commitment ထောက်ခံအားပေးမှု လိုအပ်ပါသည်။ P to P ရောင်းဝယ်မှုအတွက် ပုဂ္ဂလိကဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပြောင်းလဲလာမည့် ဆန်တင်သွင်းမှု မူဝါဒအရ ပုဂ္ဂလိက ကဏ္ဍမှ ပိုမိုအားပြုဆောင်ရွက်မည့် အစီအမံများပြုရမည်များတွေ့ရပြီး အာဆီယံနိုင်ငံများမှ တင်သွင်းမှုအပေါ် သွင်းကုန်အခွန် ၃၅ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများမှ တင်သွင်းလျှင် အခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်၍ အာဆီယံနိုင်ငံ ဆန်တင်ပို့သူများ ဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ မြန်မာတို့အတွက် ပြိုင်ဆိုင်မှု ပြင်းထန်သော ဈေးကွက်တစ်ခု ဖြစ်လာပါမည်။

**စာမျက်နှာ-၂၇သို့**

## ဓာတ်ဆီ၊ဒီဇယ်တန်ချိန် ၁၃၀၀၀၀ ကျော်ဝင်

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၈၀၈၃၇၈၀ တန်ဖိုးရှိ ဒီဇယ် ၇၇၂၄၈ ဒသမ ၁၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၂၃၇၄၂၃၀ တန်ဖိုးရှိဓာတ်ဆီ ၅၂၉၁၂ ဒသမ ၅၅ တန်၊ စုစုပေါင်း ၁၃၀၁၆၀ဒသမ ၇၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဒီဇယ်တန်ချိန် ၆၁၈၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၅၄၁၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဓာတ်ဆီတန်ချိန် ၄၇၇၄၀ကျော်နဲ့နှိုင်းယှဉ်ရင် ၅၁၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရောဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၇ တန်ဖိုးရှိ **Re-export** ဒီဇယ်၁၁၀၀ ဒသမ ၂၇ တန် တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၁၈၀၆၅ တန်ဖိုးရှိ ဒီဇယ်၃၅ဒသမ ၇၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈၆ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၃၃၇ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၂၆၁၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၇၅တန် လျော့နည်းခဲ့ပြီး တန်ဖိုးမှာလည်း သုည ဒသမ ၄၁၄ သန်းလျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ငါးမျိုးစုံ၊ ငါးလေးခြောက်၊ ကင်းမွန်ခြောက်၊ ပုစွန်ခြောက်၊ ခရုအသားခြောက်နဲ့ ငါးလိပ်ကျောက်ရေခွံခြောက်တို့ တင်ပို့မှုလျော့နည်းခဲ့တာကြောင့် တန်ချိန်ရော၊ တန်ဖိုးပါ လျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေဖြင့် ယခင်တစ်ပတ်က ငါးရှဉ့်တစ်တန်လျှင် ယွမ် ၄၀၀၀၀ ရှိရာမှ ယွမ် ၄၂၀၀၀ သို့လည်းကောင်း၊ ကဏန်းတစ်တန်လျှင် ၆၄၅၈၃ ယွမ်မှ ၇၀၈၃၃ ယွမ်သို့လည်းကောင်း ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၀၂ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၆ မျိုးကို တန်ချိန် ၁၉၀၀ ကျော် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်ကလည်း တန်ချိန် ၁၈၀၀ကျော် တင်ပို့ခဲ့တာကြောင့် မူဆယ်မှ တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းများကို ပုံမှန်တင်ပို့မှုရှိတာတွေ့ရပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ဆီးဆန်၊ ဆီးသီးခြောက်၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကွမ်းသီးခွံ၊ ပီလောပီနံအမှုန့်၊ နံ့စားပြောင်း၊ ရေနံ့စားပြောင်း၊ နာနတ်လျှော်၊ ရွှေးရွက်၊ နနွင်းတက်၊ တောဂျူးမြစ်နဲ့ ချဉ်ပေါင်ဖာလာ(အခွံပါ/မပါ) တို့ဖြစ်ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၉၀၀၀ တန်ဖိုးရှိ ဝဥအစို တန် ၂၀၀ ကို တရုတ်နိုင်ငံ သို့တင်ပို့ခဲ့ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၈၈၃ တန်ဖိုးရှိ ဆောင်းမေခါး ၅၀၀ ကီလိုဂရမ်နဲ့ အမေရိကန်ဒေါ်လာ ၂၉၉၅ တန်ဖိုးရှိ တောင်လုံးကျော် ၂၀၀ ကီလိုဂရမ်ကို မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ပါတယ်။

**မော်မော်အောင်**

## Energy NYMEX 1-2-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.79 | 0.00 | 0.00 |
| Brent Crude Futr (USD/bbl) | 61.89 | 0.24 | 0.39 |
| Gasoline Rbob Fut (Cent/gal) | 136.27 | -1.96 | -1.42 |
| Natural Gas Futr (USD/MMBtu) | 2.83 | 0.01 | 0.46 |
| Heating Oil Futr (Cent/gal) | 187.88 | -1.96 | -1.03 |

## ဈေးထပ်ကျလာတဲ့ ပြည်တွင်းငွေလဲနှုန်း

ပြည်တွင်းငွေလဲဈေးကွက်သည် ဇန်နဝါရီနောက်ဆုံးပတ်အတွင်း ဈေးထပ်မံကျဆင်းလာခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဇန်နဝါရီတတိယပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၂ကျပ်သတ်မှတ်ခဲ့ရာမှ ဇန်နဝါရီနောက်ဆုံးပတ်တွင်၁၅၁၈ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်တွင် ရွှေဈေးစံချိန်တင်မြင့်တက်သွားခြင်းနှင့်အတူ ယခင်ကတည်းက အားပျော့နေသည့် ကျပ်ငွေမှာဈေးထပ်မံကျဆင်းခဲ့ရကြောင်း၊ ဗဟိုဘဏ်မှလည်း ငွေကြေးဈေးကွက် ပြန်လည်အားကောင်းမောင်းသန်ဖြစ်စေရန် ဂျပန်ယန်းနှင့် တရုတ်ယွမ်တို့ကို နိုင် ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများဆောင်ရွက်နိုင်ရန်ခွင့်ပြုပေးခြင်း၊ ပြည်တွင်းဘဏ်များအနေဖြင့် နိုင်ငံခြားဘဏ်များသို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အကျိုးတူ ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုပေးခြင်းများရှိခဲ့ကြောင်း ပြည်တွင်းငွေကြေး အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၂၈ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၄ကျပ်၊ ဝယ် ဈေး ၁၅၁၈ကျပ်မှ ဇန်နဝါရီ၃၁ရက်တွင် ရောင်းဈေး ၁၅၁၇ကျပ်၊ဝယ်ဈေး ၁၅၁၂ ကျပ်သို့ကျဆင်းခဲ့ပြီး ဖေဖော်ဝါရီ ၁ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၅၁၈ကျပ်၊ဝယ်ဈေး ၁၅၁၂ ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး စံချိန်တင်ခဲ့သော ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ဇန်နဝါရီတတိယပတ်အတွင်း ကျပ်ဆယ်သိန်းငါးသောင်းကျော်ဖြင့် ဈေးမြင့်နေခဲ့ရာမှ ဇန်နဝါရီနောက်ဆုံးပတ်အတွင်း ကျပ်ဆယ်သိန်းခြောက်သောင်းကျော်အထိ မြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။

ဇန်နဝါရီတတိယပတ်တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၃၀၀၀ရှိခဲ့ရာမှဇန်နဝါရီ နောက်ဆုံးပတ်တွင် ကျပ် ၁၀၅၉၅၀၀ သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက အတက်ကြမ်းတယ်။ ဆယ်သိန်းခြောက်သောင်းကျော်ကို တက်သွားတာ။ ဒေါ်လာဈေးကလည်း ကျနေ၊ တရုတ်ယွမ်ကလည်း ကုန်သွယ်ရေးပဋိပက္ခတွေကြားမှာ ဆွဲချထားတော့ ပြည်တွင်းရွှေဈေးကို အမြင့်တန်းထိ ဆွဲတင်သွားတာ။ ကမ္ဘာ့ရွှေလည်း ဈေးတက်နေတာ ခုဆို ဒေါ်လာ ၁၃၀၀ကျော်ထိ ထပ်တက်တယ်။ ကမ္ဘာ့စီးပွားရေးမိုးလေဝသနဲ့ အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းကိစ္စတွေကြောင့် ကမ္ဘာ့ ရွှေကို ဝယ်လိုအားတက်လာတာကနေ ဈေးအမြင့်တန်းထိ တက်လာတယ်လို့မြင်တယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၂၈ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၇၀၀၀ရှိခဲ့ရာမှ ဇန်နဝါရီ ၃၁ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၆၁၀၀၀သို့မြင့် တက်ခဲ့ပြီး ဖေဖော်ဝါရီ ၁ရက်တွင် ကျပ် ၁၀၅၉၅၀၀သို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဇန်နဝါရီ ၂၈ ရက်က ရွှေတစ်အောင်စလျှင် ၁၃၀၁အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဇန်နဝါရီ ၃၁ ရက်တွင် တစ်အောင်စလျှင် ၁၃၁၃အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၁ရက်တွင် ရွှေတစ်အောင်စလျှင် ၁၃၁၉ အမေရိကန်ဒေါ်လာသို့ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## YSXစာရင်းဝင်ခြင်း လမ်းညွှန်စာအုပ်ငယ်ကို အွန်လိုင်းမှတစ်ဆင့် ရယူနိုင်

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ခြင်းဆိုင်ရာလမ်းညွှန်စာအုပ်ငယ်ကို အွန်လိုင်းမှတစ်ဆင့် Download ရယူနိုင်ပြီဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက သတင်းထုတ်ပြန်သည်။

ရန်ကုန်စတော့အိတ်ချိန်း(YSX)သည် စာရင်းဝင်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်စေနိုင်ရန်အတွက် Listing Consulting Division၊ စာရင်းဝင်စံသတ်မှတ်ချက်များ၊ အလားအလာရှိသောကုမ္ပဏီများမှ မေးလေ့ရှိသောမေးခွန်း/ဖြေကြားချက်များနှင့် စာရင်းဝင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ပါဝင်သော "စာရင်းဝင်ခြင်းဆိုင်ရာလမ်းညွှန်စာအုပ်ငယ်"ကို ရန်ကုန်စတော့အိတ်ချိန်း Web-page တွင်တင်ထားပြီးဖြစ်၍ စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် အကျိုးရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက ထုတ်ပြန်သည်။

အဆိုပါစာအုပ်ငယ်ကို https://ysx-mm.com/listing/faqs/listing-consulting/listing-consulting-summaryနှင့် https://ysx-mm.com/listing-on-ysx/listing-consulting-divisionဝင်ရောက်လေ့လာကူးယူနိုင်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက ဆိုသည်။

အသေးစိတ် ပိုမိုသိရှိလိုပါက ရန်ကုန်စတော့အိတ်ချိန်း၏ Listing Consulting Division၊ Listing and Trading Participant Department ဖုန်း (+၉၅)-၉-၄၀၄၀၆၀၄၃၂သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 28-January | 15.77 | 2655.82 | 1867.23 | 5982.54 | 818.00 |
| 29-January | 15.72 | 2646.12 | 1837.69 | 5941.32 | 813.00 |
| 30-January | 15.93 | 2656.48 | 1853.34 | 6000.17 | 816.00 |
| 31-January | 15.98 | 2693.51 | 1876.26 | 6097.81 | 815.00 |
| 1 -Febuary | 15.91 | 2694.61 | 1866.35 | 6075.33 | 819.00 |

## Currency Exchange Rate

**February 1, 2019**
**Base Currency is**
**United States Dollar - USD**

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.38 |
| BDT | Bangladesh Taka | 83.76 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.73 |
| EUR | Euro | 0.87 |
| H KD | Hong Kong Dollars | 7.84 |
| I NR | India Rupees | 71.08 |
| I DR | Indonesia Rupiahs | 13957.68 |
| JPY | Japan Yen | 108.87 |
| MYR | Malaysia | 4.09 |
| PKR | Pakistan Rupees | 139.49 |
| PHP | Philippines Pesos | 52.27 |
| RUB | Russia Rubles | 65.52 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1118.59 |
| LKR | Sri Lanka Rupe | 177.90 |
| THB | Thailand Baht | 31.36 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 23177.65 |

*Source:xe.com*

## World Gold Price

**January- 2019** **(USD/OZ)**

| Date | NY | London | Zurich |
|---|---|---|---|
| 28 | 1306 | 1306 | 1306 |
| 29 | 1306 | 1305 | 1306 |
| 30 | 1318 | 1314 | 1315 |
| 31 | 1323 | 1321 | 1321 |
| 1 | 1322 | 1320 | 1314 |

## Domestic Gold Price

**Kyats(Thousand)**

| Date | Yangon | Mandalay |
|---|---|---|
| 28-1- 2019 | 1058.00 | 1057.90 |
| 29-1- 2019 | 1057.50 | 1057.70 |
| 30-1- 2019 | 1058.00 | 1058.00 |
| 31-1- 2019 | 1062.00 | 1062.20 |
| 1-2- 2019 | 1060.00 | 1059.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6.74 | 31.52 | 83.84 | 71.08 |
| 29 | 6.71 | 31.48 | 83.57 | 71.32 |
| 30 | 6.71 | 31.41 | 83.66 | 71.24 |
| 31 | 6.70 | 31.23 | 83.72 | 71.02 |
| 1 | 6.73 | 31.36 | 83.76 | 71.08 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ဘိလပ်မြေတန်ချိန် ၃၀၀နီးပါးဝင်

ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၉၂၃၈၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၉၄ ဒသမ ၂၅၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၉၃၀ ကျော်တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဇန်နဝါရီလ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ၇၇၀၀တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ် က ဘိလပ်မြေအဝင်မှာတန်ချိန် ၉၂၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့(လက်သစ်မြန်မာ)က ၂၂၅ ကျပ်၊ ကြံ့နှစ်ကောင်(အနီ)က ကျပ်၃၀၀၊ ဆင်မြန်မာကကျပ် ၂၀၀ဈေးမြင့်ခဲ့ပြီး ဆင်(ထိုင်း)က ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်)ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၄၇၀၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဆောက်လုပ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများ အလုပ်ကောင်းနေတာကြောင့် အရောင်းအဝယ်က သွက်တယ်၊ ဈေးကတော့ငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ကျပ် ၄၅၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ဒီအချိန်က တည်ဆောက်ရေးလုပ်ငန်းတွေ အလုပ်ကောင်းတယ်။ ဒါကြောင့် အရောင်းအဝယ်က ကောင်းတယ်။ ဘိလပ်မြေဈေးကတော့ ဒီတစ်ပတ်မှာငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း) ကျပ်၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ်၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ကောင်းပေမယ့် ဈေးနှုန်းတွေတော့ ငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၉၀၀၊ နဂါး ကျပ် ၄၃၀၀၊ ဆင်(ထိုင်း)ကျပ်၆၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# ဒီတစ်ပတ် မြေဩဇာတန်ချိန် ၂၀၀၀၀ကျော်ဝင်

ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၃၈၄၄၂၇ တန်ဖိုးရှိမြေဩဇာ၂၅၀၈၆ ဒသမ ၀၁၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၃၀၀၀၊ တရုတ်နိုင်ငံမှ ၂၈၇၇ ဒသမ ၃၀ တန်၊ အီရန်နိုင်ငံမှ ၃၇၆၀ တန်၊ ကိုရီးယားနိုင်ငံမှ ၂၆၉၈ ဒသမ ၆၇ တန်၊ မလေးရှားနိုင်ငံမှ ၉၅၃၆ ဒသမ၇၂ တန်၊ နော်ဝေနိုင်ငံမှ ၃၀၅ ဒသမ ၃၉၅ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ သုညဒသမ ၀၀၂ တန်၊ ရုရှားနိုင်ငံမှ ၉၇၅ ဒသမ ၈၄၅ တန်၊ တိုင်ဝမ်နိုင်ငံမှ ၃၈ တန်၊ ထိုင်းနိုင်ငံမှ ၈၆၃ ဒသမ ၃၂ တန်နဲ့ ဆော်ဒီအာရေဗျနိုင်ငံမှ ၁၀၃၀ ဒသမ ၉၀၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ကောမတ်၊ အမိုးနီးယမ်းကလိုရိုဒ်၊ ယူရီးယား၄၆%၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း (၁၆း၂၀း၀)နဲ့အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေဩဇာ တန်ချိန်၁၀၀၂၇ တန်ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် ၁၅၀၅၉ တန်ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မကွေးမြေဩဇာဈေးကွက်အရောင်းအေး

ဇန်နဝါရီလ ၁၉ ရက်မှ ၂၅ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၆၁၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၁၇၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၅၆၃၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊တောင်ကြီးနဲ့ မကွေးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အကြီး(ထိုင်း)မြင်းပျံက ကျပ် ၅၀၀၊ ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်)က ကျပ် ၄၀၀၀၊ တီစူပါ၄၆%က ကျပ် ၁၀၀၀ ဈေးကျပြီး ကျန်မြေဩဇာက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အကြီး(ထိုင်း)မြင်းပျံ ကျပ် ၃၁၅၀၀၊ ပုလဲ-မြန်မာ(အမ်ပီအီး)ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်)ကျပ် ၂၉၀၀၀၊ကွန်ပေါင်း(အစိမ်း)(၁၅း၁၅း၁၅)ကျပ် ၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်)(ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း(၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက် (မြန်မာဩဘာ)ကျပ် ၃၅၀၀၀၊ တီစူပါ(၁၂း၁၃) (မြွေးကမ္ဘာ) ကျပ် ၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရ ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီအချိန်ဆောင်းသီနှံစိုက်ပျိုးမှု နည်းလာတာကြောင့် အရောင်းပါးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၇၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၉၅၀၀၊ မြွေးကမ္ဘာကျပ် ၁၈၆၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းပါးသလို ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွေးကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ်၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၈၈၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြွေးကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀ ၊ တက်တိုးကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီတန်ချိန် ၇၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ကျော်ဝင်

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၉၃၇၂၈ တန်ဖိုးရှိ နို့ဆီ ၇၁၉ ဒသမ ၇၄၈ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ အိုကေ၊ ဒွန်း၊ တီးပေါ့နဲ့ ကောင်းဘဲလ် နို့ဆီတို့ တင်သွင်းခဲ့တယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၃၈ဒသမ ၂၁၂တန်နဲ့ စင်ကာပူနိုင်ငံမှ ၄၈၁ ဒသမ ၅၃၆ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၃၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၇၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၇၄၀၂၃၅ တန်ဖိုးရှိ နို့မှုန့်၃၁၆ ဒသမ ၁၇၅ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်အိန္ဒိယနိုင်ငံမှ ၇၅ တန်နဲ့ နယူးဇီလန်နိုင်ငံမှ ၂၄၁ ဒသမ ၁၇၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့မှုန့် တန်ချိန် ၃၀၂ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါအဝင်ပိုခဲ့ပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁ မှ ၂၅/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁ မှ ၁၈/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅.၃၉ | ၁.၂၅ | (+) | ၄.၁၄ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၄၆၅၀.၀၀ | ၆၂၀၀.၀၀ | (-) | ၁၅၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | ၅၀.၀၀ | | - |
| ၈။ | မြိတ် | ၃၀၀၀.၀၀ | ၃၀၀၀.၀၀ | | - |
| | စုစုပေါင်း | ၇၇၀၅.၃၉ | ၉၂၅၁.၂၅ | (-) | ၁၅၄၅.၈၆ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၁ မှ ၂၅/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁ မှ ၁၈/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၆၅၉.၂၀ | ၇၂၈၅.၈၅ | (-) | ၆၂၆.၆၅ |
| ၂။ | လွယ်ဂျယ် | ၆၀.၀၀ | ၁၅၄.၀၀ | (-) | ၉၄.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၂၈၉.၁၀ | ၃၅၃၅.၅၀ | (-) | ၂၄၆.၄၀ |
| ၄။ | ကန်ပိုက်တီ | ၄၈၃.၀၀ | ၉၁၇. ၀၀ | (-) | ၄၃၄.၀၀ |
| ၅။ | မြဝတီ | ၃၈၅၉.၈၂ | ၄၆၂၀.၈၄ | (-) | ၇၆၁.၀၂ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၆၅၀.၀၀ | ၅၁၇၅.၀၀ | (-) | ၃၅၂၅.၀၀ |
| ၉။ | တမူး | ၁၀၀.၀၀ | ၅၀.၀၀ | (+) | ၅၀.၀၀ |
| | စုစုပေါင်း | ၁၆၁၀၁.၁၂ | ၂၁၇၃၈.၁၉ | (-) | ၅၆၃၇.၀၇ |

ခင်မိုးသူ

# အာဆီယံစီးပွားရေးအသိုက်အဝန်း AEC-2025 နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ




၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေးမြို့ရှိ Hotel Hazel ၌ "အာဆီယံစီးပွားရေးအသိုက် အဝန်း AEC-2025"နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ"ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ကြသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း ASEAN Economic Community (AEC) 2025 နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းမှာအာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ ကို ပိုမိုသိရှိနားလည်စေရန်နှင့် ၂၀၂၅ ကာလအထိ အာဆီယံဒေသတွင်းနိုင်ငံများနှင့်အတူ မြန်မာနိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်ရန်ရှိသည်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ထားရှိမှုအခြေအနေများကို အသိပေးနိုင်ရန်တို့အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်များမှ ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ သက်ဆိုင်သူများမှ ပြန်လည်ဖြေကြားခဲ့ကြပါသည်။

ယခုအခါ အေအီးစီ ၂၀၁၅ ကို အကောင်အထည် ဖော်ခဲ့ပြီးနောက် သုံးနှစ်ကာလကျော် လေးနှစ်တာကာလသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ တွင် ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့်ကိစ္စများနှင့် ၂၀၂၅ တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လိုက်ပါဆောင်ရွက်နေရသည့် ကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

အာဆီယံ ဒေသတွင်းနိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းရရှိပြီးသော ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာ နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ရာ မူဝါဒစည်းမျဉ်းစည်းကမ်းများ ရေးဆွဲချမှတ်သူ အစိုးရနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် ပုဂ္ဂလိကတို့အကြား အပြန်အလှန် သိရှိနားလည်ပြီး အာဆီယံဒေသအတွင်း အောင်မြင်သောအကောင်အထည်ဖော် ဆောင်ရွက်မှုများ ရရှိစေရန် လိုအပ်ပါသည်။

ထို့ကြောင့် Inclusive Implementation ဖြစ်ရန် ပုဂ္ဂလိကလုပ်ငန်းများ၏ အခန်းကဏ္ဍမှာအရေးပါသည့်ကဏ္ဍမှ ပါဝင်သောကြောင့် အေအီးစီ ၂၀၂၅ ကို အောင်မြင်စွာလိုက်ပါဆောင်ရွက်နိုင်ရေးအတွက် ဤအလုပ်ရုံဆွေးနွေးပွဲသည် များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။ **ဝင်းမင်းဖြိုး**

# အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် "9th World Petro Coal Congress – 2019" နှင့် "4th India- ASEAN Expo and Summit" ကုန်စည်ပြပွဲ ကျင်းပမည်

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ "9th World PetroCoal Congress – 2019"ကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၃ ရက်အထိ "4th India- ASEAN Expo and Summit" ပြပွဲကိုလည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ "9th World PetroCoal Congress – 2019" နှင့်အတူ Indo -Myanmar Cooperation Session တစ်ခုကိုလည်း ပူးပေါင်းကျင်းပမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ "4th India- ASEAN Expo and Summit" ပြပွဲတွင် စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ကုန်စည်ပြပွဲများ ၊ ကျောက်မျက် ပြပွဲများ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာပြပွဲများ၊ သိပ္ပံနှင့်နည်းပညာပြပွဲများ၊ အထည်အလိပ်နှင့်ပတ်သက်သည့် ပြပွဲများပါဝင်မည်ဖြစ်ပြီး ပြပွဲသို့ ပါဝင်တက်ရောက်ပြသမည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ် (၅)ဦး(သို့မဟုတ်)(၆)ဦးအတွက် လေယာဉ်လက်မှတ်ခနှင့် နေထိုင်စရိတ်တို့အား အိန္ဒိယနိုင်ငံဘက်မှ ကျခံပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

သို့ဖြစ်ပါ၍ အဆိုပါပွဲများသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ၊ ဖုန်း-၀၆၇ ၄၃၀၄၄၆, ၄၃၀၄၄၇၊ ဖက်စ် - ၀၆၇၄၃၀ ၁၂၈၊ E-mail: moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့)၊ ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ် - ၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးအပ်ပါသည်။ **ဆုမွန်သိန်း**(TD)

# မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရဲ့ သီတင်းတစ်ပတ်ကုန်သွယ်မှု

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၆ ဒသမ ၆၀၃ သန်း၊ သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၄၂ ဒသမ ၉၆၆ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၉ ဒသမ ၅၆၉ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ယခုတစ်ပတ်ကုန်သွယ်မှုမှာ ယခင်တစ်ပတ်၏ကုန်သွယ်မှုပမာဏထက် အမေရိကန်ဒေါ်လာ ၁၅၄ ဒသမ ၄၁၂ သန်းပိုမိုခဲ့သည်ကို တွေ့ရပါသည်။

ပို့ကုန်ပိုင်းတွင် ပြောင်း၊ ရော်ဘာ၊ သစ်သီးဝလံနှင့် သစ်တောထွက်ကုန်ပစ္စည်း တင်ပို့မှုပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းနှင့်လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရပါသည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် ယခင်တစ်ပတ်က တစ်ဒေါ်လာ ၁၅၄၂ ကျပ်၊ တစ်ဒေါ်လာ ၆ ဒသမ ၇၈၀ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၅၀ ယွမ်ဖြစ်ပြီး ယခုတစ်ပတ်တွင် တစ်ဒေါ်လာ ၁၅၂၇ ကျပ်၊ တစ်ဒေါ်လာ ၆ ဒသမ ၇၇၂ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၅၅ ယွမ်နှုန်းထားရှိကြောင်း တွေ့ရှိရပါသည်။

**မော်မော်အောင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁-၂-၂၀၁၉)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၉၀၀ | △ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၃၀၀ | ၆၃၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၅၅၀၀ | ၅၅၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁-၂-၂၀၁၉ US$/Ton

| အမျိုးအစား | ဇန်နဝါရီတတိယပတ် | ဇန်နဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၉.၅၀ | ၅၅၅.၅၀ | △ |
| RBD P.Olein | ၅၃၀.၀၀ | ၅၅၄.၀၀ | △ |
| RBD P.Stearin | ၅၃၃.၅၀ | ၅၄၁.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁-၂-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၈၈.၂၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၉၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၅.၅၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၄၀.၄၈၂ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁-၂-၂၀၁၉နေ့ (CIF ဈေး Cloud Point 8 ˚C Max 600 ဒေါ်လာနှင့် USD ဈေး ၁၅၁၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁-၂-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# တရုတ်နိုင်ငံက ကုန်ပစ္စည်းအမျိုးအစား(၇၀၀)အပေါ် သွင်းကုန်ခွန်ကောက်ခံမှု လျှော့ချပေးခဲ့

[သန်းသန်းနိုင်]

(ယခင်တစ်ပတ်မှအဆက်)

Tentative tariff schedule for imported goods

| No | HS. Code | name | MFN tax rate (%) | Tentative tax rate for 2019 (%) |
|---|---|---|---|---|
| 418 | 72024900 | Ferrochrome, carbon content 4% | 2 | 1 |
| 419 | 72026000 | Nickel iron | 2 | 0 |
| 420 | 72027000 | Molybdenum iron | 2 | 1 |
| 421 | 72028010 | Tungsten iron | 2 | 1 |
| 422 | 72029300 | Niobium iron | 2 | 1 |
| 423 | 72031000 | Hot iron | 2 | 0 |
| 424 | 72041000 | Scrap iron | 2 | 0 |
| 425 | 72043000 | Scrap of tinned steel | 2 | 0 |
| 426 | 72044100 | Waste produced in machining | 2 | 0 |
| 427 | 72091810 | Cold rolled coil with thickness < 0.3mm | 6 | 4 |
| 428 | 72269990 | Fe-ni alloy strip (for integrated circuit frames), width less than 600 mm | 7 | 4 |
| 429 | 74010000 | Copper matte | 2 | 0 |
| 430 | 74020000 | Copper anode for unrefined copper and electrolytic refining | 2 | 0 |
| 431 | 74031111 | Cathode refined copper containing more than 99.9935% copper by weight | 2 | 0 |
| 432 | 74031119 | Other cathode refined copper | 2 | 0 |
| 433 | 74031190 | Refined copper cathode profile | 2 | 0 |
| 434 | 74031200 | Refined copper wire ingot | 2 | 0 |
| 435 | 74031300 | Billet section of refined copper | 2 | 0 |
| 436 | 74031900 | Other refined copper not forged or rolled | 2 | 0 |
| 437 | 74040000 | Copper scrap (divided by waste electrical machines mainly used to recycle copper, etc. (including waste electrical machines, wires, cables and five-metal appliances) | 1. 5 | 0 |
| 438 | 74081900 | Other refined copper wire with oxygen content less than 5PPM | 4 | 2 |
| 439 | 74111019 | Other refined copper tubes with oxygen content less than 5PPM and diameter less than 25mm | 4 | 2 |
| 440 | 75011000 | Nickel matte | 3 | 0 |
| 441 | 75012010 | Intermediate in nickel hydrometallurgy | 3 | 0 |
| 442 | 75012090 | Nickel oxide sinter and other intermediate products of nickel | 3 | 0 |
| 443 | 75021010 | Non-alloy nickel with a total nickel and cobalt content of 99.99% or more by weight but a cobalt content of not more than 0.005% | 3 | 1 |
| 444 | 75021090 | Other non-alloy nickel | 3 | 2 |
| 445 | 75030000 | Nickel FeiSuiLiao | 1. 5 | 1 |
| 446 | 76011090 | Other non-calcined non-aluminium alloys | 5 | 0 |
| 447 | 76020000 | Aluminium scrap (divided by scrap wire, etc. (including scrap wire, cable, hardware electrical appliance) | 1. 5 | 0 |
| 448 | 76061129 | Other 0.3mm thickness < 0.36mm rectangular aluminum strip made of non-alloy aluminum | 6 | 4 |
| 449 | 76071900 | To foil | 6 | 3 |
| 450 | 79011110 | Uncalcined zinc containing 99.995% or more by weight | 3 | 1 |
| 451 | 79011190 | Zinc content not less than 99.99%, and less than 99.995% uncalcined zinc | 3 | 1 |
| 452 | 79011200 | Unwrought rolled zinc with zinc content < 99.99% | 3 | 1 |
| 453 | 79012000 | Unwrought zinc alloy | 3 | 1 |
| 454 | 79020000 | Zinc waste and scrap | 1. 5 | 1 |
| 455 | 81019700 | Tungsten waste and scrap | 3 | 1 |
| 456 | 81033000 | Tantalum waste and scrap | 6 | 0 |
| 457 | 81052010 | Intermediate of cobalt hydrometallurgy | 4 | 0 |
| 458 | 81052090 | Cobalt mattes and other intermediate products from the smelting of cobalt | 4 | 0 |
| 459 | 81060010 | Bismuth not forged | 3 | 1 |
| 460 | 81089031 | Thickness 0.8mm titanium plate, sheet, strip and foil | 8 | 4 |
| 461 | 81089032 | Thickness > 0.8mm titanium plate, sheet, strip, foil | 8 | 4 |
| 462 | 81101010 | Antimony not forged | 3 | 1 |
| 463 | 81129220 | Vanadium nitrogen alloy in unwrought, scrap, or powdered form | 3 | 0 |
| 464 | 81129240 | Niobium not forged | 3 | 1 |
| 465 | 1129920 | Other vanadium nitrogen alloys | 3 | 0 |
| 466 | 82073000 | 4 kinds of key molds used for stamping parts of vehicle body of no.87.03 train (side panel molds, wing panel molds, integral side panel inner molds for splicing, and integral side panel strengthening molds for welding) | 8 | 6 |
| 467 | 82073000 | (usual b 980N/mm2 cold stamping molds, hot forming molds, internal high-pressure forming molds and aluminum plate molds) | 8 | 6 |
| 468 | 84041010 | Auxiliary equipment for non-pipe steam boilers using (renewable) biomass fuels | 7 | 5 |
| 469 | 84041020 | Auxiliary equipment for central heating boiler | 8 | 5 |
| 470 | 84042000 | Condenser for water and other steam power plant | 8 | 5 |
| 471 | 84049010 | Spare parts for auxiliary equipment of central heating hot water boiler | 7 | 5 |
| 472 | 84049090 | Spare parts for auxiliary equipment of non-water pipe steam boilers using (renewable) biomass fuels;Water vapor or other steam power plant parts of the condenser | 7 | 5 |
| 473 | 84079090 | Gasoline engine for forklift (800r/min rotational speed 3400r/min) | 18 | 9 |
| 474 | 84079090 | Vertical output shaft gasoline engine | 18 | 9 |
| 475 | 84082010 | Diesel engines with an output power of 441 kw (600 HP) or above | 9 | 4 |
| 476 | 84082090 | A diesel engine for a car with a liter power 50 kilowatts | 25 | 20 |
| 477 | 84099999 | Electronic control diesel injection device and its parts | 8 | 5 |
| 478 | 84118100 | Turboshaft aero engine | 15 | 1 |
| 479 | 84119910 | Turboshaft parts for aero engines | 5 | 1 |
| 480 | 84122990 | Pile catcher | 14 | 7 |
| 481 | 84122990 | Hydraulic actuators for aircraft with pressure values above 20MPa | 14 | 1 |
| 482 | 84123100 | Balancing cylinder for CMM | 14 | 7 |
| 483 | 84129090 | Wind engine parts | 8 | 5 |
| 484 | 84131100 | A metering pump for fuel or lubricating oil | 10 | 6 |
| 485 | 84131900 | Other pumps with or without metering devices | 10 | 6 |
| 486 | 84135010 | Pneumatic reciprocating drainage pump | 10 | 6 |
| 487 | 84135020 | Electric reciprocating discharge pump | 10 | 6 |
| 488 | 84135031 | Reciprocating plunger pump | 10 | 6 |
| 489 | 84135039 | Other hydraulic reciprocating pumps | 10 | 6 |
| 490 | 84135090 | Other reciprocating drainage pumps | 10 | 6 |
| 491 | 84136021 | Electrodynamic gear rotary pump | 10 | 6 |
| 492 | 84136022 | Rotary hydraulic pump, input speed > 2000r/min, input power > 190kW, maximum flow > 2*280 L/min | 10 | 3 |
| 493 | 84136022 | Other hydraulic gear rotary pump | 10 | 6 |
| 494 | 84136029 | Other gear rotary pump | 10 | 6 |
| 495 | 84136031 | Electrodynamic vane rotary pump | 10 | 6 |
| 496 | 84136032 | Hydraulic vane rotary pump | 10 | 6 |
| 497 | 84136039 | Other vane rotary pump | 10 | 6 |
| 498 | 84136040 | Screw rotary pump | 10 | 6 |
| 499 | 84136050 | Radial plunger pump | 10 | 6 |
| 500 | 84136060 | Axial piston pump | 10 | 6 |
| 501 | 84136090 | Other rotary drainage pumps | 10 | 8 |
| 502 | 84139200 | Parts for the liquid elevator | 6 | 4 |
| 503 | 84141000 | Vacuum pumps (except those specially or primarily used in the manufacture of semiconductor wafers or flat panel displays) | 8 | 5 |
| 504 | 84146010 | Smoke lampblack machine | 8 | 6 |
| 505 | 84148030 | Passenger car supercharger | 7 | 5 |
| 506 | 84149011 | Compressor inlet and exhaust valves for refrigeration equipment | 8 | 5 |
| 507 | 84149019 | Other compressor parts for refrigeration equipment | 8 | 5 |
| 508 | 84149020 | Fan, fan, ventilation hood and circulating hood parts | 7 | 6 |
| 509 | 84149090 | Other machine parts listed under tax heading 8414 | 7 | 4 |
| 510 | 84159010 | Cooling capacity 4 kcal/hour of air conditioning parts | 8 | 6 |
| 511 | 84159090 | BBB 0 4 kcal/h parts for air conditioning | 8 | 6 |
| 512 | 84162011 | Natural gas burner for lithium bromide air conditioner | 10 | 5 |
| 513 | 84162090 | Compound burner for lithium bromide air conditioner | 10 | 5 |
| 514 | 84178050 | Garbage incinerator | 10 | 5 |
| 515 | 84178090 | Thermal cracking furnace | 10 | 5 |
| 516 | 84179090 | Waste incinerator and radioactive waste incinerator parts | 7 | 5 |
| 517 | 84189910 | Parts for refrigeration unit and heat pump | 9 | 6 |
| 518 | 84189991 | Refrigeration temperature to 40 ℃ or less refrigeration equipment parts | 9 | 6 |
| 519 | 84189992 | Refrigeration temperature > to 40 ℃, volume > 500 l refrigeration equipment parts | 9 | 6 |
| 520 | 84189999 | Other parts for refrigeration equipment | 9 | 6 |
| 521 | 84191910 | Solar water heater | 8 | 5 |
| 522 | 84193990 | Sludge dryer | 9 | 5 |
| 523 | 84193990 | A dryer for the production of milk powder | 9 | 4 |
| 524 | 84196090 | Gas liquefaction equipment that separates and removes contaminants by condensation | 10 | 5 |
| 525 | 84198100 | A machine for processing and cooking food and drink | 10 | 6 |
| 526 | 84201000 | Fabric calender | 8 | 6 |
| 527 | 84211910 | Dewatering machine | 10 | 6 |
| 528 | 84212110 | Machines and devices for filtering or purifying water for domestic use | 7 | 5 |
| 529 | 84212199 | Filters for ship ballast water treatment equipment | 5 | 2 |
| 530 | 84212199 | Cascade filter for sprinkling and irrigation equipment | 5 | 1 |
| 531 | 84213910 | Household gas filtration and purification machine and device | 7 | 5 |
| 532 | 84213930 | Motorcycle engine exhaust filtration and purification device | 5 | 3 |
| 533 | 84219910 | Parts for household type filtration and purification equipment | 7 | 5 |
| 534 | 84221100 | Household dishwasher | 8 | 6 |
| 535 | 84223010 | Automatic filling equipment for dairy processing | 12 | 10 |
| 536 | 84223030 | Packaging machine for automatic aseptic filling production line, processing speed 20000 / h | 8 | 6 |
| 537 | 84223090 | Automatic aseptic filling production line with stick straw machine, processing speed 22000 / h | 8 | 6 |
| 538 | 84229010 | Parts for a dish washer | 8 | 6 |
| 539 | 84281010 | Barrier-free lifts | 8 | 4 |
| 540 | 84312090 | Parts of machinery listed under other heading 8427 | 6 | 3 |
| 541 | 84313100 | Parts of an accessible lift | 3 | 1 |
| 542 | 84335100 | Combine harvester with power 160 HP | 8 | 5 |
| 543 | 84335300 | Potato and beet harvester with power 160 HP | 8 | 4 |
| 544 | 84335910 | Sugar cane harvester with power 160 horsepower | 8 | 4 |
| 545 | 84335920 | Cotton picker | 8 | 5 |
| 546 | 84335990 | Tea picker | 8 | 4 |
| 547 | 84335990 | Self-propelled green storage forage harvester | 8 | 5 |
| 548 | 84342000 | Dairy processing machine | 6 | 2 |
| 549 | 84368000 | Self-propelled feed mixer feed truck | 8 | 5 |
| 550 | 84368000 | Feed cutting and feeding machine for green storage | 8 | 3 |
| 551 | 84419010 | A crosscut cutter unit for a paper cutter | 8 | 3 |
| 552 | 84419010 | Curved roll for paper cutter | 8 | 4 |
| 553 | 84424000 | Computer direct plate-making machine parts | 1. 8-0 | 1% (ပ- နှစ်ဝက်) |

| | | | | |
|---|---|---|---|---|
| 554 | 84431313 | Four-colour sheet-fed offset press, single side printing speed of folio sheet paper 17,000 / h;Double-sided printing speed of folio paper 13000 sheets/hour;Single side printing speed for full sheet or ultra - full sheet 13000 sheets/hour | 10 | 7 |
| 555 | 84431319 | Five color and above sheet-fed offset press, folio sheet single-sided printing speed 17,000 sheets/hour;Double-sided printing speed of folio sheet paper 13000 sheets/hour;Single sided printing on full sheet or ultra - full sheet paper<br>Brush speed 13000 / h | 10 | 7 |
| 556 | 84431600 | Aniline printing machine (flexographic printing machine), linear speed 350 m/min, width 800 mm | 10 | 3 |
| 557 | 84431600 | Unit flexographic press with hot stamping or holographic or screen printing units, line speed 160 m/min, width 250 mm <800 mm | 10 | 5 |
| 558 | 84431700 | Gravure printing machine, printing speed 350 m/min | 10 | 9 |
| 559 | 84431921 | Rotary screen printing machine for textile | 10 | 6 |
| 560 | 84431922 | Flat screen printing machine for textile | 10 | 6 |
| 561 | 84433110 | Electrostatic photosensitive multifunctional machine | 5-3. 3 | 3 |
| 562 | 84439111 | Drum feed automatic feeder, feed line speed 12 m/s | 6-4 | 4%<br>(ပ- နှစ်ဝက်) |
| 563 | 84439190 | Ink volume remote control device for offset press (including ink color control device, ink volume control device, ink cartridge body and other components) | 3-2 | 1 |
| 564 | 84451190 | Wide non-woven carding machine, working width > 3.5 m, working speed > 120 m/min | 8 | 6 |
| 565 | 84452031 | Full automatic tumbler spinning machine | 8 | 5 |
| 566 | 84463050 | > 30cm wide air jet loom | 8 | 3 |
| 567 | 84481100 | Dobby or jacquard, speed index: 500 RPM or above | 8 | 3 |
| 568 | 84483920 | Electronic yarn cleaner | 6 | 3 |
| 569 | 84483930 | Air splicer | 6 | 3 |
| 570 | 84483990 | Other accessories for machine no. 8445 | 6 | 3 |
| 571 | 84484920 | Filling insertion and let-off device | 6 | 3 |
| 572 | 84484990 | Other accessories for looms and auxiliary machines | 6 | 3 |
| 573 | 84485900 | Other accessories for machine 8447 | 6 | 3 |
| 574 | 84490010 | High speed needling machine, needling frequency > 2000 times/min | 8 | 6 |
| 575 | 84490020 | High speed broad-width barbed wire equipment, working width > 3.5 m, working speed > 250 m/min, barbed pressure 400Pa | 8 | 6 |
| 576 | 84509090 | Washing machine parts with a dry weight of bb0 10kg | 8 | 5 |
| 577 | 84689000 | Welding machine parts | 7 | 3 |
| 578 | 84789000 | Tobacco processing and manufacturing machine parts | 8 | 5 |
| 579 | 84794000 | A machine for making ropes or cables | 7 | 5 |
| 580 | 84798200 | Machine for mixing, stirring, crushing, grinding, screening, homogenizing or emulsifying waste and waste water treatment | 7 | 5 |
| 581 | 84811000 | Pressure reducing valve for sprinkler equipment | 5 | 2 |
| 582 | 84818040 | Other valves | 7 | 5 |
| 583 | 84819010 | Valve parts | 8 | 4 |
| 584 | 84821040 | Thrust ball bearings with outer diameter of 30CM for aircraft engines | 8 | 1 |
| 585 | 84823000 | Drum roller bearing | 8 | 6 |
| 586 | 84824000 | Needle roller bearing | 8 | 6 |
| 587 | 84825000 | Three ring and two ring eccentric rolling bearings | 8 | 4 |
| 588 | 84829100 | Ball, needle and roller | 8 | 6 |
| 589 | 84829900 | Other parts of rolling bearing | 6 | 3 |
| 590 | 84833000 | Bearing housing without ball or roller bearings | 6 | 4 |
| 591 | 84836000 | Combined wet clutch/brake for press, clutch torque is 60knm-300knm, brake torque is 30knm-100knm | 8 | 4 |
| 592 | 84839000 | Camshaft phase regulator for vehicle | 8 | 4 |
| 593 | 84841000 | Sheet metal gasket or similar joint gasket | 8 | 5 |
| 594 | 84842000 | Mechanical seal | 8 | 5 |
| 595 | 84849000 | Other materials for gaskets and similar joint gaskets | 8 | 5 |
| 596 | 85011091 | Precision micro motor for laser disc player movement (1 watt power 18 watt, 20mm diameter 30mm) | 9 | 5 |
| 597 | 85011091 | Precision micro motor (0.5 watt power 10 watt, 20mm diameter) for all-in-one camera and video recording machine<br>39 mm) or less | 9 | 5 |
| 598 | 85011099 | Power 0.5 w (cylindrical: diameter 6 mm, high 25 mm;Oblate: diameter 15 mm, thickness 5 mm) for the laser disc machine movement of the micro motor | 9 | 5 |
| 599 | 85011099 | Precision micromotor for laser disc player movement (0.5 w power 2 w, 5mm diameter < 20mm) | 9 | 5 |
| 600 | 85011099 | Precision micro motor (0.5 watt power 10 watt, 5mm diameter) for all-in-one camera and video recording machine<br>< 20mm or 39mm < diameter 40mm) | 9 | 5 |
| 601 | 85015300 | High speed (200km/h or above) ac asynchronous traction motor for electric locomotive | 10 | 3 |
| 602 | 85016410 | Ac generator driven by boiler and turbine unit using renewable fuel, 750KVA < output power 350MVA | 10 | 5 |
| 603 | 85016420 | Ac generator driven by boiler and turbine unit using renewable fuel, 350MVA < 665MVA | 5. 5 | 5 |
| 604 | 85016430 | An alternator driven by a renewable fuel boiler and turbine unit with a > 665MVA output | 6 | 5 |
| 605 | 85023100 | A wind driven generator set | 8 | 5 |
| 606 | 85023900 | Generating sets that generate electricity from renewable sources (solar, small hydro, tidal, biogas, geothermal, biomass/waste heat driven turbines) | 10 | 5 |
| 607 | 85030030 | Spare parts for generator set listed in subhead 8502.3100 | 3 | 1 |
| 608 | 85030090 | Parts of an ac generator with an output power exceeding 750KVA driven by a renewable fuel boiler and turbine set;Rely on renewable energy (solar, small hydro, tidal, biogas, geothermal)<br>(biomass/waste heat driven steam turbine) components for generating sets that produce electricity | 8 | 5 |
| 609 | 85044014 | Dc stabilized power supply with power less than 1 kw and accuracy less than 1/10000 | 3. 5-2. 3 | 3%<br>(ပ- နှစ်ဝက်) |
| 610 | 85044099 | Traction converter for high speed (200km/h and above) electric locomotive | 5-3. 3 | 3 |
| 611 | 85044099 | Motor controllers for pure electric or hybrid vehicles | 5-3. 3 | 4%<br>(ပ- နှစ်ဝက်) |
| 612 | 85079010 | Lead-acid battery electrode (retained electrode only) | 10 | 5 |
| 613 | 85079090 | Other battery components | 8 | 5 |
| 614 | 85094010 | Fruit or vegetable juicer | 7 | 6 |
| 615 | 85094090 | Food grinders and agitators | 7 | 6 |
| 616 | 85144000 | Welding medium frequency annealing device | 10 | 7 |
| 617 | 85152120 | Resistance welding robot for automobile production line | 10 | 5 |
| 618 | 85158010 | Laser welding robot for automobile production line | 8 | 5 |
| 619 | 85159000 | January-june: parts for goods listed under tariff heading 8515 | 6 | 3 |
| 620 | | July-december: parts for goods listed under tariff heading 8515 (other than parts for wave soldering machines specifically or primarily used in the manufacture of printed circuit components) | | |
| 621 | 85219090 | Compact disc broadcast video recorder | 5-0 | 5%<br>(ပ- နှစ်ဝက်) |
| 622 | 85229031 | Car navigator video player movement | 18. 8-15 | 17%<br>(ပ- နှစ်ဝက်) |
| 623 | 85229039 | Video signal recording or playback equipment for other parts, accessories | 18. 8-15 | 15%<br>(ပ- နှစ်ဝက်) |
| 624 | 85229099 | Other parts for sound recording or playback equipment | 12. 5-10 | 10%<br>(ပ- နှစ်ဝက်) |
| 625 | 85258013 | Camera component for mobile phone (composed of lens +CCD/CMOS+ digital signal processing circuit) | 17. 5% - 11. 7% | 4 |
| 626 | 85258013 | Hd camera (must meet the following three conditions: 1, lens components must use 5 or more layers of glass lens;2. USB2.0 and above high-speed interface;3. The pixel of hardware sensor reaches 1.3 million and above) | 17. 5%- 11. 7% | 10 |
| 627 | 85261090 | Aircraft airborne radar (including weather radar, terrain radar and air traffic control response system) | 1. 3-0 | 1%<br>(ပ- နှစ်ဝက်) |
| 628 | 85285910 | Dedicated to the vehicle navigation LCD monitor | 20 | 15 |
| 629 | 85299042 | Video camera, video camera, digital camera with the image module | 10-8 | 3 |
| 630 | 85299042 | Image module for mobile phone and tablet | 10-8 | 4 |
| 631 | 85299049 | Other parts for TV camera, video camera and digital camera | 10-8 | 2 |
| 632 | 85299060 | Other parts of a radio set and its combination | 12. 5-10 | 7 |
| 633 | 85299081 | Other parts for color television receivers | 15 | 6 |
| 634 | 85299082 | Plasma display components and parts thereof | 12. 5-10 | 5 |
| 635 | 85299083 | Organic light-emitting diode display | 15 | 5 |
| 636 | 85318010 | Small buzzer with volume not exceeding 110dB | 10 | 7. 5 |
| 637 | 85371011 | Machine tool programmable controller (PLC) | 5 | 3 |
| 638 | 85371019 | CNC units for machine tools (including independently imported CNC operating units) | 5 | 3 |
| 639 | 85371090 | Special printed circuit board for elevator control cabinet and control cabinet | 8 | 4 |
| 640 | 85393240 | A source of illumination for a color projector | 8 | 3 |
| 641 | 85409190 | Other parts for cathode ray tubes | 8 | 4 |
| 642 | 85441100 | Copper winding wire | 10 | 6 |
| 643 | 85443020 | Wiring harness for electronically controlled diesel engines for vehicles | 10 | 5 |
| 644 | 85446090 | Gas-insulated metal-enclosed power lines with rated voltages of 500 kv and above | 15 | 10 |
| 645 | 85462090 | Long stick porcelain insulators for overhead power transmission and transformation lines (single piece length 1-2 meters, solid core) | 12 | 3 |
| 646 | 85489000 | Electromagnetic interference filter | 8 | 3 |
| 647 | 85489000 | Non-emi filter | 8 | 6 |
| 648 | 87019410 | A wheeled tractor with a power exceeding 110 kw but not exceeding 130 kw | 8 | 5 |
| 649 | 87019510 | A wheeled tractor with a power of over 130 kilowatts | 8 | 5 |
| 650 | 87042300 | The total weight of the vehicle 31 tons | 15 | 10 |
| 651 | 87042300 | Cab mounted cementing truck, fracturing truck, sand mixing truck, coiled tubing truck, liquid nitrogen pump chassis (total vehicle weight > 35 tons, cab mounted) | 15 | 10 |
| 652 | 87042300 | Chassis for truck cranes lifting 55 tons or above | 15 | 8 |
| 653 | 87059099 | Runway deicer | 12 | 10 |
| 654 | 87083099 | Electric brakes for pure electric or hybrid electric vehicles (composed of brake electronic control unit, pedal stroke simulator, brake actuator, etc.) | 6 | 5 |
| 655 | 87084010 | Gearbox for power shift tractors with engine power of 65 kw or above | 6 | 3 |
| 656 | 87084030 | Torque > 1500 Newton • m for off-road dump truck transmission | 6 | 3 |
| 657 | 87085071 | Drive axle for power shift tractor with engine power of 65 kw or above | 6 | 3 |
| 658 | 87089310 | Engine power 65 kw and above power shift tractor with clutch | 6 | 3 |
| 659 | 87089939 | Other parts and accessories for non - highway dump trucks | 6 | 3 |
| 660 | 87141000 | Star wheel and disc brake | 15 | 10 |
| 661 | 90013000 | Contact lens | 7 | 6 |
| 662 | 90019090 | Optical elements of LLL components for optical communication (including thin film filters, self-focusing lenses and Faraday rotators with working wavelengths of 800nm to 1700nm) | 5-4 | 1 |
| 663 | 90019090 | Miniature lens for laser transceiver of laser disc player | 5-4 | 3 |
| 664 | 90019090 | Optical elements of LCD backlight module (including light guide plate, reflector plate, diffusion plate and brightener) | 5-4 | 2 |
| 665 | 90021131 | SLR camera lens | 6 | 3 |
| 666 | 90021139 | Lenses for other cameras | 6 | 3 |
| 667 | 90021190 | Lens and lens components for color projectors and digital optical processors | 10 | 3 |
| 668 | 90021990 | Camera, camera camera lens | 9. 4-7. 5 | 3 |

စာမျက်နှာ ၂၄ သို့

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဇန်နဝါရီ ၂၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၉၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ ကင်ညာ၊ ကူဝိတ်၊ နယူးဇီလန်၊ တောင်ကိုရီးယားနှင့် အီဂျစ်နိုင်ငံ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၂ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ယူကရိန်း၊ ကနေဒါ၊ ပြင်သစ်၊ ရုရှား၊ ဘရာဇီး၊ ဂျာမနီနှင့် ဒိန်းမတ် စသည့်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၉၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း အသီးသီးဈေးနှုန်းများ မြင့်တက်ခဲ့ကာ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၉ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၇ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ နီပေါ၊ ပါကစ္စတန်၊ ဘရာဇီးနှင့် အီဂျစ် စသည့်နိုင်ငံများ အပါအဝင် ၆၈ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျာမနီ၊ ဆွီဒင်၊ နော်ဝေ၊ ယူကရိန်း၊ ဒိန်းမတ်၊ မက္ကဆီကိုနှင့် အမေရိကန် စသည့် နိုင်ငံတို့အပါအဝင် ၁၄ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၇ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းတို့ အသီးသီး ဈေးနှုန်းများမြင့်တက်ခဲ့ကာ ကျန်ရှိသော အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၄၉ | ၀.၅၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၂ | ၀.၈၂ |
| ၃ | ထိုင်း | လီတာ | ၁.၀၃ | ၀.၇၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၆ | ၀.၆၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၁ | ၁.၁၉ |
| ၆ | မလေးရှား | လီတာ | ၀.၄၇ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၅ | ၀.၇၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၀ | ၀.၈၀ |
| ၉ | လာအို | လီတာ | ၁.၁၉ | ၀.၉၆ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၇ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်နှင့် ဧည့်မထ ၅ မှတ်အမျိုးအစားများမှာ ဈေးနှုန်းအနည်းငယ်ကျဆင်းသွားခဲ့ပြီး ဧည့်မထ ၂၅ မှတ်ဆန်မှာ ဈေးတည်ငြိမ်လျက်ရှိပြီး ပေါင်းဆန်ဈေးနှုန်းမှာ ဈေးအနည်းငယ်မြင့်တက်ခဲ့သည်ကို သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင်လည်း ဧည့်မထ ၂၅ မှတ်ဆန်မှာ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး ပေါင်းဆန်ဈေးနှုန်းများ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ် နှင့် ၂၅ မှတ်ဆန်ဈေးနှုန်းများ ဈေးအနည်းငယ်ကျဆင်းသွားခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရ ပါသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဆန်တိုးမြှင့်တင်ပို့၍ တောင်သူဝင်ငွေတိုးစေရေး ကြိုးပမ်းလာကြသဖြင့် အာရှတိုက်တွင် ဆန်တင်ပို့သူများအကြား အားပြိုင်လာကာ အကျိုးဆက်အနေဖြင့် ကမ္ဘာ့ဆန်ဈေးကျဆင်းလာ၍ ဈေးကွက်ဝေစုရရှိသူများပင် အထိနာဖွယ်ရှိနိုင်ကြောင်း လေ့လာသိရှိရပါသည်။ မေလ၌အထွေထွေရွေးကောက်ပွဲဝင်ရန်ရှိသော အိန္ဒိယအစိုးရသည် လွန်ခဲ့သည့်နှစ်လအကြာက ဘာစမာတီမဟုတ်သော အခြားဆန်တင်ပို့မှုအတွက် ပို့ကုန်သက်ညှာခွင့် ငါးရာခိုင်နှုန်းပေးအပ်ခဲ့ပြီး မတ်လတွင် သက်တမ်းကုန်မည့် ၎င်းစီမံချက်တွင် အိန္ဒိယဆန်ကိုဈေးသက်သာစေပြီး ဆန်တင်ပို့မှု မြင့်တက်လာစေရန်နှင့် နိုင်ငံ၏ဆန်လက်ကျန်လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်သည်ကို သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၈ ခုနှစ်အတွင်း နှစ်အလိုက် ဆန်တင်ပို့မှု ခြောက်ရာခိုင်နှုန်းမြင့်တင်၍ တန်ချိန် ၆ ဒသမ ၁၅ သန်းထိတင်ပို့နိုင်ခဲ့ပြီး စက်မှုကဏ္ဍတိုးတက်လာသော ဗီယက်နမ်နိုင်ငံတွင် လယ်ယာလုပ်ငန်းမှာ အရေးပါနေဆဲဖြစ်၍ စုစုပေါင်းလယ်ယာမြေအနက် ၆၀ ရာခိုင်နှုန်းမှာ စပါးစိုက်ဧရိယာများဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံအဖြစ် ဆယ်စုနှစ်သုံးခုကျော်ကြာ ရပ်တည်လာခဲ့သော ထိုင်းနိုင်ငံသည် အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းလာခြင်းကြောင့် ယခုအခါ ဆန်တင်ပို့မှု ထပ်မံကျဆင်းလာနိုင်ပြီး ထိုင်းနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ဆန်တန်ချိန် ၁၁ ဒသမ ၆ သန်း တင်ပို့ခဲ့ရာမှ ၂၀၁၈ ခုနှစ်၌ တန်ချိန် ၁၁ သန်းသို့လျော့ကျခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်လည်း ထိုင်းဆန်တင်ပို့မှု တန်ချိန် ၁၀ သန်းသို့ ထပ်မံကျဆင်းနိုင်ဖွယ်ရှိကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။

ထိုင်းပို့ကုန်လုပ်ငန်းများမှာ ယခုနှစ် ဆန်တင်ပို့မှု အလားအလာတွင် တန်ချိန် ကိုးသန်းမှ ၉ ဒသမ ၅ သန်းသာရှိနိုင်မည်ဟု ခန့်မှန်းထားပြီး ၂၀၁၇ ခုနှစ်က ထိုင်းဆန် ပို့ကုန်များပြားခဲ့ခြင်းမှာ ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝါထရာ လက်ထက်က ဝယ်ယူခဲ့သည့် ဆန်အပိုအလျှံများကို ထုတ်ရောင်းခဲ့၍ဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းဆန်ပို့ကုန်ဈေးသည် ယခင်နှစ် ဇန်နဝါရီလနောက်ပိုင်း ကိုးရာခိုင်နှုန်းကျဆင်းခဲ့ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဝန်းကျင်၌ ရပ်တည်နေသည်ကို တွေ့ရှိရပါသည်။ သို့သော် ထိုင်းဆန်မှာ ဗီယက်နမ်ဆန်နှင့်ယှဉ်လျှင်ဈေးပိုမြင့်တက်လျက်ရှိပြီး ဗီယက်နမ် အလားတူဆန်ဈေးမှာ တစ်တန်လျှင်၃၈၀ ဒေါ်လာရှိနေပြီး အိန္ဒိယနိုင်ငံတွင် အလားတူဆန်ဈေးမှာ တစ်တန်လျှင် ၃၇၂ ဒေါ်လာသာရှိကြောင်း သိရှိရပါသည်။

ထိုင်းဆန်လုပ်ငန်းရှင်များမှာ ဘတ်ငွေအားကောင်းမှုဒဏ်ကို ခံနေရသကဲ့သို့အဓိကဝယ်လက်ဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ ပုံမှန်အားဖြင့် တစ်နှစ်လျှင် ဆန်တန်ချိန် တစ်သန်းသာ တင်သွင်းသော်လည်း ယခင်နှစ်ကမူ ဆန်တန်ချိန် သုံးသန်းအထိ တင်သွင်းခဲ့ပြီး အစိုးရသည် ဆန်ပြတ်လပ်မှုမရှိစေရေးနှင့် မဲပေးပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းပေးရေးအတွက် ဆန်ပမာဏများစွာ တင်သွင်းခဲ့ခြင်းကြောင့် ဆန်လုံလုံလောက်လောက် ရှိနေပြီဖြစ်သည့်အတွက် အင်ဒိုနီးရှားနိုင်ငံမှ ယခုနှစ်တွင်ဆန်ဝယ်ယူမည့် အလားအလာနည်းနေကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ရိုးရိုးဆန်အစား အကျိုးအမြတ်ပိုမိုရရှိမည့် အမျိုးအစားကောင်းမွန်သည့် ဆန်တင်ပို့ရေးကိုသာ ရှေးရှုလာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုပမာဏထက် အရည်အသွေးပိုင်းကို ဦးစားပေးသွားမည်ဖြစ်ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန ၏ အထွေထွေညွှန်ကြားရေးမှူး Adul Cho-tinisakorn က ပြောကြားခဲ့သည်ကို လေ့လာသိရှိရပါသည်။ ထိုင်းအစိုးရသည် ဟောင်ကောင်၊ စင်ကာပူ၊ တရုတ်၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပရှိ အဆင့်မြင့်စားသောက်ဆိုင်များသို့ အမျိုးအစားကောင်းမွန်သည့် ဆန်ကိုတိုးမြှင့်ရောင်းချနိုင်ရေး ကြိုးပမ်းမည်ဖြစ်ပြီး ထိုင်းအရည်အသွေးမြင့်ဆန်သည် ရောင်းလိုအားအလွန်နည်းခြင်း ကြောင့် ပြီးခဲ့သည့်နှစ်များအတွင်း ဈေးတက်လာခဲ့ပြီး ယခင်က တစ်တန်လျှင်ဒေါ်လာ ၇၀၀ မှ ၈၀၀ ဝန်းကျင်၌ရှိခဲ့ရာမှ ယခုအခါ ဒေါ်လာ ၁၀၀၀ ကျော်သို့ရောက်ရှိလာကြောင်း၊ ထိုင်း အရည်အသွေးမြင့်ဆန်သည် ဆန်လုံးရှည်ခြင်း၊ ဆန်သားနူးညံ့ခြင်းနှင့် အနံ့မွှေးခြင်းတို့ကြောင့် လူကြိုက်များပြီး ၎င်းဆန်ကို ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ဒေသတချို့တွင်သာ စိုက်ပျိုးနိုင်ကြောင်း လေ့လာသိရှိရပါသည်။

အင်ဒိုနီးရှား ကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ Bulog သည် တောင်သူများထံမှ ဆန်ပမာဏများစွာ ဝယ်ယူနိုင်ရန် ယခုနှစ်အတွင်း အစိုးရအရန်ဆန်အချို့ကို ပြည်ပသို့တင်ပို့သွားမည်ဟု အဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ဆန်တင်ပို့နိုင်ရေးအတွက် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးထားကြောင်း၊ ဧပြီလနှင့်မေလတို့၌ တောင်သူများထံမှ တတ်နိုင်သမျှ ဆန်ဝယ်ယူမှုများပြုလုပ်ပြီး ပြည်ပသို့ ဆန်တင်ပို့မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆန်ဂိုဒေါင်များတွင် ရှိသော အစိုးရ အရန်ဆန်မှာ တန်ချိန် ၂ ဒသမ ၁ သန်းသို့ရောက်ရှိနေပြီး ဧပြီလ၌

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၄၉ ဒေါ်လာနှုန်းဖြင့် ၁၃ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၅ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၁ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၀၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၉၀ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၆ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၁၁ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၁ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၈၀ |
| ၅ | Ecuador | လီတာ | ၀.၂၇ | အိုက်စလန် | လီတာ | ၁.၇၆ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၂၁ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၄ | ၀.၉၆ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၅.၁.၂၀၁၉ | စည် | ၅၃.၁၃ |
| ၂ | ၂၈.၁.၂၀၁၉ | စည် | ၅၁.၉၉ |
| ၃ | ၂၉.၁.၂၀၁၉ | စည် | ၅၃.၃၁ |
| ၄ | ၃၀.၁.၂၀၁၉ | စည် | ၅၄.၂၃ |
| ၅ | ၃၁.၁.၂၀၁၉ | စည် | ၅၃.၇၉ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၂၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဇန်နဝါရီလ နောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ကျဆင်းခဲ့သော်လည်း ကမ္ဘာ့ရွှေဈေးသည် ယခုတစ်ပတ်အတွင်း အမြင့်ဆုံးဈေးဖြစ်သည့် ရွှေတစ်အောင်စလျှင် ၁၃၂၁ ဒေါ်လာထိ မြင့်တက်လာခဲ့ပြီး ပြည်တွင်းဈေးကွက်တွင်လည်း ရွှေဈေးနှုန်းမှာလည်း ဆက်လက်မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ပို့ကုန်မှရရှိသည့် နိုင်ငံခြားငွေဈေး Earning သည် တစ်ဒေါ်လာလျှင်ကျပ် ၁၅၁၀ ဈေးရှိကြောင်း ယခုရက်ပိုင်းအတွင်း တစ်ရက်လျှင် ၂ ဒေါ်လာမှ ၃ ဒေါ်လာခန့် တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၃ ဒေါ်လာခန့်မြင့်တက်ခဲ့ကြောင်း ငွေကြေးဈေးကွက်နှင့် ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရပါသည်။

ဇန်နဝါရီ ၂၅ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၅၃၀၀၀ ကျပ်ဖြစ်ခဲ့ပြီး ဆက်လက်မြင့်တက်လာရာ ဇန်နဝါရီ ၃၁ ရက်တွင် ၁၀၆၁၅၀၀ ကျပ်ထိ မြင့်တက်လာ ခဲ့ပါသည်။ မြန်မာ့ရွှေဈေးသည် ပြည်တွင်းဒေါ်လာငွေလဲနှုန်း၊ ကမ္ဘာ့ရွှေဈေး၊ နိုင်ငံတကာ ဒေါ်လာငွေကြေးဈေးကွက်များ အပေါ် တည်မှီနေသည့်အတွက် မြန်မာ့ရွှေဈေးမှာ အတက်ဘက်သို့ ဆက်သွားနေဦးမည်သာ ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၈၃ |
| ၂ | ၂.၁.၂၀၁၉ | ၁၀၄၅၅၀၀ | ၁၂၈၇ |
| ၃ | ၃.၁.၂၀၁၉ | ၁၀၄၈၅၀၀ | ၁၂၈၈ |
| ၄ | ၄.၁.၂၀၁၉ | ၁၀၅၀၀၀၀ | ၁၂၉၅ |
| ၅ | ၆.၁.၂၀၁၉ | ၁၀၄၇၀၀၀ | ၁၂၈၅ |
| ၆ | ၇.၁.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၉၁ |
| ၇ | ၈.၁.၂၀၁၉ | ၁၀၄၆၀၀၀ | ၁၂၈၃ |


စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ Foreign Agricultural Service (USDA) စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဥရောပသမဂ္ဂနိုင်ငံများဖြစ်ကြပြီး၊ သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဖြစ်ကြပါသည်။ အင်ဒိုနီးရှားနိုင်ငံပြီးလျှင် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး သကြားလိုအပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံသည် သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင်

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 30-Jan-19 | 12.68 cts/lb | 12.98 cts/lb | 344.45 $/T | 15.62 cts/lb |
| 29-Jan-19 | 12.81 cts/lb | 13.00 cts/lb | 347.50 $/T | 15.76 cts/lb |
| 28-Jan-19 | 12.91 cts/lb | 13.00 cts/lb | 350.15 $/T | 15.88 cts/lb |
| 25-Jan-19 | 12.59 cts/lb | 12.99 cts/lb | 344.20 $/T | 15.61 cts/lb |
| 24-Jan-19 | 13.12 cts/lb | 12.96 cts/lb | 355.35 $/T | 16.12 cts/lb |
| 23-Jan-19 | 13.09 cts/lb | 12.87 cts/lb | 355.25 $/T | 16.11 cts/lb |
| 22-Jan-19 | 13.06 cts/lb | 12.80 cts/lb | 352.90 $/T | 16.01 cts/lb |
| 21-Jan-19 | 13.11 cts/lb | 12.74 cts/lb | 358.90 $/T | 16.28 cts/lb |
| 18-Jan-19 | 13.16 cts/lb | 12.69 cts/lb | 357.25 $/T | 16.20 cts/lb |
| 17-Jan-19 | 13.00 cts/lb | 12.64 cts/lb | 352.65 $/T | 16.00 cts/lb |
| 16-Jan-19 | 13.30 cts/lb | 12.60 cts/lb | 358.40 $/T | 16.26 cts/lb |
| 15-Jan-19 | 13.25 cts/lb | 12.55 cts/lb | 359.00 $/T | 16.28 cts/lb |
| 14-Jan-19 | 12.88 cts/lb | 12.49 cts/lb | 348.80 $/T | 15.82 cts/lb |
| 11-Jan-19 | 12.89 cts/lb | 12.47 cts/lb | 349.65 $/T | 15.86 cts/lb |
| 10-Jan-19 | 12.80 cts/lb | 12.45 cts/lb | 348.65 $/T | 15.81 cts/lb |
| 9-Jan-19 | 13.01 cts/lb | 12.42 cts/lb | 351.65 $/T | 15.95 cts/lb |
| 8-Jan-19 | 12.90 cts/lb | 12.40 cts/lb | 349.00 $/T | 15.83 cts/lb |
| 7-Jan-19 | 12.74 cts/lb | 12.39 cts/lb | 347.15 $/T | 15.75 cts/lb |
| 4-Jan-19 | 12.04 cts/lb | 12.39 cts/lb | 333.15 $/T | 15.11 cts/lb |
| 3-Jan-19 | 11.83 cts/lb | 12.44 cts/lb | 329.60 $/T | 14.81 cts/lb |
| 2-Jan-19 | 12.04 cts/lb | 12.52 cts/lb | 330.85 $/T | 15.01 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

ငါးနိုင်ငံမြောက်အဖြစ် ပါဝင်ကာ နှစ်စဉ်ပျမ်းမျှသကြား တန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင်တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် ခြောက်သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့သကြားဈေးနှုန်းများ အနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင်ဇန်နဝါရီလ ၂ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၈၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဇန်နဝါရီလ ၃၀ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၄ ဒသမ ၄၅ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၉ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၁ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၅၀၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၈၄-၃၉၃၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၃၇-၅၉၁ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်နိုင်ငံ၏ သကြားဈေးနှုန်းများမှာ အနည်းငယ် ကျဆင်း၍ တရုတ်၊ ပါကစ္စတန်နှင့်

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

အိန္ဒိယနိုင်ငံတို့တွင် ဈေးနှုန်းအနည်းငယ် မြင့်တက်နေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၃၀ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြား တစ်တန်လျှင် ပျမ်းမျှဈေးမှာအမေရိကန်ဒေါ်လာ ၆၃၀ သာရှိပြီး တရုတ်နိုင်ငံတွင် သကြား တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၁ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၅၁ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၅၂၄ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ပြည်တွင်း ကြံဈေးကွက်အခြေအနေဖြင့် ပြည်ပမှတင်သွင်းထားသော သကြားများရောင်းချမှု မပြုလုပ်နိုင်သေးခြင်းနှင့် လုပ်ငန်းလိုင်စင်များဖြင့် ဝယ်ယူထားသော သကြားများမှာလည်း ပြည်တွင်းတွင် စုပြုံနေခြင်းကြောင့် ကြံခုတ်ရာတွင် ကြံဈေးများမှာကျဆင်းနေပြီး စိုက်ပျိုးတောင်သူများ အဆင်မပြေ ဖြစ်ပေါ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကြံနှင့်သကြားထုတ်လုပ်သူများထံမှ သိရှိရပါသည်။ ကြံစတင် ခုတ်သိမ်းသည့် ရာသီဖြစ်သော်လည်း ပြည်တွင်းတွင် သကြားများစုပုံနေခြင်းကြောင့် ယခင်နှစ်က ယခု အချိန်တွင် ကြံတစ်တန်လျှင် ကျပ် ၄၅၀၀၀ ရှိခဲ့သော်လည်း ယခုနှစ်တွင် စက်ရုံအနီးအဝေးပေါ် မူတည်၍ တစ်တန်လျှင်အမြင့်ဆုံးကျပ် ၄၅၀၀၀ မှ အနိမ့်ဆုံး ၃၈၅၀၀ သာရရှိပြီး ကြံခုတ်လုပ်သားရှားပါးသည့်အတွက် လုပ်အားခစရိတ် ကြီးမြင့်ခြင်းကြောင့် ကြံစိုက်သူတောင်သူများမှာ အခက်အခဲများဖြစ်နေကြောင်း လေ့လာသိရှိရပါသည်။

ထို့ပြင် ပြည်တွင်းတွင် သကြားများစုပြုံနေခြင်းနှင့် ကြံခုတ်သည့်ရာသီနှင့် တိုက်ဆိုင်နေခြင်းကြောင့် ယခုဈေးထက် ဈေးဆက်လက်ကျဆင်းနိုင်ဖွယ်ရှိနေကြောင်း၊ ယခုဈေးထက် ဆက်လက်ကျဆင်းပါက တောင်သူများအနေဖြင့် လာမည့်နှစ်တွင် ကြံစိုက်ပျိုးမှု လျော့ချသွားနိုင်ကြောင်း သိရှိရပါသည်။ လက်ရှိတွင် ပြည်ပသို့တင်ပို့သည့် သကြားဖြူဈေးမှာ တစ်ပိဿာလျှင်ကျပ် ၁၀၀၀ ရှိပြီး ပေါင်းသကြားမှာ တစ်ပိဿာလျှင်ကျပ် ၁၃၀၀ ရှိကြောင်း၊ အောက်တိုဘာလမှစတင်၍ သကြားအလုံးအရင်းတင်ပို့မှုကို ရပ်ဆိုင်းထားသဖြင့် ပြည်ပသို့တင်ပို့သည့်ဈေးမှာ ဆက်တိုက်ကျဆင်းလာကြောင်း သကြားကုန်သည်များထံမှ သိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင် ကျပ်၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီးမြို့နှင့် ဘားအံမြို့တို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | ဇန်နဝါရီ ၂၅ | ဇန်နဝါရီ ၂၈ | ဇန်နဝါရီ ၂၉ | ဇန်နဝါရီ ၃၀ | ဇန်နဝါရီ ၃၁ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၁ ဒသမ ၉၃ ရာခိုင်နှုန်းဈေးနှုန်းကျဆင်းသွားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ဈေးကွက်အတွင်း သကြားဈေးနှုန်းမှာ သိသိသာသာပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။


## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၉ | ၁၀.၁.၂၀၁၉ | ၁၀၄၈၀၀၀ | ၁၂၉၂ |
| ၁၀ | ၁၁.၁.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၉၃ |
| ၁၁ | ၁၂.၁.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၈၇ |
| ၁၂ | ၁၄.၁.၂၀၁၉ | ၁၀၄၇၅၀၀ | ၁၂၉၄ |
| ၁၃ | ၁၅.၁.၂၀၁၉ | ၁၀၄၆၀၀၀ | ၁၂၈၉ |
| ၁၄ | ၁၆.၁.၂၀၁၉ | ၁၀၅၀၀၀၀ | ၁၂၉၀ |
| ၁၅ | ၁၇.၁.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၉၄ |
| ၁၆ | ၁၈.၁.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၈၅ |
| ၁၇ | ၁၉.၁.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၈၂ |
| ၁၉ | ၂၁.၁.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၇၈ |
| ၂၀ | ၂၂.၁.၂၀၁၉ | ၁၀၅၃၅၀၀ | ၁၂၈၄ |
| ၂၁ | ၂၃.၁.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၈၅ |
| ၂၂ | ၂၄.၁.၂၀၁၉ | ၁၀၅၃၀၀၀ | ၁၂၈၀ |
| ၂၃ | ၂၅.၁.၂၀၁၉ | ၁၀၅၃၀၀၀ | ၁၂၈၃ |
| ၂၄ | ၂၆.၁.၂၀၁၉ | ၁၀၅၇၀၀၀ | ၁၃၀၃ |
| ၂၅ | ၂၇.၁.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၃၀၃ |
| ၂၆ | ၂၉.၁.၂၀၁၉ | ၁၀၅၈၀၀၀ | ၁၃၀၈ |
| ၂၇ | ၃၀.၁.၂၀၁၉ | ၁၀၆၁၀၀၀ | ၁၃၁၃ |
| ၂၈ | ၃၁.၁.၂၀၁၉ | ၁၀၆၁၅၀၀ | ၁၃၂၁ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းသည် ပြန်လည်ကျဆင်းလာခဲ့ပြီး ဇန်နဝါရီ ၂၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၂ ကျပ်ရှိခဲ့ပြီး ဇန်နဝါရီလ ၂၈ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၃၃ ကျပ်၊ ဇန်နဝါရီလ ၂၉ ရက်တွင် ၁၅၂၆ ကျပ်၊ ဇန်နဝါရီလ ၃၀ ရက် တွင် ၁၅၂၂ ကျပ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ၁၅၁၈ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်း ပြင်ပငွေကြေးဈေးကွက်တွင် ဇန်နဝါရီလ ၂၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၃၀၊ ဇန်နဝါရီ ၂၈ ရက်တွင် ၁၅၂၅ ကျပ်၊ ဇန်နဝါရီ ၂၉ ရက်တွင် ၁၅၂၂ ကျပ်၊ ဇန်နဝါရီ ၃၀ ရက်တွင် ၁၅၁၇ ကျပ်နှင့် ဇန်နဝါရီ ၃၁ ရက်တို့တွင် ကျပ် ၁၅၁၀ ပေါက်ဈေးရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 %၊ Annual Rate of Inflation 6.86 %၊ Year on Year Inflation 6.85 % ရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံတကာ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများအတွက် ပြည်တွင်းဘဏ်များကို တရုတ်ယွမ်ငွေနှင့် ဂျပန်ယန်းငွေများ စတင်သုံးဆွဲခွင့်ပြုကြောင်း ဇန်နဝါရီလ ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်ကို သိရှိရပါသည်။ ထိုသို့ခွင့်ပြုခြင်းမှာ နိုင်ငံတကာ ငွေပေးချေမှုများနှင့် နယ်စပ်ကုန်သွယ်ရေး ငွေပေးချေမှုများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းကို လိုင်စင်ရဘဏ်များအတွက်သာဖြစ်ပြီး လူတစ်ဦးနှင့် အခြားအဖွဲ့အစည်းများ ငွေစာရင်းဖွင့်လှစ်ခွင့် မပြုကြောင်း သိရှိရပါသည်။ ပြည်တွင်း၌ နိုင်ငံခြားသုံးငွေအဖြစ် အမေရိကန်ဒေါ်လာ၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်နှင့် ယူရိုငွေများကို ငွေလဲကောင်တာများနှင့် ဘဏ်များတွင် နိုင်ငံခြားသုံးငွေအဖြစ် ခွင့်ပြုထားခြင်းဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတွင် ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၉၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ဇန်နဝါရီလ ဆန်းပိုင်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၄၆ ကျပ်ဖြင့် စတင်ခဲ့သော်လည်း ဇန်နဝါရီလ ၃၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၈ ကျပ်သို့ ကျဆင်းလာခဲ့ပြီး တစ်ဒေါ်လာလျှင် ၂၈ ကျပ်ခန့်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်လာဈေးမတည်ငြိမ်မှုသည် တိုင်းပြည်စီးပွားရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် ဒေါ်လာဈေးနှုန်း တည်ငြိမ်နေရန် လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်း ဒေါ်လာနှင့် ရွှေဈေးကွက် အပေါ်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်၍ လိုအပ်သည့်ထိန်းကျောင်းမှုများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါ သည်။

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၅-၁-၁၈ | ၂၈-၁-၁၉ | ၂၉-၁-၁၉ | ၃၀-၁-၁၉ | ၃၁-၁-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၃၂ | ၁၅၃၃ | ၁၅၂၆ | ၁၅၂၂ | ၁၅၁၈ | -၀.၉၁၄ | ⬇ |
| ၂ | Thai Baht | THB | ၃၁.၆၈၅ | ၃၁.၄၉၀ | ၃၁.၅၇၃ | ၃၁.၄၁၅ | ၃၁.၂၆၀ | -၁.၃၄၁ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၆၀ | ၁.၃၅၂ | ၁.၃၅၄ | ၁.၃၅၁ | ၁.၃၄၇ | -၀.၉၅၆ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၄၃ | ၄.၁၁၂ | ၄.၁၁၄ | ၄.၁၀၆ | ၄.၀၉၃ | -၁.၂၀၇ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၆၈ | ၁၄၁၂၆ | ၁၄၀၉၃ | ၁၄၁၂၀ | ၁၄၀၆၅ | -၀.၇၂၇ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၇၈၈ | ၆.၇၃၃ | ၆.၇၄၈ | ၆.၇၁၆ | ၆.၇၀၂ | -၁.၂၆၇ | ⬇ |
| ၇ | Indian Rupee | INR | ၇၁.၀၄၁ | ၇၀.၉၀၇ | ၇၁.၁၀၉ | ၇၁.၄၃၂ | ၇၁.၂၃၄ | ၀.၂၇၂ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၉.၇၆၆ | ၁၀၉.၄၄၅ | ၁၀၉.၂၀၃ | ၁၀၉.၂၅၃ | ၁၀၈.၉၁၉ | -၀.၇၇၂ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၄၁၁ | ၁.၃၉၀ | ၁.၃၉၇ | ၁.၃၉၁ | ၁.၃၇၉ | -၂.၂၆၈ | ⬇ |
| ၁၀ | Euro | EUR | ၀.၈၈၄ | ၀.၈၇၆ | ၀.၈၇၅ | ၀.၈၇၄ | ၀.၈၇၀ | -၁.၅၈၄ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၃ | ၀.၇၅၈ | ၀.၇၆၀ | ၀.၇၆၄ | ၀.၇၆၂ | -၀.၁၃၁ | ⬇ |

Source:Central Bank of Myanmar


# GSP အခွင့်အရေးနောက်မှ EU မြန်မာကုန်သွယ်မှု

[ မျိုးကေဝင်း ]




***ဥရောပသမဂ္ဂ (EU) ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံ ၂၈ ခုကို ပေါင်းစည်းထားပြီး ကမ္ဘာ့အကောင်းဆုံး စီးပွားရေး ဘုံစနစ်တစ်ခုကို ပိုင်ဆိုင်ထားသည့် နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ EU နိုင်ငံတွေရဲ့ပြည်တွင်းအသားတင် ထုတ်လုပ်မှု GDP ယူရို ၁၅ ဒသမ ၃ ထရီလီယံအထိရှိခဲ့လို့ အမေရိကန်ပြည်ထောင်စုထက်ပင် ပမာဏပိုမိုခဲ့ပြီး ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၁၅ ရာခိုင်နှုန်းခန့်အထိရှိခဲ့ပါတယ်။ EU၊ တရုတ်၊ အမေရိကန်တို့ဟာ ကမ္ဘာ့ကုန်သွယ်မှုအင်အားကြီးနိုင်ငံများအဖြစ် ရပ်တည်နေတာလည်း ဖြစ်ပါတယ်။***

EU အနေနဲ့ LDC လို့ခေါ်တဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေအပေါ်မှာပေးတဲ့ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးဖြစ်တဲ့ ယေဘုယျအကောက်ခွန်သက်သာခွင့် (GSP) ပေးတဲ့နေရာမှာ မြန်မာနိုင်ငံကလည်း EU GSP အခွင့်အရေးရရှိတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ၁၉၉၇ လောက်က ပြည်တွင်းမှာ အလုပ်သမားများကို အတင်းအကြပ်ခိုင်းစေမှုရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ပိတ်သိမ်းခံရတဲ့ GSP အခွင့်အရေးဟာ ၂၀၁၃ ခုနှစ်အတွင်းမှာ ပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။ EBA လို့ခေါ်တဲ့ "လက်နက်မှလွဲလို့ကျန်ကုန်ပစ္စည်းများအားလုံး" ကုန်သွယ်မှု အထူးအခွင့်အရေး ပေးထားခဲ့တာ ဖြစ်ပါတယ်။ အကောက်ခွန်သက်သာခွင့်ရရှိတဲ့အတွက် မြန်မာ့ပို့ကုန်တွေဟာ EU ဈေးကွက်ကိုပိုမို ထိုးဖောက်နိုင်ခဲ့တဲ့အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း EU Myanmar ကုန်သွယ်မှုအခြေအနေ ပိုမိုတိုးတက်လာရခြင်း ဖြစ်ပါတယ်။





*ပုံ-၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြန်မာ EU ကုန်သွယ်မှုအခြေအနေ*

## EU Myanmar ကုန်သွယ်မှု

EU-မြန်မာ ကုန်သွယ်မှုအခြေအနေကို ပြန်ကြည့်ရင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈ ဘီလီယံရှိရာကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့်အထိ နှစ်အလိုက် တိုးတက်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ GSP အခွင့်အရေး ပြန်လည်ရရှိခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကနေ နှစ်စဉ်ကုန်သွယ်မှုပိုမိုတိုးတက်လာတဲ့ အနေအထားဖြစ်ပါတယ်။

ဒီလိုတင်ပို့ခဲ့တဲ့နေရာမှာ CMP (အထည်ချုပ်) ပစ္စည်းများကနှစ်အလိုက် အများဆုံး တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ **စာမျက်နှာ ၂၅ သို့**




*ပုံ-၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြန်မာ မှ EU သို့ ပို့ကုန် တင်ပို့မှု အခြေအနေ*






# GLORIOUS WHITE HOUSE

## M&E ENGINEERING CO.,LTD

M & E SOLUTIONS

We provide planning advice within the costruction industry.Focusing in particular with M.E.P (Mechinal, Electrical, Plumbing) aspect of a costruction, we help our clients to meet the ever-increasing demands for better value and faster construction.

## MEP Service

Design, Installation, Testing & Commissioning of MEP Works

## Electrical

Power Distribution Systems* Lighting Control * Power Genration* ELV System * Structural Cabling* MATV System*Integrated Security System* PA System* CCTV* Fire Detection & alam* Acess Control

## Mechanical

HVAC * Buildin Automation* District Cooling Plants* Industrial& Process Sevices* Plants &Machinery Installation * Refrigeration *Fire Fighting .

## PLUMBING

Hot &Cold Water Supply System* Irrigation System * Swmming Pool* Drainage * Sanitation* Rain Water* Sewage Treatment.

Design, Supply & Installation of MEP all services



Central Hotel (Ngwe Saung) Project

Installation of Plumbing & Sanitary Service



Junction City (Hotel) Project

Installation of Electrical (HT&LT) service




Ajinomoto Factory Project (Thilawa)

Design, Supply & Installation of MEP all services



Matsunaga Factory Project (Thilawa)

Installation of Electrical (LT) service



Sule Square Office Tower

Supply & Installation of MEP all services



Black Canyon Stores (Yangon)

Installation of P&S and Fire Fighting Services



Yakult Factory Project (Thilawa)

Supply & Installation of MEP all services



Berger King + Thai Express Stores (Yangon)

Design, Supply & Installation of MEP all services



Bluescope Factory Project (Thilawa)

Installation of Electrical (HT&LT) service




Volkswagen Show Room Project

Supply & Installation of P&S and Fire Fighting Services



SICC Project

Installation of Electrical (LT) service



Infinitay Residence Project

No.5/A, Mya Wutt Yi Street, Quarter 13, Yankin Tsp., Yangon, Myanmar.
Office : (+95) 9 250 41 2255, (+95) 9 790 41 2255, (+95) 9 970 41 2255
Email : info@gwhengineering.com , Website : www.gwhengineering.com

# ကြာမြင့်ချိန်လျှော့ချရေးလေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု(Time Release Study) အကောင်အထည်ဖော်ရန်အတွက် လက်တွေ့အလုပ်ရုံဆွေးနွေးပွဲအား မြဝတီကုန်သွယ်ရေးဇုန်တွင် ကျင်းပ

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ နည်းပညာအကူအညီ (TA9312: Advancing Time Release Studies in Southeast Asia)အရ ကြာမြင့်ချိန်လျှော့ချရေး လေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှုအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ADB မှ International Consultant & Team Leader ဖြစ်သူ Mr. Stephen Cox နှင့် အကောက်ခွန်ဦးစီးဌာနမှ မြဝတီကုန်သွယ်ရေးဇုန် 2nd TRS Working Group အဖွဲ့ဝင်များပူးပေါင်း၍ ကုန်သွယ်မှုအသိုင်းအဝိုင်းမှ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များအတွက် လက်တွေ့အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် လက်တွေ့စစ်တမ်းကောက်ယူမှုအား စောင့်ကြည့်လေ့လာခြင်းစသည့်ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခြင်းအတွက် ဖွင့်ပွဲအခမ်းအနားကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ နံနက် (၉:၃၀) နာရီမှ (၁၂:၀၀) နာရီအချိန်အထိ ကျင်းပပြုလုပ်ခဲ့ရာ ADB မှ International Consultant & Team Leader ဖြစ်သူ Mr. Stephen Cox နှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနတို့ မှ ကိုယ်စားလှယ်များ၊ မြဝတီနယ်စပ်ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ မြဝတီအကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်းမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များစုံလင်စွာ တက်ရောက်ခဲ့ကြသည်။



မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် TRS ကို ၂၀၁၄ ခုနှစ်တွင် Manual လုပ်ငန်းစဉ်ပေါ်ရှိ ကုန်ပစ္စည်းရှင်းလင်းထုတ်ယူမှု ကြာချိန်အတွက် စစ်တမ်းကောက်ယူခဲ့ပြီး၊ ဒုတိယအကြိမ်အဖြစ် MACCS စနစ်ဖြင့် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူမှုကြာချိန်ပေါ် မူတည်၍ စစ်တမ်းကောက်ယူသွားမှာဖြစ်ကြောင်း၊ ပထမအကြိမ် TRS ဆောင်ရွက်စဉ်က ရန်ကုန်မြို့မှာရှိတဲ့ အေးရှားဝေါလ်ဆိပ်ကမ်း၊ လေဆိပ်ကုန်လှောင်ရုံနှင့် မူဆယ် OSS တို့တွင် ဆောင်ရွက်ခဲ့ပြီး၊ ယခု ဒုတိယအကြိမ်မြောက် TRS ကိုတော့ အေးရှားဝေါလ်ဆိပ်ကမ်းနှင့် လေဆိပ်ကုန်လှောင်ရုံတို့တွင် ထပ်မံပြုလုပ်သွားမှာဖြစ်ကာ နယ်စပ်စစ်ဆေးရေးစခန်းအနေနဲ့ မြဝတီ OSS ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းတွင်လည်း ဒုတိယအကြိမ်ကြာမြင့်ချိန် လျှော့ချရေးလေ့လာဆန်းစစ်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး (Time Release Study - TRS) နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည့် အခမ်းအနားအား မြဝတီကုန်သွယ်ရေးဇုန်တွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ယနေ့ အခမ်းအနားသည် အဆိုပါ TRS စစ်တမ်းကောက်ယူမှုအား အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။

Time Release Study လို့ခေါ်တဲ့ TRS ဆိုသည်မှာ အချက်အလက်များ စုဆောင်းဆန်းစစ်ခြင်းအတွက် လက်နက်ကိရိယာတစ်ခုဖြစ်ပြီး အဆင်မပြေဖြစ်နေသည့်အရာများကို လျှော့ချအဆုံးသတ်နိုင်ရန်နှင့် ခေတ်မီစေရေးအစီအစဉ်များ အကောင်အထည် ဖော်ဆောင်သည့်လုပ်ငန်းစဉ်တိုးတက်မှုအခြေအနေကို အကဲဖြတ်နိုင်ရန်အတွက်ထောက်ပြပေးမည့် အဓိကနယ်ပယ်များကိုလည်း ကူညီရှာဖွေပေးနိုင်သည့် လေ့လာဆန်းစစ်မှုပညာတစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် သိပ္ပံနည်းကျလေ့လာတွေ့ရှိချက်များအရမည်သည့် အချက်အလက်များကို စုဆောင်းသင့်ကြောင်း၊ မည်သည့် အချက်အလက်များသည် လစ်ဟာနေကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးမှုရှိပါက မည်သို့ ပြုပြင်ဆောင်ရွက်သင့်ကြောင်း စသဖြင့် လေ့လာသည့်ပညာရပ်လည်းဖြစ်ကြောင်း သိရှိရပါသည်။

TRS ကို လုပ်ဆောင်ခြင်းအားဖြင့် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူသည့်လုပ်ငန်းစဉ်များ၏ မည်သည့်အပိုင်းတွင် အဆင်မပြေမှုများ (တစ်နည်းအားဖြင့် အခက်အခဲများ) ရှိနေသည်ကို သတ်မှတ်နိုင်ခြင်းနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် သင့်လျော်သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ခြင်းတို့ ပြုလုပ်လာနိုင်မည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပိုမိုများပြားလာကာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ကုန်သွယ်မှုကွင်းဆက်တွင် ပါဝင်သည့် အကောက်ခွန်ဦးစီးဌာန အပါအဝင် အစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှပါဝင်သူများ၏ လုပ်ဆောင်ချက်များကိုလည်း ပိုမိုကောင်းမွန်စေခြင်းဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာစွမ်းဆောင်နိုင်မှု ဂုဏ်သတင်းများကောင်းမွန်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် TRS အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ကုန်သွယ်မှု အသိုင်းအဝိုင်းတွင် ပါဝင်သောသက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ အရာရှိများ၏ အရည်အသွေးကို စစ်ဆေးပြီး စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် စနစ်တကျ စုဆောင်းထားသော အချက်အလက်များကို အသုံးပြု၍ ကုန်စည်စီးဆင်းမှုဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာစေသော အခက်အခဲများကို သိရှိလာနိုင်မည်ဖြစ်ကာ ထိုမှတစ်ဆင့် အခက်အခဲများကို ဖြေလျှော့နိုင်ရန် ကြိုးပမ်းခြင်းဖြင့် ကြာမြင့်ချိန်ကို လျှော့ချလာနိုင်မှာဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသည် ကုန်သွယ်မှုလွယ်ကူ လျင်မြန်ချောမွေ့စေရေး Trade Facilitation ကို အထောက်အကူပြုနိုင်မည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုဖြစ်ပြီး၊ မြန်မာ့အကောက်ခွန်သာမက ကုန်စည်စီးဆင်းမှု Supply Chain တစ်လျှောက်တွင် ပါဝင်ပတ်သက်နေသော အခြားသော ကုန်သွယ်မှုအသိုင်းအဝိုင်းရှိဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များအတွက်ပါ အကျိုးရှိစေမည့်ကိစ္စရပ်ဖြစ်ပါသည်။ ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် TRS စစ်တမ်းကောက်ယူမည့် မေးခွန်းလွှာအား အသေးစိတ်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှလည်း သိရှိလိုသည်များနှင့်အကြံပြုချက်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ကုန်သည်လုပ်ငန်းရှင်များ၊ အေဂျင်စီကိုယ်စားလှယ်များထံမှ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအား မြဝတီကုန်သွယ်ရေးဇုန်၊ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် မြဝတီကုန်သွယ်ရေးဇုန်၌ Time Release Study အတွက် စစ်တမ်းကောက်ယူခြင်းအား ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ လက်တွေ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဝင်းပပသူ(မြဝတီ)**

## ရော်ဘာဈေးမြှင့်တင်နိုင်ရေး ထိုင်းနိုင်ငံကြိုးပမ်း

ကမ္ဘာ့ရော်ဘာတင်ပို့မှုအများဆုံးနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံက နောင်လာမယ့်ငါးနှစ်အတွင်း ထုတ်လုပ်မှု ၃၀ ရာခိုင်နှုန်း လျှော့ချပြီး ၂၀၁၆ ခုနှစ်ကတည်းက အနိမ့်ဆုံးဈေးဖြစ်နေခဲ့တဲ့ ရော်ဘာဈေးနှုန်းကိုမြှင့်တင်ရန် ကြိုးပမ်းနေပါတယ်။ ထိုင်းနိုင်ငံက ရော်ဘာအပင်အိုတွေကိုခုတ်လှဲပြီး အခြားအပင်တွေနဲ့အစားထိုးကာ ရော်ဘာ ပိုလျှံနေမှုကို ကိုင်တွယ်ဖြေရှင်းမယ်လို့ စိုက်ပျိုးရေးဝန်ကြီး ဂရီဆဒါဘွန်းရာ့ချ်က ပြောပြပါတယ်။ သူတို့ရဲ့ပန်းတိုင်က ယခုလက်ရှိရော်ဘာအထွက် တန် ၄ ဒသမ ၅ သန်းမှ တန်ချိန် ၃သန်းထိ လျှော့ချဖို့ပါ။

စိုက်ပျိုးဧရိယာ ဟက်တာ ၄ ဒသမ ၂ သန်းရှိနေရာမှ ဟက်တာ ၂ ဒသမ ၄ သန်းထိ လျှော့ချဖို့ပါပဲလို့ ဗန်ကောက်မှာပြုလုပ်တဲ့အင်တာဗျူးတစ်ခုမှာပြောသွားပါတယ်။ ပြီးခဲ့တဲ့ ၈ နှစ်အတွင်း ရော်ဘာတွေ ကမျောသောပါးစိုက်လိုက်ကြတာ အထွက်နှုန်းက တလိမ့်လိမ့်တက်လာကာ ဈေးနှုန်းက ၅၀ ရာခိုင်နှုန်းကျော်ကျဆင်းသွားတာကြောင့် ကမ္ဘာ့ရော်ဘာစိုက်သူတွေ အတော်ရုန်းကန်နေကြရပါတယ်။ ကမ္ဘာ့စီးပွားရေးကား အားမကောင်း၊ ရော်ဘာတုလုပ်တဲ့ ရေနံဈေးက ပြိုကျနဲ့ ရော်ဘာဝယ်လို အားကိုခြိမ်းခြောက် နေတော့တယ်။ ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားတို့ ဒီလ နှောင်းပိုင်းမှာ တွေ့ကြပါဦးမယ်။ ဈေးနှုန်းကို ထောက်ပံ့ပေးဖို့ စီမံချက်တွေကို ဆုံးဖြတ်ချက်ချဖို့ပါပဲ။ ဒါပေမယ့်ဈေးကိုပြန်ထောင်မတ်လာစေဖို့ အိတ်စပို့လျှော့ချတဲ့ ယခင်ကြိုးပမ်းမှုက မအောင်မြင်ခဲ့ပါဘူး။ ရည်မှန်းချက်ပြည့်မီသည်အထိ သက်တမ်း ၂၅ နှစ်ခန့်ရှိအပင်တွေကို နှစ်စဉ်ဟက်တာ ၃၀၀၀၀၀ ကျော်ခုတ်သွားဖို့ အာဏာပိုင်တွေက စီစဉ်နေပါတယ်လို့ ဂရီဆဒါက ပြောပါတယ်။

ထိုင်းနိုင်ငံရဲ့ ရော်ဘာ အာဏာပိုင် Rubber Authority of Thailand ရဲ့ အဆိုပြုချက်နဲ့အညီဖြစ်တဲ့ ဒီစီမံကိန်းဟာ ဒီဆယ်စုနှစ် စောစောပိုင်းကာလက ရော်ဘာအထွက်အဆင့်ကို ပြန်ရောက်စေပါလိမ့်မယ်။ ရေတိုစီမံချက်နဲ့ဈေးနှုန်းကို မြှင့်တင်ဖို့လည်း ထိုင်းပြည် တွင်း ရော်ဘာအသုံးကို မြှင့်တင်ဖို့ စီမံချက်လည်း လုပ်ဆောင်နေပါတယ်။ ရော်ဘာကိုလက်အိတ်လုပ်ငန်းမှာ သုံးရုံနဲ့ ပမာဏအတော်များများကို လျှော့ ချနိုင်မှာမဟုတ်တော့၊ လမ်းခင်းလုပ်ငန်းမှာ အသုံးပြုဖို့က အဓိကဖြစ်နေပါတယ်။ ယခုလက်ရှိမှာတော့ ထွက်သမျှ ရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဟာ အိတ်စပို့ဈေးကွက်အတွက်ဖြစ်နေပါတယ်။ "One Village, One Kilometer တစ်ရွာတစ်ကီလိုမီတာ"အစီအစဉ်က ရွာငယ်ပေါင်း ၇၅၀၀၀ ရှိတဲ့ ထိုင်းနိုင်ငံအဖို့ ကျောက်ခင်းလမ်းတွေကို ရော်ဘာခင်းလမ်းအဖြစ် အစားထိုးခင်းဖို့ အားပေးအားမြှောက်ပြုနိုင်ပါမယ်။ယခင်ကထိုင်းမှာ One Village, One Product တစ်ရွာထုတ်ကုန်တစ်မျိုးထုတ်တဲ့ စီမံကိန်းကို ထိုင်းဘုရင် ဦးဆောင်လုပ်ခဲ့တာ အလွန် အောင်မြင်ခဲ့တာ ယခုလက်တွေ့မြင်နေရတယ်။ ရော်ဘာသုံးလမ်းခင်းတာဟာ ကတ္တရာထက်ကိုကြာရှည်ခံတယ်။ ပြင်းထန်တဲ့ရာသီဥတုဒဏ်ကိုလည်း ခံနိုင်တယ်လို့ ဂရီဆဒါက ပြောပါတယ်။ ရှေ့ပြေး စီမံကိန်း ၁၂ ခုရှိတယ်။ ဝန်ကြီးဌာနက စီရင်စုတစ်ခုစီမှ ကိုယ်စားလှယ်တွေကို ရော်ဘာလမ်းခင်းခြင်းလုပ်ငန်းနဲ့ပတ်သက်လို့ ဇန်နဝါရီ ၁၁ ရက်မှာ ရှင်းလင်း ပြောကြားပါမယ်။ ဒီစီမံကိန်းအနေနဲ့ ရော်ဘာတန်ချိန် တစ်သန်းကျော်သုံးရမယ်လို့ မျှော်လင့်ထားတယ်။ ဒီပမာဏဟာ ထိုင်းနိုင်ငံရဲ့နှစ်စဉ်ရော်ဘာအထွက်ရဲ့ ၄ ပုံ ၁ ပုံခန့်ရှိပါတယ်။

**ကုန်သွယ်ရေးစခန်း (ကော့သောင်း)**

# နဝမအကြိမ်မြောက်ခဲ့ပြီဖြစ်သော မြိတ်မြို့ MSME စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲ

[ မောင်လွင်ပြင် ]

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်နံတစ်လျား ကျင်းပ လျက်ရှိသည်။ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက ဦးဆောင်မှုဖြင့်ကျင်းပခြင်းလည်း ဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် နေရာစေ့အောင်ကျင်းပမည့်သဘောလည်းရှိသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့်လည်း တည်ရှိနေသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်လည်း ဒေသထွက်ကုန်ကိုယ်စီရှိနေပြီး ဒေသထွက်ကုန်ကုန်စည်များအခြေခံပြီး အသေးစား၊ အငယ်စားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများလည်းရှိနေ ကြသည်။ သို့သော် အချို့လုပ်ငန်းများ အရှိန်ကောင်းကောင်းလည်ပတ်နေသည်။ အချို့လုပ်ငန်းများ အားအင်ချိနဲ့နေ၏။ အချို့လုပ်ငန်းများကား ရုန်းကန်လှုပ်ရှားနေရသည့် အနေအထားများရှိနေသည်ဟု သိနေရ၏။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ၏ ထုတ်ကုန် ပစ္စည်းပြပွဲပြိုင်ပွဲကျင်းပရခြင်းသည် အရှိန်ကောင်းကောင်းလည်ပတ်နေသည့် လုပ်ငန်းများ ပိုမိုအရှိန်ကောင်းပြီး လုပ်ငန်းကြီးထွားချဲ့ထွင်နိုင်မည်။ အရှိန်လျော့နေသောလုပ်ငန်းများ အရှိန်မြှင့်ရေး ဈေးကွက်ရှာနိုင်မည်။ မနည်းရုန်းကန်နေရသော လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှာဖွေနိုင်ပြီး လိုအပ်သည့် ချေးငွေရရာရကြောင်း လမ်းကြောင်းများ ပေါ်လာစေမည်ဖြစ်သည်။ ယင်းသည် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲ ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက် တစ်စိတ်တစ်ဒေသလည်းဖြစ်သည်။ MSME လုပ်ငန်းရှင်များကတော့ ယင်းသို့ကျင်းပခြင်းကို တစ်ခဲနက်ကြိုဆိုသည်ဆိုသော အသံများကြားနေရသည်။ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာပါမှ နိုင်ငံတော်စီးပွားရေး အရှိန်အဟုန်အားကောင်းစေမည်။ နိုင်ငံ့စီးပွားရေးအားကောင်းလျှင် MSME လုပ်ငန်းများလည်း ပိုမိုရှင်သန်အားကောင်းလာမည်။ MSME စီးပွားရေးလုပ်ငန်းများ အားကောင်းပြီး ပိုမိုတိုးချဲ့လာနိုင်လျှင်အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးလာမည်။

တနင်္သာရီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက် က မြိတ်မြို့၌ကျင်းပခဲ့၏။ တနင်္သာရီတိုင်းဒေသကြီးအတွက် MSME ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲသည် နဝမအကြိမ်ဖြစ်သည်။ MSME ထုတ်ကုန် ပစ္စည်း ပြပွဲပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကျင်းပလာခဲ့ရာ ယခုနဝမအကြိမ်မြောက်ခဲ့ပြီ။ နဝမအကြိမ်မြောက်ခဲ့သည်ဖြစ်၍ MSME စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများ အများပြည်သူစိတ်ဝင်စားပြီး အောင်မြင်မှုရခဲ့သည်ဟုဆိုနိုင်သည်။ MSME စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲကျင်းပခြင်းအစီအစဉ်ကို ပြန်လှန်ကြည့်သောအခါ ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ ကျင်းပခဲ့၏။ ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး မကွေးမြို့၊ တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ စတုတ္ထအကြိမ် ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ပဉ္စမြောက်အကြိမ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ဆဋ္ဌမအကြိမ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ သတ္တမအကြိမ် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့နှင့် အဋ္ဌမအကြိမ် မွန်ပြည်နယ် မော်လမြိုင်မြို့တို့၌ အသီးသီးကျင်းပခဲ့ပြီးကြောင်း တွေ့ရသည်။

MSME စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲ ပြိုင်ပွဲများ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နေရာနှံ့အောင် ကျင်းပပြီးစီးသွားသောအခါ နောက်ဆုံးအဆင့်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးပါဝင်မည့် နိုင်ငံတော်အဆင့် ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲကြီးကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျင်းပသွားမည်ဟုသိရသည်။ ဘယ်တော့လဲဆိုသည်တော့ ခန့်မှန်းပြောကြားခြင်း မရှိသေးပါ။ နဝမအကြိမ်ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ MSME စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန် ပစ္စည်းပြပွဲပြိုင်ပွဲသည် ကျင်းပပြီးသမျှ ပြပွဲပြိုင်ပွဲများထက် တစ်မူထူးခြားခဲ့သည်ဆို၏။ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံ MSMEs လုပ်ငန်းရှင်များပါလာရောက်ပြသကြသည်ကိုတွေ့ရသောကြောင့်ဖြစ်သည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်ရှည်လျားလျား ထိစပ်နေသည်။


အချို့နေရာတွင် မြစ်တစ်မြစ်သာခြား၏။ အချို့နေရာများတွင် တောင်တစ်တောင်ကျော်လိုက်ရုံဖြင့် ရောက်သွားသည်။ နယ်စပ်ဖြတ်ကျော် ကုန်ကူးသန်းရောင်းဝယ်ရေးလည်း ထွန်းကား၏။ နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် နယ်စပ်ကုန်သွယ်ရေးဂိတ်အချို့လည်း တရားဝင်ဖွင့်လှစ်ထား၏။ ချစ်ကြည်ရေးတံတားလည်း ထိုးထား၏။

ထိုင်းဘက်မှ MSMEs လုပ်ငန်းရှင်များ မြန်မာဘက်ကူးလာပြီး ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲ လာနွှဲခြင်းမှာ ဈေးကွက်လာရှာခြင်း သို့မဟုတ် ဈေးကွက်မိတ်ဆက်ခြင်း သို့မဟုတ် မြန်မာ့ MSME ထုတ်ကုန်ပစ္စည်းများအခြေအနေလာ အကဲခတ်ခြင်းဖြစ်မည်ဟု အလွယ်တွေးဆနိုင်သည်။ MSME စီးပွားရေးလုပ်ငန်းဆိုသည်ကလည်း ဈေးကွက်ရှာနိုင်ရမည်ဖြစ်၏။ ယခုနိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် စီစဉ်ကျင်းပနေသော MSMEs စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများကျင်းပနေခြင်းသည်လည်း ဈေးကွက်ရှာပေးနေခြင်း၊ ဈေးကွက်ဖော်ဆောင်နေခြင်း၊ ဈေးကွက်ထိုးဖောက်ဖို့ အခြေအနေများ ဖန်တီးပေးနေခြင်းဟု နားလည်နိုင်သည်။ မြိတ်မြို့၌ ထုတ်ကုန်ပစ္စည်းများပြပွဲပြိုင်ပွဲသို့ ထိုင်းနိုင်ငံ MSMEs လုပ်ငန်းရှင်များ လာရောက်ပြသသောအခါ သူတို့၏လုပ်နည်းကိုင်ဟန်များကို လေ့လာကြည့်ထားဖို့လိုပါမည်။ သူတို့က မိမိတို့ထက် ဈေးကွက်အမြင်ပိုရှိသည်။ သူတို့၏ MSME ထုတ်ကုန်ပစ္စည်းများ လူဝယ်ချင်အောင် ဖန်တီးကြရာတွင် ကိုယ့်ထက်အများကြီး သာသည်။ သူတို့၏ MSMEsစီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု သက်တမ်းက ကိုယ့်ထက်နှစ်ပေါင်းများစွာ လုပ်ငန်းအတွေ့အကြုံရှိသည်။ ထို့ကြောင့် သူတို့၏ လုပ်နည်းကိုင်ဟန်ကို လေ့လာရပါမည်။

မြိတ်မြို့ MSME ထုတ်ကုန်ပစ္စည်းများပြပွဲပြိုင်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဒုတိယသမ္မတဦးမြင့်ဆွေ အမှာစကားပြောကြား၏။ ၎င်းပြောကြားချက်ထဲတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ နောက်ထပ်အစီအစဉ် တစ်ခုကိုလည်း အသိပေးထည့်သွင်းပြောကြားခဲ့၏။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပခဲ့သည့် ပြပွဲပြိုင်ပွဲများ၌ ဆုရရှိခဲ့ကြသည့် လုပ်ငန်းရှင်များ၏ ထုတ်ကုန်များတွင် လုပ်ငန်းကော်မတီ၏အသိအမှတ်ပြုအမှတ်တံဆိပ် (MSME Logo) ကို အသုံးပြုခွင့်ပေးမည့်အစီအစဉ်ဖြစ်သည်။ ယင်း MSME Logo အမှတ်တံဆိပ်သုံးခွင့်ရပြီဆိုလျှင် ဆုရရှိထားသည့် MSMEs Products များ အပေါ် စားသုံးသူပြည်သူများနှင့်တစ်ဆင့် လက်ကားဖြန့်ချိရောင်းချသူများ ယုံကြည်မှုပိုမိုရရှိနိုင်မည်။ ဈေးကွက်လည်း ပိုမိုရရှိပြီး ဈေးကွက်ချဲ့ထွင်နိုင်ရေး များစွာအထောက်အကူပြုနိုင်သည့် အကျိုးကျေးဇူးများရရှိလာမည်ဆိုသည်။ ယင်း MSME Logo အတည်ပြုနိုင်ရေး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် လိုဂိုပြိုင်ပွဲကျင်းပမည်။ အကောင်းဆုံးလိုဂိုကို ရွေးချယ်ချီးမြှင့် အသုံးပြုသွားမည်ဟုလည်း သိရသည်။ ယင်းအစီအစဉ်သည် နိုင်ငံတော်က မြန်မာနိုင်ငံ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ရှင်သန် ဖွံ့ဖြိုးရေးတစ်နည်းတစ်လမ်းထောက်ပံ့ပေးခြင်းဟု မြင်နိုင်သည်။

ဒုတိယသမ္မတက အမှာစကားပြောရာတွင် ယခုလိုဒေသတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲများကို မြန်မာပြည်အနှံ့လှည့်လည်ကျင်းပသည့်အတွက် ဒေသအသီးသီးက MSME များ၏ထုတ်ကုန်များ အရည်အသွေးမြင့်လာပြီး သွင်းကုန်အစားထိုးထုတ်ကုန်များ ယခင်ထက် ပိုမိုများပြားလာခြင်း၊ ဒေသအသီးသီးထုတ်ကုန်ကဏ္ဍ၊ ရောင်းကုန်ကဏ္ဍအချင်းချင်းချိတ်ဆက်မိခြင်း၊ မိရိုးဖလာစီးပွားရေးလုပ်ငန်းမှ ဆန်းသစ်တီထွင်စွန့်စားဖန်တီးမှုများဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာခြင်း၊ ကမ္ဘာ့အဆင့်မီထုတ်ကုန်များနှင့်လုပ်ငန်းဝန်ဆောင်မှု အသွင်ပြောင်းလဲလာခြင်း၊ စားသုံးသူလို အပ်ချက်နှင့်ကြိုက်နှစ်သက်မှုကို ပိုမိုသိရှိနားလည်လာပြီး ဈေးကွက်ချဲ့ထွင်ကာ ကမ္ဘာ့အဆင့်တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက် (Global Value Chain)အတွင်း ပူးပေါင်းဆောင်ရွက်လာနိုင်ခြင်းစသည့် အကျိုးဆက်များရရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို ဗဟုသုတမှတ်ဖွယ်ရာအဖြစ် တင်ပြလိုက်ရပါသည်။



# ပုသိမ်မြို့ မြို့တော်ခန်းမတွင် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသမျိုးစပါးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (Regional Seed Fair)မျိုးစေ့ပြပွဲပြုလုပ်

ပုသိမ်မြို့၊ မြို့တော်ခန်းမတွင် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသမျိုးစပါးစေ့ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး (Regional Seed Fair)မျိုးစေ့ပြပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်(MRF)မှ တာဝန်ရှိသူများ၊ Lift ၏ ပံ့ပိုးမှုဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသမျိုးစပါးစေ့ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး (RSSD) စီမံကိန်း Rice seed sector development တွင် နည်းပညာ အကူအညီပေးလျက်ရှိသော နယ်သာလန်နိုင်ငံရှိ Welthungerhilfe (WHH)မှ ညွှန်ကြားရေးမှူး Mr Mike Bratzke နှင့် အဖွဲ့ဝင်များ တိုင်းအတွင်းရှိ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ တောင်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး၊ (WHH) အဖွဲ့မှ တာဝန်ရှိသူက RSSD စီမံကိန်းသည် အရည်အသွေးကောင်းမျိုးသန့်မျိုးစေ့များအား တိုင်းအတွင်းရှိတောင်သူများ သုံးစွဲမှုမြင့်မားလာစေရန် မျိုးစေ့ကဏ္ဍတွင်ပါဝင်နေသူများ၊ စွမ်းဆောင်ရည် ကောင်းမွန်လာစေရန်သာမက စပါးမျိုးစေ့တန်ဖိုးကွင်းဆက်တွင် ပါဝင်ပူးပေါင်းလုပ်ဆောင်နေမှုများ တိုးတက်လာစေရန်နှင့် အရည်အသွေးကောင်းစပါးများ စိုက်ပျိုးထုတ်လုပ်၍ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ယခုလို မျိုးစေ့ပြပွဲကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ RSSD စီမံကိန်းတွင် အခြေခံမျိုးသန့်မျိုးစေ့ (EGS) ထုတ်လုပ်မှုအတွက် အစိုးရပိုင်မျိုးသန့်ခြံများအား ထောက်ပံ့ကူညီပေးခြင်း၊ မျိုးစေ့ ထုတ်လုပ်သူများနှင့် မျိုးစေ့ထုတ်ကုမ္ပဏီများ၏ မျိုးစေ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အကူအညီပေးခြင်း၊ မျိုးစိုက်တောင်သူများ၏ မျိုးစေ့အရည်အသွေး အာမခံမှုများအား ကောင်းလာစေရန်နှင့် မျိုးစေ့ကဏ္ဍတွင် ပါဝင်လုပ်ဆောင်နေသူများအကြား ပူးပေါင်းလုပ်ဆောင်မှုများ မြှင့်တင်ပေးနိုင်ရန်အတွက် စသည့် စီမံကိန်း(၄)ခု ပါဝင်ပြီး RSSD စီမံကိန်းအား ပုသိမ်မြို့တွင်ရှိသော WHH ရုံးမှ လုပ်ဆောင်၍ မျိုးစပါးစေ့ပြပွဲကို ဇန်နဝါရီလ ၂၄ နှင့် ၂၅ ရက်နေ့တွင် နှစ်ရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါပြပွဲရက်များအတွင်း သက်ဆိုင်ရာ တာဝန်ရှိသူများမှ မျိုးစေ့ဥပဒေ စည်းမျဉ်းစည်းကမ်းများ၊ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာကျင့်သုံးလုပ်ဆောင်ရမည့် အကြောင်းများကို ရှင်းလင်းဟောပြောခဲ့ပြီး မျိုးစေ့ကဏ္ဍနှင့် ပတ်သက်သော အမေးအဖြေများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## လျှော်ဖြူတိုးချဲ့စိုက်ပျိုးရေး ကွင်းဆင်းဆွေးနွေး

ကချင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး ဦးဆောင်၍ ပြည်တွင်း ကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ ဝန်ထမ်းများသည် ကချင်ပြည်နယ်အတွင်း ကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြရာ ဇန်နဝါရီ ၂၄ ရက်တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မရမ်းကျေးရွာတွင် စိုက်ပျိုးလျက်ရှိသော လျှော်ဖြူ စိုက်ခင်းများသို့ ကွင်းဆင်းလေ့လာခဲ့ကြပြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ မေးမြန်းခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံမေးမြန်းခဲ့ကြရာတွင် လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်ပုံအဆင့်ဆင့်၊ ရာသီဥတုအခြေအနေနှင့် လျှော်ဖြူဈေးကွက်ကို မည်သို့မည်ပုံ ကုန်သွယ်ရောင်းဝယ်နေကြောင်း မေးမြန်းခဲ့ကြရာ လျှော်ဖြူသည် တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချရကြောင်းနှင့် လျှော်ဖြူအစေးသည်လည်း ကြာဆန်၊ ကြာပြတ်၊ ထိပ်ပွင့်နှင့် ထိပ်ပိတ်ဟူ၍ အမျိုးအစားကွဲပြားပြီး ဈေးကွက်တွင်လည်း အမျိုးအစားအလိုက် တစ်ပိဿာဈေးနှုန်းကွဲပြားကြောင်း သိရှိရသည်။ တရုတ်နိုင်ငံ၊ ထိန်ချုံးခရိုင်သို့ ရောင်းချရာတွင် ကြာဆန်အမျိုးအစားဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၀ ရှိ၍ ကြာပြတ်အမျိုး အစားဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ် ၆၀၀၀၀ မှ ၈၀၀၀၀ ရှိပြီး ကြာဆန်အမျိုးအစားမှာ ပိုဈေးမြင့်ကြောင်း တောင်သူများ၊ လုပ်ငန်းရှင်များထံမှ သိရှိရသည်။

လျှော်ဖြူပင်များကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအပြား စိုက်ပျိုးကြကြောင်း သိရှိရသည်။ ကချင်ပြည်နယ်တွင်လည်း လျှော်ဖြူစိုက်ဧက ၁၂၀ ခန့် စိုက်ပျိုးလျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများ အသင်းကို ဖွဲ့စည်းထားရှိသည်ဖြစ်ရာ လျှော်ဖြူကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်သို့ ကျယ်ပြန့်စွာ ထိုးဖောက်နိုင်စေရန် ကချင်ပြည်နယ်တွင်လည်း လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအသင်းကို ဖွဲ့စည်း၍ ဆောင်ရွက်ရန်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းပါက ပိုမိုအကျိုးဖြစ်ထွန်းလာနိုင်ကြောင်း အကြံပြု ဆွေးနွေးခဲ့ကြပါသည်။ **ဂျေဖြိုး(ဗန်းမော်မြေ)**

## စိုက်ပျိုးရေးနှင့်စပ်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာစေရန်နှင့် ဈေးကွက်ချိတ်ဆက်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာ့ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MCPP) မှ ကြီးမှူးကျင်းပသည့် စိုက်ပျိုးရေးနှင့်စပ်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာစေရန်နှင့် ဈေးကွက်ချိတ်ဆက်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ'ကို ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ ကရင်ပြည်နယ်မြောက်ပိုင်း (သံတောင်ကြီးဒေသ) စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် Master Plan ရေးဆွဲရန်နှင့် ချဉ်ပေါင်ဖာလာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Action Plan ရေးဆွဲရန်တို့ ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သံတောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက်၊ စိုက်ပျိုးရေးနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဒေါက်တာတင်ထွဋ်၊ မြန်မာ့ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MCPP) ဦးစောခရစ္စတိုဖာ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကိုကိုကြီး၊ တောင်ငူတက္ကသိုလ် ရုက္ခဗေဒဌာနမှူး ပါမောက္ခဒေါက်တာသန်းသန်းနု၊ တောင်ငူမြို့မှ ချဉ်ပေါင်ဖာလာ ကုန်သည် ဦးခင်မောင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် သံတောင်ကြီးမြို့နယ်မှ သီးနှံစိုက်တောင်သူ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများမှ ချဉ်ပေါင်ဖာလာအပြင် ကော်ဖီနှင့် အခြားသစ်သီးဝလံများကိုလည်း မျှတအောင် စိုက်ပျိုးသင့်ကြောင်း၊ ချဉ်ပေါင်ဖာလာကို တရုတ်နိုင်ငံမှ တရားဝင်ဝယ်ယူပေးနိုင်သည်အထိ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်ပေးစေလိုကြောင်း၊ ချဉ်ပေါင်ဖာလာအား ထိန်းသိမ်းသိုလှောင်သည့် နည်းစနစ်နှင့် ထုပ်ပိုးသည့်နည်းစနစ်များကိုစနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။ **မျိုးအောင် (DOCA၊ တောင်ငူ)**

## ရေကြောင်းမှရော်ဘာတင်ပို့မှု ကမ္ဘာ့နိုင်ငံစုံသို့ ရောက်ရှိ

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂၄ သန်းတန်ဖိုးရှိ ရော်ဘာ ၂၇၈၈ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၂၀၇၄ တန်ကျော်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၇၁၄ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ၈၅ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-ထိုင်းနယ်စပ်မှ ရော်ဘာ တင်ပို့မှုမရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၇ ဒသမ ၀၉၈ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၁၉၇၆၈ ကျပ်ဈေးကျကြောင်း သိရပါတယ်။

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၁၁ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၄၀၂၄ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန် ၄၂၀ နဲ့ MSR-20 အမျိုးအစား တန်ချိန် ၁၀၀၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၂၅၃၈ တန်နဲ့ RSS-3 အမျိုးအစား ၄၀၂တန်၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၂၉၄တန်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား ၈၈ တန်ကျော်၊ ပါကစ္စတန်နိုင်ငံသို့ RSS-5 အမျိုးအစား ၃၈ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား ၄၃ တန်နဲ့ RSS-1 အမျိုးအစား ၁၀၁ တန်တင်ပို့ခဲ့ကြောင်းနဲ့ ယခင်တစ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၆ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာဈေး အတက်အကျသိပ်မရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း ဈေးငြိမ်နေကြောင်းနဲ့ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၀) | F | ၁၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ပရိုဘောက် (၂၀၁၁) | K | ၁၉၅ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ် |
| ၃။ | ပါဂျဲရိုး (၂၀၀၀) | E | ၂၃၀ သိန်း | ၂.၇ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဒီမီယို (၂၀၀၉) | G | ၁၃၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ကာလ်ဒီးနား (၂၀၀၁) | E | ၁၆၅ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အာလ်ဖတ် (၂၀၀၃) | I | ၃၅၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ကလူဂျာ (၂၀၀၃) | J | ၃၅၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | စီအာဗီ (၂၀၀၃) | G | ၂၅၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား | | ၁၂၅ သိန်း | |

# စစ်ကိုင်းမြို့နယ်၊ မြန်မာ့လက်မှုငွေထည်ကြေးထည်လုပ်ငန်းအသင်းဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြန်မာ့လက်မှု ငွေထည်ကြေးထည် လုပ်ငန်းအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၇ ရက်တွင် စစ်ကိုင်းမြို့နယ်၊ ရွာထောင်ရပ်ကွက်ရှိ ဘုန်းကြီးကျောင်းတိုက်ဝင်းအတွင်း ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားကိုစားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရွာထောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် မြန်မာ့လက်မှုငွေထည်ကြေးထည်လုပ်ငန်း လုပ်ကိုင်သူ လုပ်ငန်းရှင်များ ၆၀ ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းမြို့နယ် တာဝန်ခံမှ အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ငွေထည်ကြေးထည်လုပ်ငန်းရှင်များမှလည်း ငွေထည်ကြေးထည်များသည် တန်ဖိုးကြီးမြင့်သဖြင့် ပြည်တွင်းဈေးကွက်၌ ကျယ်ပြန့်စွာ ရောင်းချနိုင်ခြင်း မရှိသေးကြောင်း၊ ပြည်တွင်း၌ ကျယ်ပြန့်စွာ ရောင်းချနိုင်ရန် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသွားဧည့်သည်များမှ ငွေထည်ပစ္စည်းများ လွတ်လပ်စွာသယ်ယူခွင့်ပေးရန်၊ လွတ်လပ်စွာ ဝယ်ယူ/ သယ်ယူ ခွင့်ပြုနိုင်လျှင် ငွေထည်လုပ်ငန်းများမှာ ကျယ်ပြန့်လာနိုင်ကြောင်း၊ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ရောင်းချရာတွင် ငွေထည်လက်မှုပစ္စည်းများအပေါ် သတ်မှတ်ထားသောအခွန်အခများ ကင်းလွတ်ခွင့်ပေးနိုင်ပါက ငွေထည်လုပ်ငန်း ထွန်းကားလာမည်ဖြစ်ကြောင်း၊ ငွေထည်ကုန်ကြမ်းဖြစ်သော ဘော်သည် ပြည်တွင်းမှ အဟောင်းအနွမ်းများကို ပြန်လည်သန့်စင်၍ ဝယ်ယူသုံးစွဲရပြီး လုပ်ငန်းကျယ်ပြန့်စွာ လုပ်ကိုင်ရသော အချိန်တွင် ပစ္စည်းဝယ်ယူ၍ မရနိုင်သကဲ့သို့ ဈေးနှုန်းမှာလည်း အဆမတန် ကြီးမြင့်သွားတတ်သောကြောင့် နိုင်ငံတော်မှ ငွေထည်လုပ်ငန်းရှင်များအား ဘော်ကုန်ကြမ်းများ ရောင်းချပေးနိုင်မည်ဆိုပါက ဈေးနှုန်းတည်ငြိမ်ပြီး ငွေထည်လုပ်ငန်းလည်း ကျယ်ပြန့်စွာလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းမြို့နယ်တာဝန်ခံက စားသုံးသူများ၏ အခွင့်အရေးများ၊ တောင်းဆိုရယူပိုင်ခွင့်များ၊ စားသုံးသူများ သတိပြုရမည့်အချက်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် အခွင့်အရေးများ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ စီမံခန့်ခွဲရေးနှင့်ပြစ်ဒဏ်များ၊ မိမိတို့ဌာနတွင် ဖွင့်လှစ်ထားရှိသည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်တန်းမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးပြီး စားသုံးသူတို့၏ အခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့လာပါက လာရောက်တိုင်ကြားနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ငွေထည် ကြေးထည် လုပ်ငန်းရှင်များမှ မြန်မာ့လက်မှု ငွေထည်ကြေးထည် လုပ်ငန်းအသင်း အလုပ်အမှုဆောင်များ ရွေးချယ်ကာ အသင်းနာယကသုံးဦး၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ ဘဏ္ဍာရေးမှူး၊ တွဲဘက်ဘဏ္ဍာရေးမှူး၊ စာရင်းစစ်(၂)ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ အဖွဲ့ဝင် ၁၁ ဦး စုစုပေါင်း အလုပ်အမှုဆောင် ၂၁ ဦး တို့ကို တက်ရောက်လာသောသူများ၏ သဘောထားဆန္ဒနှင့်အညီ ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်စောဝင်း (စစ်ကိုင်း)**

# ဗိုလ်ချုပ်အောင်ဆန်းတံတား Made in Ywalut နှင့် ရာမညကုန်သွယ်မှုဗဟိုဌာန

ကုန်စည်များနှင့် ဝန်ဆောင်မှုများတွင် Made in Myanmar မြန်မာပြည်တွင်ပြုလုပ်သည်ဟူသော တံဆိပ်ကပ်နိုင်ရေးသည် Myantrade ၏ အဓိကရည်မှန်းချက်ဖြစ်သည်ဟူသော Misision ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရာမညကုန်သွယ်မှုဗဟိုဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဆဌမအကြိမ်မြောက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ပူးပေါင်းကျင်းပသော အသေးစား အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ MSMEs သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး လာရောက်သောခရီးစဉ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ဗိုလ်ချုပ်အောင်ဆန်းတံတားကိုဖြတ်ကျော်၍ ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာရှိ ဒေသထွက်ကုန် ပစ္စည်း အရောင်းဆိုင်သို့ သွားရောက်ခဲ့ပါသည်။



ရာမညကုန်သွယ်မှုဗဟိုဌာနမှ ပြည်နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ဌာန၏ရည်မှန်းချက် ကို အကောင်အထည်ဖော်နိုင်စေရေးအတွက် မော်လမြိုင်မြို့မှ ဗိုလ်ချုပ်အောင်ဆန်းတံတားကို ဖြတ်ကျော်၍ ချောင်းဆုံမြို့နယ်(ဘီးလူးကျွန်း) ရွာလွတ်ကျေးရွာရှိ ဒေသထွက်ကုန် အမှတ်တရ ပစ္စည်းအရောင်းဆိုင်အား ဇန်နဝါရီ ၁၆ ရက်တွင် သွားရောက် တွေ့ဆုံခဲ့ပြီး ကိုယ်တိုင်ထုတ်လုပ် ရောင်းချလျက်ရှိသောAK အမှတ်တရပစ္စည်းအရောင်းဆိုင်အား ဆက်သွယ်၍ ရာမညကုန်သွယ်မှုဗဟိုဌာနတွင် ပြသနိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဌာန၏ ရည်မှန်းချက်အား အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ရာမည ကုန်သွယ်မှုဗဟိုဌာနမှ Made in Ywalut ဟု လူသိများ ထင်ရှားသည့် ဆေးတံ၊ တောင်ဝှေးနှင့် အခြားလက်မှုပစ္စည်းများအား စိတ်ဝင်စားဝယ်ယူလိုပါက ဇန်နဝါရီ ၂၉ ရက်မှစ၍ မော်လမြိုင်မြို့မှ တံတားဖြတ်ကူးစရာမလို၊ တံတားမှ (၁၀)မိုင်ကျော်ကွာဝေးသော ရွာလွတ်ကျေးရွာသို့ သွားရောက် ဝယ်ယူစရာမလိုဘဲ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ရှိ ရာမညကုန်သွယ်မှုဗဟိုဌာနတွင် ကုန်သွယ်မှုနှင့် ပတ်သက်သော ဗဟုသုတစာပေများ လေ့လာရင်း အလွယ်တကူဝယ်ယူရရှိနိုင်ပါကြောင်း ဖိတ်ကြားရင်း ကြော်ငြာလိုက်ပါသည်။

**ဝင်းမြတ် (ရာမည)**

# ငှက်သိုက်(အမဲ)ကို စင်ကာပူနိုင်ငံသို့ ပို့ကုန်အမယ်သစ်အဖြစ် စတင်တင်ပို့

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိမြိတ်ကျွန်းစုဒေသနှင့် ကော့သောင်းဒေသတို့မှ ထွက်ရှိသော ငှက်သိုက်(အမဲ) Bird's Nest (Black) များကို ဝယ်ယူစုဆောင်းပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် စင်ကာပူနိုင်ငံသို့ ပို့ကုန်အမယ်သစ်အဖြစ် ဈေးကွက်ရှာဖွေတင်ပို့နိုင်ခဲ့ပါတယ်။ လိုင်စင်လျှောက်ထားဈေးနှုန်းမှာ တစ်ကီလို ဂရမ်လျှင် ၄၇၀ ဒေါ်လာဖြင့် ၃၈၈ ကီလို၊ တန်ဖိုးအားဖြင့် ၁၈၂၃၆၀ ဒေါ်လာအား တင်ပို့ခွင့် လျှောက် ထားလာပါတယ်။ ငှက်သိုက်(အမဲ)များမှာ ငှက်သိုက် (အဖြူ) ထက် ဈေးပိုမိုရရှိကြောင်း သိရှိရပြီး ငှက်သိုက်(အမဲ)များ ပြည်ပသို့တင်ပို့နိုင်ခဲ့ခြင်းကြောင့် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရှိရပါတယ်။ **SWM(ပို့ကုန်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၄-၂-၂၀၁၉ မှ ၁၀-၂-၂၀၁၉ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် အလှကုန်ပစ္စည်းများ၊ ရေနှင့်ရေထွက်ပစ္စည်းများလုပ်ကိုင်ပါက အကျိုးပေးမည်။ ဝန်ထမ်းဖြစ်လျှင် သစ္စာရှိစွာ၊ တာဝန်ကျေပွန်မှုတို့အတွက် နာမည်ကောင်းရမည်။ အချစ်ရေးတွင် ရင်ခုန်လှုပ်ရှားစေနိုင်သော အပြုံးများပေးသူကို ချစ်မိနေတတ်သည်။ ကျန်းမာရေးတွင် အစားအသောက်မဆင်ခြင်မှုတို့ကြောင့် အစာမကြေလေနာ ရောဂါနှင့်သွေးချုပ်ခြင်း ဝေဒနာတို့ဖြစ်တတ်ပါသည်။ **ယတြာ။ ။သံဃာတော်အား ကော်ဖီလှူပါ။**



**တနင်္လာသားသမီးများအတွက်** ရုပ်ရှင်ဂီတအနုပညာသမားများ၊ ကုန်သည်ပွဲစားများနှင့် ပေါင်းသင်းဆက်ဆံနေရတတ်သည်။ ပုလဲ၊ သန္တာကျောက်မျက်ရတနာများနှင့်စီးပွားဖြစ်ထွန်းလိမ့်မည်။ အချစ်ရေးတွင် မမျှော်လင့်သူနှင့်ချစ်ကြိုက်မိ တတ်သည်။ ကျန်းမာရေးတွင် အအေးမိသောရောဂါ၊ နှာမွှန်ခြင်းနှင့် နှာစေး ခြင်း၊ ဖျားနာခြင်းဝေဒနာများသတိပြုသင့်ပါသည်။

**ယတြာ။ ။ကံပွင့်ဂါထာရွတ်ဖတ်ပါ။**



**အင်္ဂါသားသမီးများအတွက်** လူမှုပေါင်းသင်းဆက်ဆံရေးတို့တွင် အနည်းငယ်အခက်အခဲရှိတတ်သည်။ အဆင်ပြေအောင်လည်း ပေါင်းသင်းဆက်ဆံမှုပြုလုပ်တတ်သည်။ ဓာတ်သတ္တုတူးဖော်ရှာဖွေရေးလုပ်ငန်းများနှင့်အကျိုးပေးနေတတ်သည်။ ချစ်သူအပေါ်သဝန်တိုစိတ်ရှိနေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ နား၊ မျက်စိတို့၌ဖြစ်တတ်သောရောဂါ၊ ခြေလက်ထိခိုက်မှုဖြစ်တတ်သော အန္တရာယ်စသည်တို့ သတိထားသင့်ပါသည်။ **ယတြာ။ ။ဘုရားတွင်စွယ်တော်သုံးခက်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရည်ရွယ်ချက်ကြီးမားသောကိစ္စများအကောင်အထည်ဖော်ဖြစ်လိမ့်မည်။ ကြွေးဟောင်း၊ မြေဟောင်း၊ မေ့လျော့နေသောပစ္စည်းများပြန်ရလာတတ်သည်။ ဆန်စပါး၊ ပဲပြောင်း၊ ဂျုံနှင့်ပွဲရုံလုပ်ငန်းများ အကျိုးခံစားခွင့်ရရှိနေလိမ့်မည်။ ချစ်သူကြင်ဖက်တွေ့ရတတ်သည်။ အိမ်ထောင်ဖက်သည် ချစ်ခင်ကြင်နာစွာဖြင့်တာဝန်ကျေပွန်စွာ စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးတွင် မသန့်သောရေကို သောက်သုံးမိသောကြောင့် သွေးမသန့်သောရောဂါ၊ ယားနာရောဂါစသည်တို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင်ရောင်တော်ဖွင့်၍ အနေကဇာတင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်နှလုံးနူးညံ့သိမ်မွေ့စွာတည်ကြည်ပြီး ဣန္ဒြေသိက္ခာရှိရှိနေထိုင်ဆောင်ရွက်တတ်သည်။ စီးပွားရေးလုပ်ငန်းတွင် အကြံဉာဏ်ကောင်းဖြင့်လုပ်ဆောင်တတ်မည်။ ဖိမ်ခံပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့်လုပ်ငန်းစီးပွားရေးကောင်းနေမည်။ အချစ်ရေးတွင်သူငယ်ချင်းလိုလူမျိုးနှင့်ရင်ခုန်စိတ်လှုပ်ရှားမိတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် ရင်ဘတ်အောင့်ခြင်း၊ အရိုးအဆစ်နာကျင်ခြင်း ရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။သံဃာတော်နှင့်သီလရှင်တို့အား နှမ်းမနဲလှူပါ။**



**သောကြာသားသမီးများအတွက်** လက်ရှိလုပ်ငန်းထက်အကျိုးတူပူးပေါင်းလုပ်ဆောင်မှု အစုရှယ်ယာများထည့်ဝင်လိုသူပေါ်များနေမည်။ အလှဆင်လုပ်ငန်းများနှင့်ရွှေ၊ ငွေ၊ ပယင်း၊ စိန်၊ ကျောက်မျက်ရတနာပစ္စည်းများ အကျိုးပေးပါသည်။ အချစ်ရေးတွင် မထင်မှတ်ဘဲအိမ်ထောင်ကျတတ်သည်။ ကျန်းမာရေးအနေဖြင့် ခရီးသွားလာမှုတို့ကြောင့် ငှက်ဖျားရောဂါဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။သံဃာ့ဒါနဆေးရုံတို့တွင် ငွေကြေးနိုင်သလောက်လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** နေရာတကာ၌ လူတော်များများကို ရှေ့တန်းတင်နေတတ်သည်။ စီးပွားရေးလုပ်ငန်းတို့တွင် ရေနံတူးဖော်ရေးလုပ်ငန်း၊ ရေနံထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ပါက အောင်မြင်မှုများရရှိလိမ့်မည်။ အချစ်ရေးကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် ဆီးနှင့်ပတ်သက်သော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ **ယတြာ။ ။တံမြက်စည်းလှူပါ။**

စာမျက်နှာ ၁၃ မှအဆက်

| No | HS. Code | name | MFN tax rate (%) | Tentative tax rate for 2019 (%) |
|---|---|---|---|---|
| 669 | 90021990 | Objective lens for mobile phones and tablets (8 megapixels and above) | 9. 4-7. 5 | 8% (ပ- နှစ်ဝက်) |
| 670 | 90031910 | Spectacle frames made of metal | 7 | 6 |
| 671 | 90041000 | sunglasses | 7 | 6 |
| 672 | 90066100 | Camera phone with flash unit | 9 | 4 |
| 673 | 90069191 | Camera auto focus module | 8 | 6 |
| 674 | 90069192 | Shutter assembly for other cameras | 8 | 6 |
| 675 | 90069199 | Other accessories for other cameras | 8 | 6 |
| 676 | 90079100 | A cinematograph has zero attachments | 8 | 5 |
| 677 | 90079200 | Film projectors (excluding hard drives of 2K or higher resolution) with zero attachments | 8 | 5 |
| 678 | 90079200 | Accessories for hard disk digital movie projectors with resolution of 2K and above | 8 | 3 |
| 679 | 90118000 | High power measuring microscope, magnification 1000 times, resolution 0.08 micron | 3. 5-2. 3 | 3% (ပ- နှစ်ဝက်) |
| 680 | 90200000 | Other breathing apparatus and gas mask | 8 | 4 |
| 681 | 90212900 | Dental fixator | 4 | 2 |
| 682 | 90219090 | Cochlear implants | 2-1. 3 | 0 |
| 683 | 90229090 | Components of the ray generator | 5 | 1 |
| 684 | 90229090 | Digital X-ray photography system flat plate detector | 5 | 3 |
| 685 | 90251990 | Infrared thermometer | 4. 2-2. 8 | 4% (ပ- နှစ်ဝက်) |
| 686 | 90259000 | Infrared thermometer sensor element | 4-2. 7 | 3% (ပ- နှစ်ဝက်) |
| 687 | 90318033 | Eddy current flaw detector | 5-4 | 3 |
| 688 | 90318090 | Audio life detector, audio and video life detector | 5-4 | 2 |
| 689 | 90318090 | IC test sorting equipment | 5-4 | 2 |
| 690 | 90318090 | Runway friction coefficient tester | 5-4 | 3 |
| 691 | 90328990 | Electronic injection ignition program control unit | 7 | 3 |
| 692 | 90328990 | Complete sets of CNC servo devices for machine tools (including CNC operating units with supporting servo amplifiers and servo motors) | 7 | 3 |
| 693 | 90328990 | Complete sets of CNC servo drives for printing presses (including motion controllers or programmable automatic controllers, human-machine interface units, with supporting servo drivers and servo motors) | 7 | 3 |
| 694 | 90328990 | Automatic control cabinet for CMM | 7 | 3 |
| 695 | 90328990 | Motor controller assembly for pure electric or hybrid vehicles | 7 | 4 |
| 696 | 90328990 | Aircraft autopilot system (including autopilot, electronic flight control, automatic fault analysis, alarm system balancing system and thrust monitoring equipment and related instruments) | 7 | 1 |
| 697 | 90328990 | Automatic voltage and current regulators for renewable energy and smart grid applications;An instrument that automatically regulates flow, level, and humidity without hydraulic or pneumatic pressure | 7 | 5 |
| 698 | 90329000 | Parts of the aircraft autopilot system (including autopilot, electronic flight control, automatic fault analysis, alarm system balancing system and thrust monitoring equipment and related instruments) | 5 | 1 |
| 699 | 90330000 | For the following environmental products, including solar heliostats, other instruments and equipment for the measurement of the oceans, hydrology, meteorology or geophysics, for the measurement and examination of liquid flows or levels, and for the measurement of And test pressure of the instrument and equipment, 90.26 other ein not column of liquid or gas measuring instrument and device, gas or smoke analyzer, chromatography and electrophoresis apparatus, using the optical rays (uv line, visible light, infrared spectrometer, spectrophotometer and spectrograph, and other physical and chemical analysis instruments and devices, used to measure, record, analysis and assessment of environmental samples or the environmental impact of the physical and chemical analysis instruments and devices, inspection mirror slice machine, profile projector, grating measuring system, its optical measurement or test instruments and equipment, vibration, hand vibration meter,Automatic voltage and current regulators for renewable energy and smart grid applications, instruments that automatically regulate flow, level and humidity, and accessories not listed in other tax categories | 6 | 5 |
| 700 | 91081100 | Assembled mechanical indicator complete electronic watch core | 16 | 10 |
| 701 | 92012000 | A grand piano with a dutiable value of $50,000 or more | 10 | 1 |
| 702 | 92021000 | Bowstring instruments with a dutiable price of $15,000 and above | 10 | 1 |
| 703 | 92051000 | Brass instruments with dutiable value of $2000 and above | 10 | 1 |
| 704 | 92059090 | Other wind instruments with duty-paid price of $10,000 or above | 10 | 1 |
| 705 | 96190011 | Baby diapers and diapers | 4 | 0 |
| 706 | 96190019 | Adult diapers and diapers | 4 | 0 |

# Pride of Myanmar 2018 ၏ ပထမဆုံးအကြိမ် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နယ်ပယ်စုံမှ ထူးချွန်သူများကို ပထမဆုံးအကြိမ် ရွေးချယ်ပေးအပ်သည့် Pride of Myanmar 2018 ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ပြည်လမ်းပေါ်ရှိ The Pegu Club တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။

Pride of Myanmar 2018 ဆုပေးပွဲကို နှစ်စဉ်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆုံးအကြိမ် မှာပင် ပြည်သူလူထု၏ စိတ်ဝင်စားမှုအများအပြားရှိခဲ့သည်။ အဆိုပါဆုပေးပွဲမှာ ပြည်တွင်းသာမက နိုင်ငံတကာအဆင့်တွင်ပါ မြန်မာကို ကမ္ဘာကသိအောင် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်နိုင်သူများကို ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ ဆုပေးပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆုများကိုရွေးချယ်ရာတွင် မဲ ၅၀ ရာခိုင်နှုန်းကို အများပြည်သူက အွန်လိုင်း (ဝက်ဘ်ဆိုက် နှင့် ဖေ့စ်ဘွတ်)တို့မှတစ်ဆင့် ရွေးချယ်ပေးခဲ့ပြီး ကျန် ၅၀ ရာခိုင်နှုန်းကို သက်ဆိုင်ရာကဏ္ဍဂျူရီအဖွဲ့မှ ရွေးချယ်ကာ ပြင်ပစိစစ်ရေးအဖွဲ့ Deloitte မှ မျှတပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

ပထမဆုံးကျင်းပသည့် ၂၀၁၈ ခုနှစ်အတွက် ဆုများကို အနုပညာနှင့် စာပေကဏ္ဍ၊ လူမှုဆက်ဆံရေးနှင့်လူထုရေးရာကဏ္ဍ၊ စီးပွားရေးစွန့်ဦးတီထွင် ဆန်းသစ်မှုကဏ္ဍ၊ ဖျော်ဖြေရေး ကဏ္ဍ၊ ဖက်ရှင်ကဏ္ဍ၊ အားကစားကဏ္ဍ၊ လူမှုမီဒီယာတွင် တစ်နှစ်တာအတွင်း လွှမ်းမိုးနိုင်သူများ ကဏ္ဍ၊ ဘဝတစ်သက်တာအောင်မြင်မှုကဏ္ဍ စသည်ဖြင့် အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်မိုးသူ**

စာမျက်နှာ (၁၈) GSP အခွင့်အရေးနောက်မှ . . . မှအဆက်

အမေရိကန်ဒေါ်လာတစ်ဘီလီယံခန့်အထိ တိုးချဲ့တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယအနေနဲ့ကတော့ လယ်ယာထွက်ကုန်ပစ္စည်းများထဲက ဆန်ကွဲဖြစ်ပြီး တတိယကတော့ ဆန်ဖြစ်ပါတယ်။ ငါးတင်ပို့မှုဟာလည်း စတုတ္ထအများဆုံး တင်ပို့နိုင်တာဖြစ်ပြီး EU ကယခင်ရေငန်ငါးတင်ပို့မှုကနေ ၂၀၁၈ ခုနှစ်အတွင်းမှာ မြန်မာ့ရေချို ငါးမွေးမြူရေးလုပ်ငန်းတွေကိုပါ တင်သွင်းခွင့်ပြုလာတဲ့အတွက် လာမယ့်နှစ်တွေမှာ ရေထွက်ပစ္စည်းတင်ပို့မှုက ယခင်ထက်ပိုမိုများပြားလာနိုင်မှာဖြစ်ပါတယ်။ အဓိကတင်သွင်းတဲ့ ကုန်ပစ္စည်းတွေကတော့ သတ္တုနှင့် သတ္တုရိုင်းများ၊ ပဲတီစိမ်း၊ နှမ်း၊ သစ်ခွဲသား၊ ပုစွန်နဲ့ ပန်းနှမ်းတို့ဖြစ်ပါတယ်။ EU နိုင်ငံ တွေထဲမှာ ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်စတဲ့နိုင်ငံတွေဟာ မြန်မာနဲ့ ကုန်သွယ်မှုအများဆုံး ဆောင်ရွက်တဲ့နိုင်ငံတွေပဲဖြစ်ပါတယ်။

## EU သို့ မြန်မာဆန်နှင့်ဆန်ကွဲ တင်ပို့မှုအခြေအနေ

ဆန်ဟာ ကမ္ဘာ့လူဦးရေထက်ဝက်ကျော်၏ အဓိကပင်မ အစားအစာဖြစ်ပြီး၊ ကမ္ဘာနှင့်အဝန်းတွင် နှစ်စဉ်ခန့်မှန်းကြိတ်ခွဲပြီး ဆန်တန်ချိန် သန်းပေါင်း ၄၈၀ ခန့် ထုတ်လုပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ စစ်တမ်းများအရ ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်ဆန်တန်ချိန် သန်း ၃၀ ခန့်ထုတ်လုပ်နိုင်တာကို လေ့လာတွေ့ရှိရပါတယ်။ ပြည်တွင်းဆန်ထုတ်လုပ်မှု၏ ၇၅ ရာခိုင်နှုန်းကျော်ကို ပြည်တွင်း၌ စားသုံးကာ ပိုလျှံသောပမာဏကို ပြည်ပသို့တင်ပို့လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

USDA စာရင်းများအရ EU ဟာ ၂၀၁၉ ခုနှစ်အတွက် ပြည်တွင်းဆန်ထုတ်လုပ်မှု ဆန်တန်ချိန်နှစ်သန်းခန့် ထုတ်လုပ်နိုင်ရန် လျာထားပြီး ပြည်ပမှလည်း ဆန်တန်ချိန်နှစ်သန်းခန့် တင်သွင်းဖို့ လျာထားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း အများဆုံး တင်သွင်းခဲ့သည့် နိုင်ငံများမှာ ကမ္ဘောဒီးယားနှင့် မြန်မာတို့ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မြန်မာက EU သို့ စုစုပေါင်း ဆန်တင်ပို့မှုဟာ ဆန်တန်ချိန်ကိုးသောင်းခန့်နဲ့ ဆန်ကွဲတန်ချိန် သုည ဒသမ ၃ သန်းခန့်ရှိတာဖြစ်တဲ့အတွက် စုစုပေါင်းဆန်တင်ပို့မှုရဲ့သုံးရာခိုင်နှုန်းနဲ့ ဆန်ကွဲတင်ပို့မှုရဲ့ ၅၀ ရာခိုင်နှုန်း အထိရှိပါတယ်။

## မြန်မာ့ဆန်အပေါ် EU မှ GSP အခွင့်အရေးရုပ်သိမ်းခြင်း

ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံရှိတဲ့အနက် စပါးစိုက်ပျိုးထုတ်လုပ်သောနိုင်ငံက ရှစ်နိုင်ငံပဲရှိပါတယ်။ ကမ္ဘောဒီးယားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့မှ အီးယူဈေးကွက်ကို တင်သွင်းလျက်ရှိတဲ့ ဆန်များမှာ တန်ချိန်ပမာဏများပြားပြီး ဈေးနှုန်းချိုသာတဲ့အတွက် အီးယူဆန်ထုတ်လုပ်သူများအနေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းမရှိတဲ့အပေါ်မှာ အကာအကွယ်ပေးရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးဖို့ အီတလီနိုင်ငံက ၂၀၁၈ ဖေဖော်ဝါရီလအတွင်းကတည်းက ဥရောပကော်မရှင်ထံ အဆိုပြုချက်တင်သွင်းခဲ့ပါတယ်။ ဒီအဆိုပြုချက်အပေါ်မှာပဲ ကမ္ဘောဒီးယားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့မှ အီးယူဈေးကွက်ကို ဆန်တင်သွင်းမှုနဲ့ပတ်သက်ပြီး ကုန်သွယ်မှုအကာအကွယ်ပေးရေး စုံစမ်းစစ်ဆေးမှု (Safeguard Investigation) ပြုလုပ်ပေးဖို့ပဲဖြစ်ပါတယ်။ GSP (EBA) အစီအစဉ်မှာ အကျုံးဝင်တဲ့ဆန်အမျိုးအစားဟာ အင်ဒီကာဆန်ဖြစ်ပြီး (ဆန်လုံးရှည်အမျိုးအစားဖြစ်သည့် ဇီယာဧည့်မထ) ကုန်စည်စည်ဝါးညီစနစ် EU HS Code ( CN code 1006 30 27, 1006 30 48, 1006 30 67, 1006 30 98) တို့ဖြစ်ကြကာ မြန်မာနိုင်ငံမှာ အသုံးပြုနေတဲ့ AHTN HS 2017 အရ ရှေ့ဂဏန်းခြောက်လုံးအထိ တူညီတာတွေ့ရပါတယ်။

လွန်ခဲ့တဲ့ငါးနှစ်အတွင်း အီးယူဈေးကွက်သို့ ကမ္ဘောဒီးယားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့မှ ဆန်တင်သွင်းမှုမှာ ၁၃ ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းအထိ သုညရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး အီးယူလုပ်ငန်းရှင်များရဲ့ ဆန်ထုတ်လုပ်ရောင်းဝယ်မှုမှာ ၄၀ ရာခိုင်နှုန်းလျော့ကျခဲ့တဲ့အတွက် ဈေးကွက်ဝေစုမှာ ၅၂ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်းတွေ့ရှိရပါတယ်။ ဒါဟာ ကမ္ဘောဒီးယားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့မှ တင်သွင်းတဲ့ ဆန်ချောဈေးနှုန်းများမှာ အီးယူဆန်စပါး ထုတ်လုပ်သူများရဲ့ကုန်ကြမ်း(စပါး) ဈေးထက်ဈေးချိုနေတဲ့အတွက် အီးယူဆန်စပါးကဏ္ဍမှာ ထိခိုက်နစ်နာနေရကြောင်း အီတလီနိုင်ငံက တင်ပြခဲ့တဲ့အတွက်စတင်ခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။

ဒါကြောင့် အီးယူကော်မရှင်အနေနဲ့ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်သွင်းတဲ့ ဆန်များကို အကောက်ခွန်လျှော့ချသည့် အခွင့်အရေးကို ရုပ်သိမ်းပြီး တဖြည်းဖြည်း ဖြေလျှော့သည့်စနစ်ဖြင့် သွင်းကုန် အကောက်ခွန်ကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး အကောက်ခွန်ကောက်ခံမှုအနေဖြင့် အင်ဒီကာဆန်အပေါ် ပထမနှစ်အတွင်း တင်သွင်းသည့် ဆန်တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ဆန်တစ်တန်လျှင် ၁၅၀ ယူရိုနှင့် တတိယနှစ်တွင် ဆန်တစ်တန်လျှင်၁၂၅ ယူရိုနှုန်းဖြင့် နှစ်အလိုက် အခွန်ကင်းလွတ်ခွင့် ယာယီပြန်ရုပ်သိမ်းခဲ့ပါတယ်။

ဒီလိုပိတ်သိမ်းမှုဟာ မြန်မာဆန် စိုက်ပျိုးထုတ်လုပ်သူများအတွက် အထိုက်အလျောက် ထိခိုက်နစ်နာမှု ဖြစ်ပေါ်နိုင်ပါတယ်။ တစ်ဖက်မှာလည်း စုစုပေါင်း မြန်မာ့ဆန်တင်ပို့မှုရဲ့ ၃ ရာခိုင်နှုန်းခန့်ရှိတဲ့ EU ဈေးကွက်ကို လက်လွတ်လိုက်ရပေမဲ့ ၅၀ ရာခိုင်နှုန်းရှိတဲ့ ဆန်ကွဲတင်ပို့မှုကတော့ ဆက်လက်တင်ပို့နေနိုင်သေးတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ ဆက်လက်ပြီး မြန်မာ့ဆန်ကို နိုင်ငံတကာဈေးကွက်မှာ ဝယ်လိုအားရှိနေတဲ့ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖရိကနိုင်ငံတွေ ကို ပိုမိုတိုးချဲ့တင်ပို့နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ရမှာလည်းဖြစ်ပါတယ်။

## မြန်မာ့အထည်ချုပ်လုပ်ငန်းနှင့် EU GSP

CMP (အထည်ချုပ်) လက်ခစားစနစ်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကအားထားရတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်လည်း ဒုတိယအကြီးဆုံးပို့ကုန်လုပ်ငန်းတစ်ခုဖြစ်ပြီး ယခင်ငါးနှစ်တာ ကာလမှစတင်၍ နှစ်စဉ်တိုးတက်မှုနှုန်း ၂၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ အဓိကတော့ အခြေခံလူတန်းစားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခြင်းနဲ့ လုပ်အားနဲ့ နိုင်ငံခြားငွေရှာဖွေပေးနိုင်ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ရှာဖွေပေးနိုင်ပြီး လက်ရှိစက်ရုံပေါင်း ၄၀၀ ကျော်လောက်နဲ့ လည်ပတ်နေပြီး စက်ရုံရဲ့ထက်ဝက်ကျော်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်ပါတယ်။

CMP (အထည်ချုပ်) ကဏ္ဍမှာလည်း မြန်မာနိုင်ငံကို GSP အခွင့်အရေးပေးတဲ့ နိုင်ငံတွေထဲမှာ ဂျပန်၊ အမေရိကန်၊ တရုတ်နှင့် ကိုရီးယား စတဲ့နိုင်ငံတွေပါသလို EU လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းမှာ မြန်မာ့ CMP (အထည်ချုပ်) ကဏ္ဍအနေနဲ့ EU သို့တင်ပို့မှုဟာ တန်ဖိုးအားဖြင့် ၁ ဒသမ ၆ ဘီလီယံနီးပါးရှိခဲ့ပါတယ်။ အခြား စိုက်ပျိုးရေး၊ သစ်တောထွက်၊ ရေထွက်ကုန် ပစ္စည်းတွေအတွက် ထုတ်ပေးခဲ့ပေမဲ့အနည်းအကျဉ်းပဲရှိတာတွေ့ရတယ်။ EU GSP ဟာ မြန်မာနိုင်ငံအတွက်ပေးတဲ့နေရာမှာ အခြား sector တွေထက် CMP အထည်ချုပ် လုပ်ငန်းတွေအတွက် အများဆုံးအကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။

၂၀၁၈ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံအတွင်းမှာ ရခိုင်အရေးအခင်းကိစ္စအပါအဝင် နိုင်ငံရေးကိစ္စအချို့နဲ့ဆက်စပ်ပြီး EU ဘက်က GSP ကိစ္စ ပြန်စဉ်းစားသုံးသပ်မှုတွေ ရှိခဲ့ပါတယ်။ EU က GSP ခွင့်ပြုထားတဲ့ ၄၉ နိုင်ငံရှိတဲ့အနက်မှာ ဒေသတွင်းက ကမ္ဘောဒီးယားကို ၂၀၁၉ ခုနှစ် မေလနဲ့ မြန်မာကိုတော့ အောက်တိုဘာလအတွင်းက (EU Fact Finding Mission) အဖွဲ့တွေစေလွှတ်ပြီးရရှိခဲ့တဲ့ အချက်အလက်တွေကို EU ပါလီမန်ကို တင်ပြဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ တစ်ဖက်မှာ ကမ္ဘောဒီးယားရဲ့ အထည်ချုပ်လုပ်ငန်းဟာ EU ဈေးကွက်ကို အဓိကထားသလို ဈေးကွက်ရဲ့ ၆၀ ရာခိုင်နှုန်းလောက်ကိုသိမ်းပိုက်ထားနိုင်တာ တွေ့ရပါတယ်။

CMP အထည်ချုပ်တွေရဲ့အားသာချက်က Trade တစ်ခုတည်းတိုးတက်စေတာမဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုနဲ့ အလုပ်အကိုင်အခွင့်အလမ်းကိုပါ တိုးတက်စေတာဖြစ်ပါတယ်။ လက်ရှိ CMP sector ရဲ့supply chain လုပ်ငန်းစဉ်တစ်လျှောက် ပြည်တွင်းလုပ်သား ၅ သိန်းလောက်ကို အလုပ်အကိုင် ဖန်တီးပေးထားနိုင်ပြီး အများစုက အမျိုးသမီးလုပ်သားများဖြစ်နေတာ တွေ့ရပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံရေးအခြေအနေပေါ်မူတည်ပြီး GSP သက်သာခွင့်ရရှိမှုနဲ့ လုပ်သားအင်အား၊ အနည်းဆုံး လုပ်ခငွေကြေး သတ်မှတ်ချက်၊ မြေယာတန်ဖိုးကြီးမြင့်မှုစတဲ့ စိန်ခေါ်မှုပေါင်း များစွာကိုလည်း ရင်ဆိုင်နေရပါတယ်။

လတ်တလော EU GSP ရုပ်သိမ်းမှုဟာ ဆန်တစ်မျိုးတည်းပေါ်မှာသာ ယာယီရုပ်သိမ်းထားတာဖြစ်ပြီး ကျန်ကုန်ပစ္စည်းတွေအပေါ်မှာ အကောက်ခွန်သက်သာခွင့် ရရှိနေဆဲပဲဖြစ်ပါတယ်။ အကယ်လို့ ဒီအခွင့်အလမ်းကိုသာ လက်လွှတ်ရမယ်ဆိုလျှင် မြန်မာ့စီးပွားရေးပေါ်မှာ ရိုက်ခတ်မှုတစ်ခု ဖြစ်ပေါ်လာနိုင်သလို အထူးသဖြင့် မြို့ပြနေ အခြေခံလူတန်းစားတွေရဲ့ဘဝကို ပိုမိုယိုင်နဲ့သွားစေမှာဖြစ်ပါတယ်။ ဒီအတွက်လည်း EU Fact Finding Mission မြန်မာနိုင်ငံကို လာရောက်တဲ့ ကာလတွေအတွင်းမှာ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ အစိုးရတာဝန်ရှိသူများ၊ လူမှုအသင်းအဖွဲ့များနဲ့တွေ့ဆုံပြီး အခြေခံလူတန်းစားများ အလုပ်အကိုင် အခွင့်အလမ်း ပျောက်ဆုံးမသွားရအောင် ညှိနှိုင်းဆောင်ရွက်မှုတွေ လုပ်ခဲ့ကြတဲ့အတွက် မြန်မာနိုင်ငံအတွက် ကောင်းသော ရလဒ်တစ်ခုထွက်လာမယ်လို့လည်း မျှော်လင့်ရပါတယ်။ တစ်ဖက်မှာလည်း အထည်ချုပ်တင်ပို့နိုင်မယ့် ဈေးကွက်များ ထပ်မံရှာဖွေခြင်း၊ တန်ဖိုးမြင့်အထည်များချုပ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊ CMP စနစ်ကနေပြီး Free On Board(FOB)၊ Original Design Manufacturer (ODM) စနစ်တွေကို ပြောင်းလဲလုပ်ကိုင်နိုင်အောင် ပြင်ဆင်ခြင်း၊ အထည်ချုပ်ကဏ္ဍကနေပြီး အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်ခြင်းနဲ့ မော်တော်ယာဉ် ထုတ်လုပ်ခြင်းတို့ကဲ့သို့ နည်းပညာ တိုးတက်ပြောင်းလဲထုတ်လုပ်နိုင်အောင် ရည်မှန်းချက်ထားပြီးပြင်ဆင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

EU မြန်မာကုန်သွယ်မှုပိုမိုတိုးတက်စေနိုင်ဖို့ ၂၀၁၃ ခုနှစ်မှာကတည်းက EU ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးကိုမြန်မာပြည်မှာ ဖွင့်လှစ်ခဲ့သလို EU ဈေးကွက်သို့ မြန်မာ့ပို့ကုန်ပစ္စည်းများပိုမို ထိုးဖောက်နိုင်ဖို့ရည်ရွယ်ပြီး EU နိုင်ငံများတွင် စီးပွားရေးသံမှူးများထားရှိနိုင်ရေး မြန်မာဘက်မှလည်းပြင်ဆင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာ EU GSP အကောက်ခွန်သက်သာခွင့်အတွက် တင်ပို့သူကိုယ်တိုင် လျှောက်ထားရတဲ့ Registered Exporter System(REX) စနစ်အပါအဝင် CMP(အထည်ချုပ်) သွင်းကုန်လိုင်စင်များအတွက် သက်ဆိုင်ရာ ထောက်ခံချက် ပေးရတဲ့ အဖွဲ့အစည်းရုံးဌာနတွေကို လူကိုယ်တိုင်သွားရောက်လျှောက်ထားရန်မလိုဘဲ အွန်လိုင်းပေါ်မှ လုပ်ငန်းစဉ်အားလုံးကိုဆောင်ရွက်နိုင်တဲ့ Digitalization of Import Licencing system များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှုတွေဟာလည်း EU မြန်မာကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးမှာ တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေခဲ့ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းမှ ကွန်ပျူတာရွှေအရောင်းအဝယ်စနစ် စတင်ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ကွန်ပျူတာဖြင့် ရွှေအရောင်းအဝယ်စနစ်နှင့် YGEA Mobile Application ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇန်နဝါရီ၂၆ရက်က ရန်ကုန် မြို့၊ ရွှေဘုံသာလမ်းရှိ ရန်ကုန် တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး၌ ပြု လုပ်ခဲ့သည်။



"အခုကွန်ပျူတာနဲ့ မိုဘိုင်း အက်ပလီကေးရှင်းဖော်ဆောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ဝယ်သူရောင်းသူ အသင်းသူ အသင်းသားအချင်းချင်း ရောင်းရေး ဝယ်တာလုပ်တဲ့နေရာမှာ စာရွက်စာအုပ်နဲ့မှတ်တဲ့ စနစ်ကနေ ကွန်ပျူတာဆော့ဝဲလ်က မှတ်တမ်းတင်တဲ့စနစ်ကို ပြောင်းလဲတာ ဖြစ်ပါတယ်။ ဒီကနေမှ နောက်တစ်ဆင့် ကျွန်တော်တို့ဆက်သွားမှာကအာမခံငွေနဲ့ ရွှေအရောင်းအဝယ်ပြုလုပ်ခြင်းကို ထပ်မံဖော်ဆောင်သွားမှာဖြစ်ပါတယ်။ အာမခံငွေနဲ့ ရောင်းရေးဝယ်တာလုပ်ဆောင်တဲ့ အတွက် ဈေးကွက်က ရောင်းရေးဝယ်တာကိစ္စတွေမှာ ပိုမိုခိုင်မာကျစ်လစ် ယုံကြည်စိတ်ချရမယ့်အပိုင်းကို ရောက်ရှိသွားမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ကွန်ပျူတာရွှေအရောင်းအဝယ် စနစ်ကို ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းဝင်များသာ အာမခံကြေးပေးသွင်း၍ အရောင်းအဝယ် ပြုလုပ်နိုင်မည်ဖြစ်ပြီး ဖုန်းမှတစ်ဆင့် အလွယ်တကူ ရောင်း/ဝယ်နိုင်ခြင်း၊ အရောင်း/အဝယ်အား အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ခြင်း၊ ရောင်းရေးဝယ်တာအပေါ် ငွေအရှုံးအမြတ်ကို သိရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"မဂိုလမ်းဟာရွှေကို အင်္ဂလိပ်မင်း လက်ထက်ကစပြီးတော့ အိန္ဒိယလူမျိုး နှစ်ဦးကစတင်ပြီးတော့ ရွှေကို အရောင်းအဝယ်လုပ်ခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း အဆင့်ဆင့်ပြောင်းလဲလာပြီး ရွှေဈေးကွက်ဖြစ်လာပေမယ့် အုပ်စုဖွဲ့တာတွေ၊ အမှားအယွင်းတွေ ကြုံခဲ့ရပါတယ်။ အရင်ကဆို လမ်းပေါ်မှာ ငွေရှင်းခါနီးမှ ရှုံးတဲ့သူ၊မပေးချင်တဲ့သူက လူမိုက်တွေ ခေါ်ပြီး ဘယ်လောက်တော့ ယူ၊ မကျေနပ်ရင် ဘာလုပ်ချင်လဲဆိုပြီး မိုက်ကြေး ခွဲခံရတဲ့ ရိုးသားတဲ့ ရွှေလောကသားတွေ အများကြီးရှိပါတယ်"ဟု ရန်ကုန်ရွှေ လောကသား တစ်ဦးက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကို အသင်းသား ၇၀၀ ဖြင့် ဖွဲ့စည်းတည်ထောင်ထားကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ဒုတိယ အကြိမ်မြောက် MLP ပြိုင်ပွဲကို ယခုလကုန်တွင် ကျင်းပမည်

ဒုတိယအကြိမ်မြောက် MLP ပြိုင်ပွဲများကို ဇန်နဝါရီလကုန်မှစတင်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံမှ HOG Esports, Moonton နှင့်မလေးရှားနိုင်ငံ Esports ရုပ်သံလိုင်းဖြစ်သည့် eGG Network တို့ ပူးပေါင်း လုပ်ဆောင်ခြင်းဖြစ်ပြီး ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ လေးသောင်းအထိ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအတွက် အပိုင်းနှစ်ပိုင်းခွဲ၍ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဖိုင်နယ်သို့ တက်ရောက်ရမည့် ဆန်ခါတင်ပွဲစဉ်များကို Mobile Legends Bang Bang တရားဝင် ဝက်ဘ်ဆိုဒ်တွင် ဖေဖော်ဝါရီ ၁၅၊ ၁၆၊ ၁၇ ရက်များ၌ Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ဆန်ခါတင်ရွေးချယ်ထားသည့် အသင်းများအနေဖြင့် မတ်လတွင် ယှဉ်ပြိုင်မှုများပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

HOG Esports Center အနေဖြင့် နိုင်ငံတကာဂိမ်းပြိုင်ပွဲများကို နှစ်စဉ်ကျင်းပရန် ရည်ရွယ်ထားပြီး ဂိမ်းနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်နေသူများ၊ ဂိမ်းကစားသူများ၊ စိတ်ဝင်စား သူများအားလုံး လာရောက်ဆင်နွှဲနိုင်ရန်၊ ဂိမ်းနှင့် နည်းပညာပိုင်းဆိုင်ရာကဏ္ဍ တိုးတက်စေရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ **ချောစု**

# တည်ဆဲ အလုပ်ရှင်-အလုပ်သမားများနှင့် သက်ဆိုင်သော ဥပဒေများ ဆွေးနွေးပွဲ ရန်ကုန်မြို့တွင် ပြုလုပ်

မြန်မာနိုင်ငံလူ့စွမ်းအားရင်းမြစ်စီမံခန့်ခွဲမှုပညာအသင်းမှ ကြီးမှူးကျင်းပသော "တည်ဆဲ အလုပ်ရှင်-အလုပ်သမားများနှင့် သက်ဆိုင်သော ဥပဒေများ ဆွေးနွေးပွဲ"ကို ဇန်နဝါရီ ၂၇ရက်က ရန်ကုန်မြို့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ချုပ်၌ ကျင်းပ ပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ဆရာဦးသန်းမောင် (ဥပဒေအတိုင်ပင်ခံ၊ အလုပ်သမား အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိကောင်စီဝင်)မှ မြန်မာနိုင်ငံ၏ အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့် ပတ်သက်ပြီး သိကောင်းစရာနှင့် ဖြေရှင်းရေးစနစ်များကို ဟောပြောဆွေးနွေးခဲ့သည်။

"အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုဖြေရှင်းဆုံးဖြတ်ချက်အတွက် အခြေခံရမယ့်မှုတွေရှိပါတယ်။ ဒါတွေကတော့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြေညာစာ၊ အမိန့်တွေ၊ အလုပ်ခန့်စာချုပ် (Employment Contract)၊ လုပ်ငန်းခွင်စည်းကမ်း၊ စုပေါင်း သဘောတူညီချက်၊ နှစ်ဖက်သဘောတူညီချက်စာချုပ်၊ အစဉ်အလာဆုံးဖြတ်ချက်သာဓကများ၊ လူမှုရေးတရားမျှတမှု (Social Justic)၊ သင့်လျော်သော လုပ်ငန်းခွင်ဆက်ဆံရေး၊ တရားမျှတမှုနှင့် သာတူညီမျှ စိတ်ကောင်းစေတနာတွေကို အခြေခံပြီး အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုတွေကို ဖြေရှင်းရပါတယ်" ဟု ဆရာဦးသန်းမောင်က ပြောသည်။

ထို့နောက် ဆရာမဒေါ်စန်းစန်း (ခုံသမာဓိကောင်စီဝင်၊ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှု ဖြေရှင်းရေးခုံသမာဓိကောင်စီ၊ အလှည့်ကျခုံအဖွဲ့ ဥက္ကဋ္ဌ)မှ တည်ဆဲအလုပ်သမားဥပဒေများကို လိုက်နာအကောင်အထည်ဖော်ရသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနများအကြောင်း၊ တည်ဆဲဥပဒေများတွင် အလုပ်ရှင်၊ အလုပ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်နှင့် ဆက်ဆံရေး စသည့်အကြောင်း အရာများကို ဆွေးနွေးခဲ့သည်။ **သန်းထိုက်အောင်**

# ဥရောပနိုင်ငံများမှ ပြည်ပခရီးသွားဝင်ရောက်မှု လျော့ကျခဲ့သော်လည်း အာရှနိုင်ငံများမှ ဝင်ရောက်မှု များပြား

ပြည်တွင်းသို့ ဥရောပနိုင်ငံများမှ ခရီးသွားဝင်ရောက်မှု လျော့ကျခဲ့သော်လည်း အာရှနိုင်ငံများမှ ဝင်ရောက်မှုမှာ များပြားခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံသို့ အမေရိကန်၊ ကနေဒါနိုင်ငံမှ လာရောက်လည်ပတ်သူဦးရေမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ လအထိ ၈၇၁၅၃ ဦးရေလာရောက် လည်ပတ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် ၇၆၁၂၂ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး ကာလတူနှိုင်းယှဉ်ချက်များအရ ၁၂ ဒသမ ၆၆ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။


ထို့အတူ အခြားသော အမေရိက နိုင်ငံများမှ ၂၀၁၇ ခုနှစ်တွင် ၁၂၅၉၂ ဦးရေ ဝင်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ၁၀၇၈၆ ဦးသာ ဝင်ရောက်ခဲ့သည့်အတွက် ၁၄ ဒသမ ၃၄ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် အနောက်ဥရောပနိုင်ငံနှင့် အရှေ့ဥရောပနိုင်ငံများမှလည်း ခရီးသွားဝင်ရောက်မှု လျော့ကျသွားခဲ့ပြီး အနောက်ဥရောပနိုင်ငံ၏ ကာလတူကွာခြားချက်မှာ ၂၃ ဒသမ ၃၅ ရာခိုင်နှုန်း ကွာခြား၍ အရှေ့ဥရောပနိုင်ငံ၏ ကာလတူကွာခြားချက်မှာ ၈ ဒသမ ၃၉ ရာခိုင်နှုန်း လျော့ကျသွားကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

ထိုကဲ့သို့ အာဖရိက၊ အရှေ့အ လယ်ပိုင်းဒေသများနှင့် ကမန်းစုနိုင်ငံ များမှ ခရီးသွားဝင်ရောက်မှု လျော့ကျခဲ့သော်လည်း အာရှနိုင်ငံများ၏ ခရီးသွားဝင်ရောက်မှုမှာ ၁၁ ဒသမ ၈၅ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း၊ ထို့အ ပြင် မြန်မာနိုင်ငံသို့ ဗီဇာဖြင့် လာရောက်ခဲ့သည့် နိုင်ငံများ၏ ကာလတူ နှိုင်းယှဉ်ချက်မှာလည်း ၂ ဒသမ ၅၈ ရာခိုင်နှုန်းအထိ တိုးလာကြောင်း သိရသည်။ **ချောစု**

# MIC မှ ပေးအပ်သည့် မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးလိုင်စင်ကို နိုင်ငံခြားကုမ္ပဏီဖြစ်သည့် CP Motor မှ ပထမဆုံး ရရှိ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှပေးအပ်သော မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးလိုင်စင်ကို နိုင်ငံခြားကုမ္ပဏီတစ်ခုဖြစ်သည့် CP Motor မှ ရရှိခဲ့ကြောင်း သိရသည်။




CP Motor အနေဖြင့် CPM အမှတ်တံဆိပ် မော်တော်ဆိုင်ကယ်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ် ရောင်းချသွားရန်အတွက် တစ်နှစ်လျှင် မော်တော်ဆိုင်ကယ်အစီးရေ တစ်သိန်းအထိ ထုတ်လုပ်နိုင်သည့် စက်ရုံကို တည်ထောင်ခဲ့ပြီး ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"မော်တော်ဆိုင်ကယ်စီးတဲ့နေရာမှာ သွားလာရေးတစ်ခုတည်းအတွက်သာမက ဖက်ရှင်ကျမှုနဲ့ သက်သောင့်သက်သာရှိစေမှုဆိုတဲ့ အတွေ့အကြုံကို ခံစားရစေဖို့ အပြောင်းအလဲတစ်ခုကို စတင်လိုက်တာပါ။ ပြည်တွင်းမှာပဲ တပ်ဆင်ထုတ်လုပ်မှာပါ။ ထုတ်လုပ်ရေးစက်ရုံရဲ့ နိုင်ငံတကာအဆင့်အတန်းမီ လည်ပတ် စီမံခန့်ခွဲမှုတွေနဲ့အတူ အရည်အသွေးမြင့်ထုတ်ကုန်တွေကို ထုတ်လုပ်သွားမှာပါ"ဟု CPM ၏ မန်နေဂျင်းဒါရိုက်တာ Mr.Charas Chitkittichamras က ပြောသည်။

သူကပဲဆက်ပြီး "ဒီဇိုင်းပိုင်းမှာတော့ တအားကြီး ခွဲထွက်သွားဖို့မရှိပါဘူး။ နှစ်တိုင်းမှာတော့ ပုံစံသစ်တစ်ခုကို မိတ်ဆက်ပေးမှာပါ"ဟု ပြောသည်။

CPM အမှတ်တံဆိပ် ဆိုင်ကယ်များကို ပြည်တွင်း ၌ CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ပြီး နောက်ငါးနှစ်အတွင်း Fully Industry ပုံစံ ပြောင်းလဲ သွားမည်ဖြစ်ကြောင်း၊ လက်ရှိရောင်းချမည့် ဆိုင်ကယ်များအတွက်ကိုလည်း တစ်နှစ် သို့မဟုတ် ကီလိုမီတာ ၁၂၀၀၀ အထိ အာမခံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

## စာမျက်နှာ (၈) ပြေးလမ်းပေါ်က . . . မှအဆက်

### (၄) တောင်အာရှနှင့် အရှေ့အာရှဈေးကွက်

ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံတို့သည် ဆန်ပုံမှန်တင်သွင်းနေသည့် နိုင်ငံများဖြစ်ပြီး အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ အဓိကတင်သွင်းနေပါသည်။ ရာသီဥတုဖောက်ပြန်သောနှစ်များတွင် ရုတ်ချည်းတင်သွင်း မှုပမာဏမြင့်တက်ခဲ့သည့် အစဉ်အလာရှိပြီး မြန်မာနိုင်ငံနှင့်လည်း အနီးဆုံးကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် တည်ရှိနေသဖြင့် ခိုင်မာသောဈေးကွက်ကို တည်ဆောက်နိုင်လျှင် ပုံမှန်တင်ပို့နိုင်သည့် ဈေးကွက်တစ်ခုဖြစ်လာနိုင်ပါသည်။

၂၀၁၈ ခုနှစ်တွင် MRF ၏ ဦးဆောင်ညှိနှိုင်းမှုဖြင့် G to G ရောင်းဝယ်မှုဖြင့် တန်းမြင့်ဆန် ၅ ရာခိုင်နှုန်း၊ တန်ချိန် ၁ သိန်း ရောင်းချနိုင်ခဲ့ပါသည်။

အရှေ့အာရှနိုင်ငံများဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ မကာအို၊ စသည့်နိုင်ငံများသည် အရည်အသွေးကို ဦးတည်သော ဈေးကွက်ဖြစ်သည့်အပြင် ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏကို အထူးဂရုစိုက်သည့်ဈေးကွက်ဖြစ်သဖြင့် အခြားနိုင်ငံများထက် ပိုးသတ်ဆေးသုံးစွဲမှုနည်းသော မြန်မာနိုင်ငံအတွက် အရည်အသွေးမြင့် ဆန်များကို လက်ရှိတင်ပို့နေသည့် ပမာဏမှ ဈေးကွက်တိုးချဲ့တင်ပို့ရန် အခွင့်အရေးရှိနေပါသည်။

### (၅) အာဖရိက ဈေးကွက်

မြန်မာနိုင်ငံ၏ အရည်အသွေးနိမ့်ဆန်များ ၂၅ ရာခိုင်နှုန်းအနောက်အာဖရိကဈေးကွက်သည်လည်း တရုတ်နိုင်ငံ၏ နှစ်ချို့သိုလှောင်ထားသောဆန်များကို ရောင်းချလာသည့်အတွက် ဈေးကွက်ယှဉ်ပြိုင်မှု ပြင်းထန်နေပါသည်။ ပြောင်းလဲနေသည့်စားသောက်မှုပုံစံအရ အာဖရိက အရှေ့နိုင်ငံနှင့် တောင်နိုင်ငံများသည် အရည်အသွေး အလယ်အလတ်တန်းစားရှိသော ပြောင်းလဲဝယ်ယူလာသည့်ဈေးကွက်အား ထိုးဖောက်ရောင်းချနိုင်ရန် လိုအပ်နေပါသည်။ ထိုင်းနိုင်ငံ၏ State Marketing ကိုနမူနာယူ၍ အာဖရိက၏အဓိကဆန်တင်သွင်းနေသည့် နိုင်ဂျီးရီးယားက နှစ်စဉ် ဆန်တန်ချိန် ၂ သန်းခန့်နှင့် ကင်မရွန်း၊ တောင်အာဖရိက စသည့် နိုင်ငံများသို့ ဈေးကွက်ရှာဆောင်ရွက်မှုများ လိုအပ်နေပါသည်။

### (၆) အရှေ့အလယ်ပိုင်း ဈေးကွက်

ကမ္ဘာ့ဆန်ကုန်သွယ်မှု၏ ၁၀ ရာခိုင်နှုန်းကျော် နှစ်စဉ် ၅ သန်းကျော် တင်သွင်းနေသည့် အရှေ့ အလယ်ပိုင်း ဈေးကွက်တွင် မြန်မာနိုင်ငံမှရရှိမှု အလွန်နည်းပါးသေးသည်။ တစ်ချိန်က အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ရေပန်းစားခဲ့သော ဘားမားဇီယာဆန်၊/Burma Zera Rice သည် ပုံပြင်တစ်ပုဒ်ဖြင့် ကျန်ရှိခဲ့ပါသည်။ နိုင်ငံရေးအရ ဈေးကွက်ကိုဦးဆောင်နေသည့် အမေရိကန်ဆန်၊ အိန္ဒိယနှင့် ပါကစ္စတန်တို့မှ ဈေးကွက်ကို ဦးဆောင်နေပြီး ထိုင်းနှင့် ဗီယက်နမ်တို့မှလည်း ဈေးကွက်တွင် တင်ပို့ရောင်းချနေပါသည်။ မြန်မာနိုင်ငံမှလည်း မြန်မာ့ဆန်ကို ပြန်လည်မိတ်ဆက်ပေးရန် လိုအပ်နေပြီး အီရန်၊ အီရတ်၊ ကူဝိတ် စသည့် အစိုးရများမှ ခေါ်ယူနေသည့် G to G ရောင်းဝယ်မှုများတွင် ပါဝင်ခွင့်ရလာအောင် ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

၂၀၁၉ ဆန်စပါးဈေးကွက်သည် လက်ရှိအနေအထားအရ ယှဉ်ပြိုင်မှုပြင်းထန်ပြီး ဝယ်သူဈေးကွက်ရှိနေပြီး Politic is Economic (နိုင်ငံရေးသည်စီးပွားရေး)ဆိုသည့် ခေတ်သစ်ဝေါဟာရအရ အောင်မြင်သောစီးပွားရေးဖြစ်ပေါ်ရန် နိုင်ငံမှ အားပေးဆောင်ရွက်မှုသည် အလွန်အရေးပါနေပါသည်။ (ဥပမာ ကမ္ဘောဒီးယားနိုင်ငံမှ ၂၀၁၈ ခုနှစ်မတ်လတွင် ဥရောပကော်မရှင်မှ GSP အခွင့်အရေးကို ပြန်လည်သုံးသပ်သည့်အချိန်မှစ၍ ဆုံးရှုံးလာမည့်ဈေးကွက်လစ်ဟာမှုကို ဖြည့်ဆည်းပေးရန်အတွက် တရုတ်နိုင်ငံသို့ G to G ညှိနှိုင်းမှုနှင့် တန်ချိန် ၃ သိန်း ရောင်းဝယ်ရန် ဈေးကွက်ရှာဖွေမှုကို ၂၀၁၈ ခုနှစ် တတိယ (၃)လပတ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီး စီးပွားရေးအတွက် လိုအပ်ချက်ကို Politic/နိုင်ငံရေးနှင့် ဖြည့်ဆည်းပေးမှုဥပမာကောင်းတစ်ခုဖြစ်ပါသည်။)

စပါးစိုက်ပျိုးထုတ်လုပ်မှုသည် (၄)လတစ်ကြိမ် ဆောင်ရွက်နိုင်သည့် ရေလိုအပ်ချက်များသည့် နှံစားသီးနှံ စိုက်ပျိုးမှုဖြစ်ပြီး ပြောင်းလဲနေသော ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အညီ ဈေးကွက်တိုးတက်မှု ကျဆင်းမှု/ဝယ်လိုအား/ရောင်းလိုအား အစဉ်ပြောင်းလဲနေပါသည်။ ဒုတိယကမ္ဘာစစ်မတိုင်ခင်က ဆန်တင်သွင်းခဲ့ရသော အိန္ဒိယနှင့် ဗီယက်နမ်တို့သည့် ကမ္ဘာ့ထိပ်သီးဆန်တင်ပို့သည့် နိုင်ငံများဖြစ်လာပြီး ၂၀၁၀ ခုနှစ်အထိ နှစ်စဉ်ဆန်တန်ချိန် သန်းကျော်တင်ပို့နေသည့် တရုတ်နိုင်ငံသည် ယနေ့ဆန်အများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်လာပါသည်။

ပိုမိုထက်မြက်သော အတွေးအခေါ်ရှိသည့် မျိုးဆက်တို့၏ ဦးဆောင်မှုကိုလက်ခံသော စီးပွားရေးကဏ္ဍ များသည် အောင်မြင်မှုကို ပိုမိုလျင်မြန်စွာ ဆုပ်ကိုင်နိုင်ပါသည်။ ဆန်စပါးကဏ္ဍတွင် မျိုးဆက်သစ်ပညာတတ် လူငယ်များသည် ဆန်စပါး စိုက်ပျိုးကြိတ်ခွဲ၊ သယ်ယူရောင်းချတင်ပို့သည့် မောင်းနှင်အားဖြင့် အမြောက်အမြားဝင်ရောက်လာခြင်းသည် မြန်မာ့ဆန်စပါးကဏ္ဍ၏ အနာဂတ်အောင်မြင်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။

### MRF ၏ အခန်းကဏ္ဍ

မြန်မာ့ဆန်စပါးလောကတွင် ဖွဲ့စည်းပြီးသော ဆန်စက်၊ ဆန်ကုန်သည်၊ စိုက်ပျိုးထုတ်လုပ်သူ၊ လယ်ယာသုံးစက်ကိရိယာ ပိုးသတ်ဆေး၊ မြေဩဇာစသည့် အသင်းအစုအဖွဲ့များအား စုပေါင်း၍ ၂၀၀၉ ခုနှစ်မှ စတင်ပူးပေါင်းဖွဲ့စည်းခဲ့သော MRF ၏အခန်းကဏ္ဍသည် မြန်မာ့ဆန်စပါးလောက၏ ဦးဆောင်အဖွဲ့အစည်းအဖြစ် ရပ်တည်နေပြီး မူဝါဒအတွေးအခေါ်၊ အမြင်အရပ်ရပ် တို့ကိုငြင်းခုန်ဆွေးနွေး အဖြေရှာ၍ နိုင်ငံတော်နှင့် ဆန်စပါး လုပ်ငန်းလုပ်ကိုင်နေသူများအကြား ပေါင်းစည်းပေးရာ အဖွဲ့အစည်းအဖြစ် အောင်မြင်စွာရပ်တည်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆန်စပါးကဏ္ဍအတွက် အချိန်ကာလနှင့် ဆောင်ရွက်သင့်သည်များကို ဆန်စပါးလုပ်ငန်း တည်ငြိမ်တိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ (၂၀၁၈ ခုနှစ်၊ မတ်လ ဆန်စပါးအသင်းချုပ် ညီလာခံ တွင်) အစိုးရအဖွဲ့၏ သဘောတူညီချက်အရမြန်မာ့ဆန်စပါး ဈေးနှုန်းကြေညာခြင်းကို ဆောင်ရွက်နိုင်ခဲ့ပြီး ရှေ့ဆက်လက်ပြီး အသင်းဦးဆောင်မှုကဏ္ဍကိုသွေးသစ်လောင်း၍ (Generation Carrier) လူငယ်ပိုင်း (၃၀နှစ်အောက်)လူလတ်ပိုင်း(၄၅နှစ်အောက်)များအား နေရာပေး၍ MRF ၏ ရည်မှန်းချက် ဖြစ်သည့် ၂၀၂၀ တွင် ဆန်စပါးပို့ကုန်ကဏ္ဍမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံနှင့် ၂၀၂၅ ခုနှစ်တွင် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရရှိရေး ပြေးလမ်းရှည်ကြီးကို ဆက်လက်လျှောက်လှမ်းကြပါစို့. . . . . . . ။

(MRF ၂၀၁၉ နှစ်ပတ်လည် ညီလာခံအား ဦးဆောင်းပါးနှင့် ဂုဏ်ပြုအပ်ပါသည်။)

**Ref : MOC, MRF, USDA, Rice Index**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှအဆက်

ဆက်လက်၍ အစည်းအဝေး၌ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ အသင်းအဖွဲ့များက ပို့ကုန်တိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် ဆောင်ရွက်ရမည့်အချက်များ၊ စိန်ခေါ်မှုများ၊ အားသာချက်များ၊ အားနည်းချက်များကို ဆွေးနွေး ကြပြီး အစည်းအဝေးကို ညနေ ၁၇:၀၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ဝင်ဖြစ်သည့် ဌာနဆိုင်ရာများမှ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းဝယ်သူများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်၊ ပရီမီယမ် ဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာလျှင် ၆၉၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ကျပ် ၇၉၀ ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်းဓာတ်ဆီဈေးနှုန်းများမှာဥရောပနိုင်ငံများတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံတွင် ၄ ဒသမ ၅၀ ရာခိုင်နှုန်းအသီးသီးဈေးနှုန်း မြင့်တက်ခဲ့ပြီး တောင်အမေရိကနိုင်ငံတွင် သုည ဒသမ ၁၀ရာခိုင်နှုန်းနှင့် ကနေဒါနိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်း အသီးသီးဈေးနှုန်း ကျဆင်းခဲ့ပြီး အာဖရိကနိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ နီပေါနှင့် ပါကစ္စတန်နိုင်ငံများ၏ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီ ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | ဇန်နဝါရီ ၂၅ | ဇန်နဝါရီ ၂၈ | ဇန်နဝါရီ ၂၉ | ဇန်နဝါရီ ၃၀ | ဇန်နဝါရီ ၃၁ | ဇန်နဝါရီ ၂၅ | ဇန်နဝါရီ ၂၈ | ဇန်နဝါရီ ၂၉ | ဇန်နဝါရီ ၃၀ | ဇန်နဝါရီ ၃၁ |
| ၁ | မြစ်ကြီးနား | ၃၇၀၈ | ၃၇၀၈ | ၃၇၀၈ | ၃၇၀၈ | ၃၇၀၈ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ | ၄၂၅၂ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၄ | တောင်ကြီး | ၃၅၅၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၆ | ဘားအံ | ၃၃၀၈ | ၃၃၀၈ | ၃၃၀၈ | ၃၃၀၈ | ၃၃၀၈ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ |
| ၇ | မော်လမြိုင် | ၃၇၁၂ | ၃၇၁၂ | ၃၇၁၂ | ၃၇၁၂ | ၃၇၁၂ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ | ၄၁၈၅ |
| ၈ | ထားဝယ် | ၃၈၇၀ | ၃၈၇၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၂၃၀ | ၄၂၃၀ | ၄၁၁၇ | ၄၁၁၇ | ၄၁၁၇ |
| ၉ | မြိတ် | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ |
| ၁၁ | ပုသိမ် | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၁၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၁၂ | စစ်တွေ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ |
| ၁၃ | ဟားခါး | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၁၄ | မုံရွာ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၅ | မန္တလေး | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ |
| ၁၇ | မကွေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၁၈ | ပြည် | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၄၁၀၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ |
| ၁၉ | ပဲခူး | ၃၂၅၀ | ၃၂၅၀ | ၃၂၅၀ | ၃၂၅၀ | ၃၂၅၀ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ |
| ၂၀ | ပျဉ်းမနား | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၁ | နေပြည်တော် | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၂ | ကလေး | ၃၉၅၅ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၇၀၀ | ၄၅၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |

Source : DOCA-Domestic

# အောင်မြေသာစံမြို့နယ်ရှိ အ.ထ.က(၂၀)၊ ချမ်းမြသာစည်မြို့နယ်ရှိ အ.ထ.က(၂၈)နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အ.မ.က (၂၀) မူလွန်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ဇန်နဝါရီလ ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ အ. ထ. က (၂၀)၊ ဇန်နဝါရီ ၂၂ ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ်ရှိ အ. ထ. က (၂၈)နှင့် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ အ. မ. က (၂၀) မူလွန်ကျောင်းများတွင် မိက်ဖက်ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါတယ်။

ရှေးဦးစွာ အောင်မြေသာစံ မြို့နယ်ရှိ အ. ထ. က (၂၀)တွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူ ရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်ပပနိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ရယူ သုံးစွဲနိုင်ရေး၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်နှင့်အညီ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနိုင်ထွန်းက ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ စားသုံးသူ၏ တာဝန်များ၊ လုံခြုံစိတ်ချရမှုရှိပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်နှင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်း လုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်းအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် ထုတ်ပြန်ပြီး (၆)လ ပြည့်မြောက်သည့်နေ့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်တွင် စတင် အာဏာသက်ရောက်မည်ဖြစ်ကြောင်း၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများအနေဖြင့်လည်း သိရှိထားရန် လိုအပ်ပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ထားထားလွင်၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာ ထင်မျိုးလွင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဒေါက်တာအောင်ဇော်မျိုးတို့က အသီးသီး ဟောပြော ဆွေးနွေးခဲ့ပါတယ်။

အလားတူ ဇန်နဝါရီလ ၂၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိအ. ထ. က (၂၈)တွင် စားသုံးသူ ရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးသက်လွင်ထူး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ယဉ်မိုးအေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါ်ဖြိုးဇင်ဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါ်အမာကြည်၊ ဇန်နဝါရီလ ၂၄ ရက်တွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးအောင်၊ ဒုတိယဦးစီးမှူး ဒေါ်တင်တင်ခိုင်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဦးသက်ဖြိုးအောင်၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးကိုကိုဝင်းတို့က အသီးသီး ဟောပြောဆွေးနွေးခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါတယ်။

**သီတာဝင်း၊ စားသုံးသူ (မန္တလေး)**

# တောင်ငူခရိုင်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ စားသောက်ဆိုင်များအား ရှောင်တခင်စစ်ဆေး

စားသုံးသူရေးရာ ဦးစီးဌာန၊ တောင်ငူခရိုင် ဖြူးမြို့နယ်တာဝန်ခံရုံးမှ ဝန်ထမ်းများသည် ပဲခူးတိုင်း ဒေသကြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဖြူးအမြန် လမ်းမကြီး ရဲစခန်းတို့နှင့်အတူ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၁၁၅)မိုင်ရှိ စားသောက်ဆိုင်ခန်းများကို ဇန်နဝါရီ ၂၂ ရက်က Mobile Laboratory Van (ရွေ့လျား မော်တော်ယာဉ်) အသုံးပြုပြီး ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။



အလားတူ တောင်ငူခရိုင် ဦးစီးမှူးရုံးမှ ဌာနခွဲတာဝန်ခံ ဦးခင်မောင်အေးနှင့် ဝန်ထမ်းများသည် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနနှင့်အတူ တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၁၅၈)မိုင်ရှိ စားသောက်ဆိုင်ခန်းများကို ဇန်နဝါရီ ၂၂ ရက်ကတွင် Mobile Laboratory Van (ရွေ့လျား မော်တော်ယာဉ်) အသုံးပြုပြီး ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ပူးပေါင်းအဖွဲ့ဝင်များသည် အစားအသောက်ကုန်ကြမ်းများ စစ်ဆေးခြင်း၊ မုန့်ဖတ်များ ပဲပြားများတွင် ဖော်မလင်ပါဝင်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ချဉ်ဖတ်၊ ငါးပိ၊ အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်များတွင် ခွင့်မပြု ဓာတုဆိုးဆေးများပါဝင်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ စားသောက် ကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ ချက်ပြုတ်ပြင်ဆင်မှု၊ ကိုင်တွယ် ပြင်ဆင်မှု၊ တည်ခင်းထားရှိမှုများကို စစ်ဆေးခြင်း၊ အစားအသောက်အကြွင်းအကျန်များနှင့် အမှိုက်များအား စနစ်တကျ စွန့်ပစ်မှု ရှိ/မရှိ စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ရာ အစားအသောက်များ သိုလှောင်၊ ချက်ပြုတ်၊ ပြင်ဆင်၊ တည်ခင်းထားရှိမှုများ စနစ်တကျနှင့်သန့်ရှင်း သပ်ရပ်မှုရှိကြောင်း တွေ့ရှိရကြောင်း သိရသည်။

ထို့ပြင် မုန့်ဖတ်များနှင့် ပဲပြားများတွင် ဖော်မလင်ပါဝင်မှုမရှိကြောင်း တွေ့ရှိရပြီး အစားအသောက်များတွင် ခွင့်မပြု ဓာတုဆိုးဆေးများ ပါဝင်မှု ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်သည့် အဖြေများကို အကြောင်းကြားမည်ဟု သိရသည်။

အမှိုက်စွန့်ပစ်မှုများ စနစ်တကျရှိစေရန်ဆောင်ရွက်ရန် လိုအပ်ပါက မီးရှို့ဖျက်ဆီးခြင်းများ ဆောင် ရွက်ရန် အသိပေး ပြောကြားခဲ့ကြောင်းနှင့် အခါအားလျော်စွာ ရှောင်တခင် စစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**စောသန်းထိုက်ကျော်**

## မတ္တရာမြို့နယ်၊ သရက်တန်း အခြေခံပညာ အလယ်တန်း ကျောင်းခွဲတွင် စားသုံးသူ အသိပညာပေး ဟောပြောပွဲကျင်းပ

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မတ္တရာမြို့နယ်၊ သရက်တန်း အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဇန်နဝါရီ ၂၁ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ပါသည်။ ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယ ခရိုင်ဦးစီးမှူးက စားသုံးသူများဘေး အန္တရာယ် ကင်းရှင်းစွာနေထိုင်စား သောက်တတ်စေရန်၊ ကုန်ပစ္စည်းများ ဝယ်ယူရာတွင် သတိပြုကြည့်ရှုပြီးဝယ်ယူရမည့် အချက်အလက်များ၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်း၊ ဓာတုဆိုးဆေးများ၏ အန္တရာယ်ကြီးမားမှုအကြောင်း၊ စားသုံးသူ၏ အခွင့်အရေးများ၊ တာဝန်များအကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရန်နိုင်စိုးက အစားအစာအုပ်စုကြီး(၃)စုအကြောင်း၊ စပ်ဆေးများ၏ အန္တရာယ် ကြီးမားမှုအကြောင်း၊ ကျောင်းသား/ ကျောင်းသူများ ကျန်းမာစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျန်းမာရေးအသိကျန်းမာရေး သတိရှိစွာဖြင့် လူကို အာဟာရဖြစ်စေမည့် အစားအစာများ၊ သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကို သာရွေးချယ် ဝယ်ယူစားသုံးကြရန် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပြီး ဟောပြော ဆွေးနွေးပွဲတွင် ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကျောင်းသား မိဘများ၊ ကျောင်းမုန့်ဈေးတန်းမှ ဈေးသည်များ၊ စုစုပေါင်းအင်အား ၂၂၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **နှင်းလဲ့လဲ့ (ကျောက်ဆည်)**

# ဗန်းမော်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၁/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဗန်းမော်ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက်တွင် ဗန်းမော်ခရိုင် အထွေထွေ အုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါ သည်။ အဆိုပါ အစည်းအဝေးတွင် ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ခေတ္တခရိုင် အုပ်ချုပ်ရေးမှူး) ဦးလင်းသန့်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးအောင်ကျော်ဦးက လုပ်ငန်းညှိနှိုင်းအစည်း အဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက် ဆောင်ရွက်ရမည့် အစီအမံများ ရှင်းလင်းဆွေးနွေးခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ (၁/၂၀၁၈) နှင့် (၁/၂၀၁၉) အား ရှင်းလင်းတင်ပြခြင်း၊ စီးပွားရေးလုပ်ငန်းရှင်ဖြစ်သော အမှန် ထုတ်လုပ်တင်ပို့/တင်သွင်းသူများမှ လိုက်နာ ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြား ခြင်းနှင့် ဗန်းမော် ခရိုင် (CICC) ရုံးတွင် တိုင်ကြားထားသည့် Red dot Network ကိစ္စကို ညှိနှိုင်းပေးနေရမှု အခြေအနေများ ဆွေးနွေးခဲ့ပါသည်။ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များမှလည်း တစ်ဦးချင်းဆွေးနွေး တင်ပြခဲ့ကြရာဥက္ကဋ္ဌမှ ညှိနှိုင်းပေါင်းစပ် ပေးခဲ့ပြီး အစည်းအဝေးသို့ ခရိုင်စားသုံး သူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စောမန်းနွယ်( ဗန်းမော်)**

# ကျောင်း၊ ဈေး၊ ရပ်ကွက်၊ ကျေးရွာ စားသုံးသူရေးရာအဖွဲ့ငယ်များအား စားသုံးသူဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

မုံရွာမြို့နယ်ရှိ ကျောင်း၊ ဈေး၊ ရပ်ကွက်၊ ကျေးရွာ စားသုံးသူရေးရာ အဖွဲ့ငယ်များအား စားသုံးသူရေးရာနှင့် သက်ဆိုင်သည့် အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက်က မုံရွာခရိုင် ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ၊ ကျောင်း၊ ဈေး၊ ရပ်ကွက် စားသုံးသူရေးရာအဖွဲ့ငယ်များမှ ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များ စုစုပေါင်း ၆၃ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ဌာနကိုစတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၆ ခုနှစ်မှ စတင်၍ စာသင်ကျောင်း၊ ဈေး၊ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပါကြောင်း၊ ဈေးများ၊ ကုန်မျိုးစုံဆိုင်များ၊ ကျောင်းမုန့်ဈေးတန်းများကို အဖွဲ့ဖြင့်သွားရောက်စစ်ဆေးရာ FDA မှ တားမြစ်ထားသော စားသောက်ကုန်များ၊ သက်တမ်းလွန် စားသုံးရန် မသင့်သည့် စားသောက်ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိပါက သတိပေး၊ တားမြစ်၊ သိမ်းဆည်း၊ မီးရှို့ဖျက်ဆီးခြင်း လုပ်ငန်းများကို လုပ်ဆောင်နေပါကြောင်း၊ စားသုံးသူများအနေဖြင့် စားသောက်ကုန်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိပါက မိမိတို့ဌာနတွင် သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန CICC ဖွင့်လှစ်ထားပါကြောင်း၊ စားသုံးသူများတိုင်ကြားနိုင်ရန် စာတိုက်ပုံးများကို ကျောင်း၊ ဈေး၊ ရပ်ကွက်များတွင် ထားရှိရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ စားသုံးသူရေးရာအဖွဲ့ငယ်များအနေဖြင့်လည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ပါဝင်ပူးပေါင်းဆောင်ရွက်ပေးပါရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွန်းက ဌာနဖွဲ့စည်းထားရှိမှုအခြေအနေများ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လက ပြဋ္ဌာန်းခဲ့ပြီး ပိုမို ပြည့်စုံသည့် ဥပဒေသစ်ကို အတည်ပြုရန် လွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ စားသုံးသူများအနေဖြင့် မိမိတို့ရပိုင်ခွင့်ဖြစ်သည့် ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲခွင့်၊ မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များရရှိခွင့်၊ စိတ်ကြိုက်ရွေးချယ်ခွင့်၊ အခြေခံလိုအပ်ချက်များအပေါ် စိတ်ကျေနပ်မှု ရရှိခွင့်၊ နစ်နာဆုံးရှုံးမှုများကို တိုင်ကြားခွင့်၊ နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပါဝင်ကြားနာခွင့်၊ စားသုံးသူ အခွင့်အရေးနှင့်ပတ်သက်သော အသိပညာများ သိရှိလေ့လာခွင့်၊ ကျန်းမာဝပြောသည့် ပတ်ဝန်းကျင်ကောင်းတွင် ရှင်သန်ခွင့်ဆိုသည့် အခွင့်အရေး(၈)ချက်ကို သိရှိထားပြီး ဒီအခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိဖို့ လိုက်နာရမည့်၊ စားသုံးသူများ၏ တာဝန်များကို ရှင်းလင်းပြောကြားခြင်း၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိခြင်းနှင့် အရေးယူပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ထုတ်ပြန်ထားသော ကြော်ငြာစာများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ တက်ရောက်လာသူများမှ ဆွေးနွေးပွဲများ၊ စစ်ဆေးမှုများကို ဖိတ်ခေါ်ပါကြောင်း၊ စားသုံးသူရေးရာအဖွဲ့များ အချိန်နှင့်တပြေးညီ ဆက်သွယ်နိုင်ရန် Viber Group ဖွဲ့ထားသင့်ကြောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အမာကြည်က အမှာစကားပြောကြားရာ ဌာနဆိုင်ရာ အချို့သည် ဝန်ထမ်းအင်အား အားနည်းခြင်း၊ ဘတ်ဂျက်အားနည်းစွာ လုပ်ကိုင်နေရသည်ကို နားလည် သော်လည်း ယခုလို အမြင်ချင်း ဖလှယ်ဆွေးနွေးနိုင်သည့် အသိပညာပေး ဆွေးနွေးပွဲများကို များစွာလုပ်ဆောင်စေလိုကြောင်း၊ ဌာနအများစုက စီမံချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ ခိုင်ခိုင်မာမာရှိပါကြောင်း၊ အချိတ်အဆက် မမိသည်များ ရှိနေသေး၍ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ ကာလဒေသအချိတ်အဆက်မိမိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ လူမျိုးများ၏ ဓလေ့အရ စားသုံးသူအကာအကွယ်ပေးရေး နှင့်ပတ်သက်ပြီး တိုင်ကြားမှုအလေ့အထမရှိ၍ အလေ့အကျင့်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာသော ရပ်/ကျေး ဥက္ကဋ္ဌများသည် ပြည်သူများက ယုံကြည်အားကိုးစွာ တင်မြှောက်ထားသူများဖြစ်၍ စားသုံးသူပြည်သူများ၏ အကျိုးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင်(မုံရွာ)**

# မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက်တွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ စည်သူခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ စားသုံးသူ ရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မြောက်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်တင်စိုးက ယခင်လအစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဇန်နဝါရီလအတွင်း ကျောင်း၊ ဈေး၊ ရပ်ကွက်၊ မြို့နယ်များသို့ စားသုံးသူအကာအကွယ် ပေးရေး အသိပညာပေး ဟောပြောပွဲများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး အသိပညာပေးဟောပြောပွဲများ၊ ဈေးကွက်အတွင်း ကွင်းဆင်းပညာပေး ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် မိတ်ဖက်ဌာနများပူးပေါင်း၍ လှိုင်သာယာမြို့နယ်၊ ပိတောက်မြိုင်ဈေးသို့ ရှောင်တခင် ကွင်းဆင်းဆောင်ရွက်ထားမှုများကို ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အတွင်းရေးမှူးက ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွင်း မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး (CICC)သို့ စားသုံးသူတစ်ဦးက ဖုန်းဝန်ဆောင်ခဖြတ်တောက်နေခြင်းနှင့် ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ စားသုံးသူများဘေးကင်းလုံခြုံရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ကို ထုတ်ပြန်ထားပြီးဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာ ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန်အတွက် ကုန်အညွှန်းအမှတ်အသားများ မြန်မာဘာသာနှင့် ဖော်ပြရမည့် အသေးစိတ်ဖော်ပြရန် အချက်များကိုစားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီမှ ညွှန်ကြားချက် (၁/၂၀၁၉)ကို ထုတ်ပြန်ထားရှိသည့် အခြေအနေတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် အဖွဲ့ဝင်များက ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

**ခိုင်ရွှေ (ရန်ကုန်)**

# မြောင်မြို့ မြို့မစည်ပင်ဈေးတွင် ဈေးဆိုင်များအား စားသုံးရန်၊ သုံးစွဲရန်မသင့်သည့် ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/ မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့၊ မြို့မစည်ပင်ဈေးရှိ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ သုံးစွဲရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်း စစ်ဆေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများ ရှင်းလင်းပြောကြားခြင်းများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ မြောင်မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် သက်ဆိုင်ရာမိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာအဖွဲ့များနှင့်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စံနမူနာဖြင့် သိမ်းယူခဲ့သော ပစ္စည်းများမှာ ဟိုက်ဒရိုင်ဂျင် (အချိုရည်)၊ စိမ်းလဲ့လျှံ(နှစ်ပြန်ကြော်)၊ yum yum၊ ယိုးဒယားကြာဆန် ထုပ် ပစ္စည်းလေးမျိုးမှာ စားသုံးရန်မသင့် ရက်လွန်နေသဖြင့် ပစ္စည်းများကို သိမ်းယူခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဆွေးနွေးခြင်းများကို မြောင်မြို့နယ်တာဝန်ခံ ဒေါ်ခင်ချိုမြင့်က အစားအသောက်များနဲ့ ပတ်သက်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ထုပ်ပိုးပစ္စည်း၊ အရည်အသွေး ဝယ်ယူသည့်အခါမှာ အမှတ်တံဆိပ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ မှတ်ပုံတင်စသည့် ကုန်ပစ္စည်းများကို ဝယ်ယူရောင်းချစေလိုကြောင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။ **ယဉ်အောင်(စစ်ကိုင်း)**

# ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်ရှိ ကုန်စုံဆိုင်များ ရှောင်တခင်ကွင်းဆင်းစစ်ဆေး

ချင်းပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့သည် ဇန်နဝါရီ ၁၇ ရက်တွင် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ အစားအသောက်နှင့် အလှကုန်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် သက်တမ်းကုန် ပစ္စည်းများအား သိမ်းဆည်းခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟားခါးမြို့၊ ဈေးစားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် အချို့ စားသောက်ကုန်များမှာ သက်တမ်း ကုန်ဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ တွေ့ရှိသည့် ဆိုင်ရှင်များနှင့် တွေ့ဆုံပြီး သက်တမ်းကုန်ပစ္စည်းများကို ရောင်းချရန်မသင့်ကြောင်း၊(FDA)မှ စားသုံးရန်မသင့်ကြောင်း၊ ကြော်ငြာထားသည့် ပစ္စည်းများအား သိမ်းဆည်းသွားမည်ဖြစ်ကြောင်း၊ နောင်တွင်လည်း သက် တမ်းကုန်ရက်များကို ဂရုတစိုက်ကြည့်ရှုပြီး ရောင်းချသင့်ကြောင်းနှင့် ဆိုင်များကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ခင်းကျင်းထားသင့်ကြောင်း စသည်ဖြင့် အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

သက်တမ်းကုန် ပစ္စည်းများဖြစ် သော အချိုရည်ဗူး ၁၅၆ ဗူး၊ မုန့်နှင့် ဝေဖာ စုစုပေါင်း ၄၁ ထုပ်၊ ကော်ဖီ၊ နို့မှုန့် ထုပ်ပေါင်း ၂၀ ထုပ်၊ အရောင်တင်မှုန့်နှင့် စားဖိုဆောင်သုံး ၁၉ ထုပ်တို့ကို သိမ်းဆည်းခဲ့ကြောင်း သိရပါသည်။

**မျိုးမြင့်သူ(ဟားခါး)**

## ပြင်ဆင်ဖတ်ရှုပါရန်

Commerce ဂျာနယ် အတွဲ (၁၉)၊ အမှတ် (၄)၊ စာမျက်နှာ (၂၇)၊ ကော်လံ (၂)၊ စာပိုဒ် (၃)၊ စာကြောင်းရေ (၃) ၌ 'ဆောင်ရွက်လျက်ရှိရာ weight and measure act (1991) ကို ထုတ်ပြန်ပြီး'ဟု ရေးသားဖော်ပြခဲ့ရာ ယင်းအစား 'ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ၌ weight and measure act (1991) ကို ထုတ်ပြန်ပြီး'ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး)**




# ဝီလီယံကိုခေါ်ယူရန် ပီအက်စ်ဂျီအသင်း ပစ်မှတ်ထားလာ

ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းသည် ချယ်လ်ဆီးအသင်းမှ ဘရာဇီး တောင်ပံကစားသမား ဝီလီယံကိုခေါ်ယူရန် ပစ်မှတ်ထားလာကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ၎င်းတို့၏ တောင်ပံကစားသမား နေမာမှာ ဒဏ်ရာပြဿနာကြောင့် လအတန်ကြာ အနားယူရတော့မည်ဖြစ်ခြင်းကြောင့် ဝီလီယံကို အစားထိုး ဖြည့်ဆည်းရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူးဝမ်းတွင် ချန်ပီယံဖြစ်ရန်မှာ သေချာသလောက်ရှိနေသော်လည်း ချန်ပီယံလိဂ်တွင် ရလဒ်ပိုင်းကောင်းမွန်ရေးအတွက် ကစားသမားဖြည့်တင်းမှုကို ပြုလုပ်လိုခြင်းလည်း ဖြစ်သည်။


ချယ်လ်ဆီးအသင်းသည် ဝက်ဖို့ဒ်အသင်းမှ ကွင်းလယ်ကစားသမား ဒူကော်ရီကိုခေါ်ယူရန် ပြင်ဆင်နေရာ ၎င်းကစားသမားကို ခေါ်ယူရန်မှာ အသင်းမှထွက်ခွာသွားသည့် ဖာဘရီဂတ်၏နေရာတွင် အစားထိုးရန်ဖြစ်ကြောင်း နည်းပြ ဆာရီက ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော် ပီအက်စ်ဂျီအသင်းက ကမ်းလှမ်းနေသည့် ဝီလီယံကိုမူ ထုတ်ရောင်းသွားရန်ကိုမူ ပြောဆိုခဲ့ခြင်းမရှိကြောင်းသိရသည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိရန်မျှော်မှန်းထားရာ ဝီလီယံကို ခေါ်ယူ၍ မရရှိပါကလည်း တောင်ပံကစားသမား နေမာ မကစားနိုင်ချိန်တွင် ၎င်း၏နေရာ၌ အစားထိုး ဝင်ရောက်ကစားနိုင်မည့် ထိပ်တန်းကစားသမားတစ်ဦးကို မဖြစ်မနေ ခေါ်ယူသွားမည်ဟုဆိုသည်။

## ဘောလုံးလောက အပြောင်းအရွှေ့သတင်းတိုများ

- မန်ယူအသင်းသည် ၎င်းတို့၏ တောင်ပံကစားသမား မာရှယ်ကို ၂၀၂၄ ခုနှစ်အထိရှိနေမည့် ငါးနှစ်စာချုပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်သည်။ မာရှယ်သည် စာချုပ်သစ်အရ တစ်ပတ်လုပ်ခ ပေါင်နှစ်သိန်း ရရှိမည်ဖြစ်သည်။
- ဘာစီလိုနာအသင်းသည် ခံစစ်ပိုင်းကို အားဖြည့်ရန်အတွက် တူးလုစ်အသင်းမှ နောက်ခံလူ တိုဒီဘိုနှင့် အက်သလက်တီကိုမန်နဲရိုးအသင်းမှ ညာနောက်ခံလူ အီမာဆင်တို့ကို ခေါ်ယူလိုက်ပြီဖြစ်သည်။ အသက်(၁၉)နှစ်ရှိ တိုဒီဘိုသည် ဘာစီလိုနာအသင်းနှင့် လေးနှစ်ခွဲ စာချုပ်ချုပ်ဆိုခဲ့ပြီး ကျောနံပါတ်(၆)ဂျာစီကို ဝတ်ဆင်မည်ဖြစ်သည်။
- အာဆင်နယ်အသင်းသည် ကွင်းလယ်ပိုင်း အားနည်းနေမှုကို ပြင်ဆင်နိုင်ရန်အတွက် အသက်(၂၅)နှစ်ရှိ ဘာစီလိုနာအသင်းမှ ကွင်းလယ်ကစားသမား ဒင်းနစ်ဆွာရက်ဇ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီ ဖြစ်သည်။
- ဖူလ်ဟမ်အသင်းသည် လီဗာပူးအသင်းမှ အသက်(၂၄)နှစ်ရှိ ဆားဘီးယား ကွင်းလယ်ကစားသမား လာဇာမာကိုဗစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ၎င်းကစားသမားကို လေးနှစ်ခွဲရှိ စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်းသိရသည်။

## ညီမဖြစ်သူမွေးနေ့မှာ နေမာ ငါးနှစ်ဆက်တိုက် ထူးဆန်းစွာ အနားယူခဲ့ရ



ပီအက်စ်ဂျီ အသင်းမှ ဘရာဇီး တောင်ပံကစားသမား နေမာသည် ခြေဖဝါးရိုးကျိုးဒဏ်ရာကြောင့် ၁၀ ပတ်ခန့် အနားယူရတော့မည်ဖြစ်ကြောင်း အသင်းမှ တရားဝင် ကြေညာလိုက်ပြီ ဖြစ်သည်။

နေမာသည် ဇန်နဝါရီလ ကုန်ပိုင်း သို့မဟုတ် ဖေဖော်ဝါရီလ ဆန်းပိုင်းရောက်လျှင် အကြောင်းအရာ တစ်ခုခုကြောင့် အနားယူရသည်မှာ ငါးနှစ်ဆက်တိုက် ရှိသွားပြီဖြစ်ကြောင်း သိရသည်။ နေမာအနေဖြင့် ထိုကဲ့သို့ အနားယူရခြင်းမှာ တိုက်ဆိုင်မှုလား၊ တမင်တကာရည်ရွယ်သည်လား ဆိုသည်ကိုပင် မေးခွန်းထုတ်လာကြပြီဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဖေဖော်ဝါရီ ၁၁ ရက်မှာ နေမာ၏ တစ်ဦးတည်းသော ညီမဖြစ်သူ ရာဖယ်လာ၏ မွေးနေ့ပင်ဖြစ်သည်။ နေမာသည် ညီမဖြစ်သူ မွေးနေ့ရက်နီးတိုင်း ပွဲပယ်ခံရမှု သို့မဟုတ် ဒဏ်ရာရရှိမှု တစ်ခုခုဖြင့် ကြုံတွေ့နေရသည်မှာ ယခုနှစ်နှင့်ဆိုလျှင် ငါးနှစ်ဆက်တိုက် ရှိသွားပြီဖြစ်သည်။

နေမာသည် ညီမဖြစ်သူ ရာဖယ်လာ၏ မွေးနေ့နားနီးချိန်၌ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ပွဲပယ်၊ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ပွဲပယ်၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ဒဏ်ရာရ၊ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ဒဏ်ရာရနှင့် ယခု ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် ဒဏ်ရာရ စသည်ဖြင့် မွေးနေ့နှင့် တိုက်ဆိုင်စွာပင် အနားယူရမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

နေမာသည် အသက်(၂၃)နှစ်ရှိ ၎င်း၏ညီမဖြစ်သူ ရာဖယ်လာနှင့် အလွန်ပင်ချစ်ခင်မှုရှိပြီး နေမာ၏ ကိုယ်ပေါ်တွင် ညီမဖြစ်သူ ရာဖယ်လာ၏ပုံကို တက်တူးထိုးထားသလို ညီမဖြစ်သူ ရာဖယ်လာ၏ ကိုယ်ပေါ်တွင်လည်း အစ်ကိုဖြစ်သူ နေမာ၏ပုံကို တက်တူးထိုးထားကြသည်။

## ဇန်နဝါရီအပြောင်းအရွှေ့တွင် ပရီးမီးယားလိဂ်၌ ကြီးမားသည့် ပြောင်းလဲမှုမရှိခဲ့




၂၀၁၈-၂၀၁၉ ဘောလုံးရာသီ ဇန်နဝါရီ အပြောင်းအရွှေ့တွင် ပရီးမီးယားလိဂ် အသင်းများအတွက် ကြီးမားသည့် ပြောင်းလဲမှုမရှိခဲ့ဘဲ စပိန်လာလီဂါ အသင်းများသည်သာ ကစားသမား အများအပြား ခေါ်ယူဖြည့်တင်းနိုင်ခဲ့ကြသည်။

ဇန်နဝါရီ အပြောင်းအရွှေ့တွင် ပြောင်းရွှေ့မှု အောင်မြင်ခဲ့သည့် ကစားသမားများကို ဒေးလီးမေးလ်သတင်းစာက ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဖော်ပြခဲ့သည်။

အဆိုပါကစားသမားများမှာ ဖရန်ကီဒီဂျောင်(အေဂျက်မှ ဘာစီလိုနာ- ပေါင် ၆၅သန်း)၊ ပူလီဆစ်(ဒေါ့မွန်မှ ချယ်လ်ဆီး- ပေါင် ၅၈ သန်း)၊ ဘရာဟင်ဒေ့ဇ်(မန်စီးတီးမှ ရီးရဲလ်မက်ဒရစ်- ပေါင် ၂၂ သန်း)၊ ဘင်ဂျမင်ပါဗက်(စတုဂတ်မှ ဘိုင်ယန်မြူးနစ်- ပေါင် ၃၁ သန်း)၊ ကလိုင်နီ(လီဗာပူးမှ ဘုန်းမောက်-အငှား)၊ မိုရာတာ(ချယ်လ်ဆီးမှ အက်သလက်တီကို- အငှား)၊ ဟီဂူအင်(ဂျူဗင်တပ်မှ ချယ်လ်ဆီး- အငှား)၊ ကီဗင်ပရင့်စ်ဘိုတန်(ဆက်ဆူအိုလိုမှ ဘာစီလိုနာ- အငှား)၊ ဖာဘရီဂတ်စ်(ချယ်လ်ဆီးမှ မိုနာကို- ပေါင် ၁၀ သန်း)တို့ ဖြစ်သည်။

စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် ကွင်းကစားသမားနှစ်ဦးနှင့် နောက်ခံကစားသမား နှစ်ဦးတို့ကို ခေါ်ယူနိုင်ခဲ့ခြင်းကြောင့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

## ရက်ချ်ဖို့ဒ်ကို ရီးရဲလ်မက်ဒရစ်က ပေါင်သန်း ၁၀၀ဖြင့် ကမ်းလှမ်းခဲ့




ရီးရဲလ်မက်ဒရစ်အသင်းသည် ကစားသမားသစ်များကို ခေါ်ယူဖြည့်တင်းလျက်ရှိရာ မန်ယူအသင်းမှ လူငယ်တိုက်စစ်မှူး ရက်ချ်ဖို့ဒ်ကို ခေါ်ယူရန် ပေါင်သန်း ၁၀၀ဖြင့် ကမ်းလှမ်းခဲ့ကြောင်းသိရသည်။

မန်ယူအသင်းသည် ၎င်းတို့၏ တောင်ပံကစားသမား မာရှယ်ကို ငါးနှစ် သက်တမ်းတိုး စာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားပြီ ဖြစ်သော်လည်း ရက်ချ်ဖို့ဒ်မှာမူ စာချုပ်သက်တမ်းတိုးရန် စောင့်ဆိုင်းနေချိန်ဖြစ်သည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် မန်ယူအသင်းကို မော်ရင်ဟို ကိုင်တွယ်ချိန်ကပင် ရက်ချ်ဖို့ဒ်ကို ခေါ်ယူရန် ကမ်းလှမ်းထားခြင်း ဖြစ်သည်။

အသက်(၂၁)နှစ်ရှိ ရက်ချ်ဖို့ဒ်သည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းမှာ နောက်တစ်ရာသီသာ ကျန်တော့ခြင်းဖြစ်သည်။ ရက်ချ်ဖို့ဒ်သည် လက်ရှိအချိန်တွင် မန်ယူအသင်း၌ တစ်ပတ်လုပ်ခ လစာ ပေါင်ခြောက်သောင်းသာ ရရှိနေပြီး မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတိုးဖြစ်ပါက တစ်ပတ်လုပ်ခလစာ နှစ်သိန်းခန့် ရရှိရန်ဆန္ဒရှိနေသည်။ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ဖြစ်ပါက ၎င်းကို တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ ပေးရန် လျာထားသည်။ ရီးရဲလ်မက်ဒရစ်အသင်းဘက်ကမူ ရက်ချ်ဖို့ဒ်ကို ခေါ်ယူနိုင်မည့် အခွင့်အရေးကို အပြောင်းအရွှေ့ နောက်ဆုံးအချိန်ထိ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ့ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင်

**DOCA (Domestic)**

### ပြည်တွင်းစားသုံးမှုမြင့်မားအောင် ဆောင်ရွက်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း

မြန်မာနိုင်ငံ၏ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်မှု ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ပြည်တွင်းစားသုံးမှု များပြားလာအောင်လုပ်ဆောင်ခြင်းကိုလည်း ဦးစားပေး၍ ဆောင်ရွက်သင့်ပေသည်။ ထိုသို့ပြည်တွင်းစားသုံးမှုများပြားလာစေရန်မှာ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး စားသုံးသူပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သစ်သီးဝလံစားသုံးမှုသည် နှစ်စဉ်မြင့်မားလျက်ရှိကာ အများဆုံးစားသုံးသောသီးနှံမှာ သရက်သီးဖြစ်ပြီး ဖရဲသီးစားသုံးမှုသည် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရှိရပေသည်။ ၂၀၁၅ ခုနှစ်စာရင်းများအရ မြန်မာနိုင်ငံ၏ သစ်သီးဝလံစားသုံးမှုကို လေ့လာကြည့်ပါက သရက်သီး ၃၆၀၀၀၀ တန်၊ ဖရဲသီး ၁၆၈၀၀၀တန်၊ ငှက်ပျောသီး ၈၅၀၀၀ တန်၊ မာလကာသီး ၃၀၀၀၀ တန်၊ ဆီးသီး ၁၇၀၀၀ တန်၊ ကျွဲကောသီး ၆၀ တန်၊ ထောပတ်သီး ၇၅ တန် အသီးသီး စားသုံးခဲ့ကြောင်း သိရှိရပေသည်။ မြန်မာနိုင်ငံ၏ ဖရဲသီးစားသုံးမှုသည် ပြည်ပတင်ပို့မှုထက်များစွာ နည်းနေသေးကြောင်း တွေ့ရှိရပါသည်။ FAO မှ ထုတ်ပြန်သောစာရင်းများအရ အာဆီယံနိုင်ငံများ၏ လူတစ်ဦး ပျမ်းမျှ တစ်နှစ်လျှင် သစ်သီးဝလံစားသုံးမှု ပမာဏအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသည် ၁၁၃ ကီလိုဂရမ်၊ ထိုင်းနိုင်ငံသည် ၁၀၂ ကီလိုဂရမ်၊ အင်ဒိုနီးရှားနိုင်ငံသည် ၆၄ ကီလိုဂရမ်၊ ဗီယက်နမ်နိုင်ငံ သည် ၆၂ ကီလိုဂရမ်၊ မလေးရှားသည် ၄၂ ကီလိုဂရမ်၊ မြန်မာနိုင်ငံသည် ၁၅ ကီလိုဂရမ်နှင့် ကမ္ဘာ့ပျမ်းမျှ လူတစ်ဦး တစ်နှစ်စားသုံးမှုမှာ ၇၅ ကီလိုဂရမ်ဖြစ်ကြောင်း တွေ့ရှိရပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ သစ်သီးဝလံစားသုံးမှုနှုန်းမှာ ကမ္ဘာ့စားသုံးမှုနှုန်းထက်များစွာ နည်းပါးနေကြောင်း တွေ့ရှိရပါသည်။

ပြည်တွင်းစားသုံးမှုမြင့်မားလာခြင်းသည် သက်ဆိုင်ရာသီးနှံ၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ရေရှည်အောင်မြင်စေရေးအတွက် နည်းလမ်းတစ်ရပ်ပင်ဖြစ်ပါသည်။ သစ်သီးဝလံများသည် လူသားတို့၏ ကျန်းမာရေးကို အထောက်အကူပြုသကဲ့သို့ လူတို့အတွက် လိုအပ်သော အာဟာရဓာတ်များကိုလည်း ပေးဆောင်သောကြောင့် နှစ်သက်စွာ စားသုံးကြခြင်းဖြင့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖရဲ၊ သခွားမွှေးအပါအဝင် သစ်သီးဝလံများကို သရေစာ အဖြစ်သော်လည်းကောင်း၊ အချိုပွဲအဖြစ်သော်လည်းကောင်း စားသုံးကြပေသည်။ ထို့ပြင် ဖျော်ရည်နှင့် အခြားသောစားသောက်ဖွယ်ရာများအဖြစ်လည်း ပြုလုပ် စားသုံးမှုများ ရှိကြပေသည်။ ထို့ကြောင့် ပြည်တွင်းစားသုံးမှုနှုန်း မြင့်မားလာစေရန်မှာ စားသုံးသူပြည်သူများအတွက် ယုံကြည်စိတ်ချပြီး နှစ်သက်စွာ ဝယ်သူစားသုံးနိုင်သည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန် လိုအပ်ပါသည်။ ထိုသို့ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ဆန်းသစ်သော ထုတ်လုပ်မှုနည်းပညာများ လေ့လာခြင်း၊ အမျိုးမျိုးသောစားသောက်ဖွယ်ရာများ ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်ရန် စွန့်ဦးတီထွင်မှုများကို အားပေးကူညီလုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ ထုတ်လုပ်မှုနည်းပညာများ ရရှိပြန့်ပွားရေး၊ ကျယ်ပြန့်စွာဖြန့်ဝေနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရေးကို အစိုးရဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ပြည်တွင်း စားသုံးမှုမြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပေသည်။

### စိုက်ပျိုးထုတ်လုပ်မှုအားစနစ်တကျစီမံဆောင်ရွက်ခြင်းနှင့် ရေရှည်တည်မြဲသောဈေးကွက်ဆီသို့

မြန်မာနိုင်ငံတွင် ဖရဲ၊သခွားမွှေးသီးနှံများကို စီးပွားဖြစ်စိုက်ပျိုးမှုများ ရေရှည်အကျိုးဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးထုတ်လုပ်မှုအား စနစ်တကျစီမံခန့်ခွဲရန်လိုအပ်ပေသည်။ ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်မှုများကို ဈေးကွက်၏လိုအပ်ချက်ပေါ် အခြေခံ၍ ဒေသအသီးသီး၏ စိုက်ပျိုးထုတ်လုပ်မှုအားလုံး ညီတူမျှတစွာ အကျိုးဖြစ်ထွန်းစေရန် စနစ်ကျသောထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ဖော်ဆောင်ပြုလုပ်သင့်ပေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များအားလုံး ဖြန့်ကြက် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် ကွန်ရက်ရှိဖို့ရန် လိုအပ်ပေသည်။ ထို့ပြင် ဈေးကွက်၏ လိုအပ်ချက်ကို အရည်အသွေး၊ ပမာဏ လုံလောက်ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် စနစ်ကျသော ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းဖြစ်သည့် ဒေသအလိုက် စိုက်ပျိုးရေးဇုန်များ ဖော်ဆောင်လုပ်ကိုင်ရန်လိုအပ်ပေသည်။ ထိုသို့ စိုက်ပျိုးရေးဇုန်များ ဖော်ဆောင်ခြင်းသည် သီးနှံများ၏ အရည်အသွေး၊ လိုအပ်သောပမာဏများအား တစ်နေရာတည်း၌ စီမံဆောင်ရွက်နိုင်မည် ဖြစ်ပေသည်။ ဖရဲ၊ သခွားမွှေးသီးနှံများ၏ အရည်အသွေးပိုင်းနှင့်ပတ်သက်၍ စီမံခန့်ခွဲရာတွင်ဖြစ်စေ၊ လိုအပ်သောစိုက်ပျိုးမှု အလေ့အကျင့်ကောင်းများကို ပြုလုပ်ဆောင်ရွက်ရာတွင်ဖြစ်စေ သီးနှံဇုန်များဖော်ဆောင်၍ စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် ဈေးကွက်သို့ အရည်အသွေးတူ၊ အရွယ်အစားတူ ထွက်ကုန်များတင်ပို့နိုင်မည်ဆိုလျှင် ရေရှည်တည်မြဲသော ဈေးကွက်ကို ရရှိနိုင်မည်ဖြစ်ပါသည်။ထိုသို့ အကောင်အထည်ဖော်မည့်သီးနှံဇုန်စီမံကိန်းများတွင် စိုက်ပျိုးထုတ်သည့်ကဏ္ဍ၊ စိုက်ပျိုးထွက်ရှိလာသော သီးနှံများကို သိုလှောင်ထိန်းသိမ်းသည့်ကဏ္ဍ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်မှုကဏ္ဍ၊ ဈေးကွက်သို့တင်ပို့နိုင်ရေး ပြင်ဆင်ပြုလုပ်မှုကဏ္ဍ စသဖြင့် ကဏ္ဍအသီးသီးကို ထည့်သွင်း လုပ်ဆောင်ခြင်းအားဖြင့် အကျိုးရလဒ်များစွာ ဖြစ်ထွန်းနိုင်စေမည် ဖြစ်ပါသည်။ ဤသို့ စိုက်ပျိုးထုတ်လုပ်မှုများကို စနစ်တကျ စီမံလုပ်ကိုင်ခြင်းဖြင့် ထွက်ကုန်သီးနှံများအတွက် ရေရှည်တည်မြဲသော ဈေးကွက်သို့ ရောက်ရှိစေနိုင်မည်ဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါဦးမည်. . .။**

# တရုတ်ယွမ်ငွေနဲ့ ဂျပန်ယန်းငွေတို့ကို ကုန်သွယ်ငွေပေးချေရန် ခွင့်ပြု

မြန်မာနိုင်ငံ ဗဟိုဘဏ်က ဂျပန်ယန်းငွေနဲ့ တရုတ်ယွမ်ငွေတို့ကို နိုင်ငံတကာငွေပေးချေမှုနဲ့ စာရင်း ရှင်းလင်းမှုတွေ ဆောင်ရွက်ခွင့်ပြုလိုက်တာဟာ အမေရိကန်ဒေါ်လာကို တစ်ဆင့်ခံ အဖြစ် အသုံးပြုနေရတာမျိုး မဟုတ်တော့တဲ့အတွက် မြန်မာ့ စီးပွားရေး လုပ်ငန်းရှင်တွေအတွက် အကျိုးပိုဖြစ်ထွန်းစေတယ်လို့ စီးပွားရေး လုပ်ငန်းရှင်တွေက ပြောပါတယ်။ တစ်ဖက်ကလည်း နယ်စပ်ကုန်သွယ်ရေးမှာ တရားမဝင်တဲ့နည်းနဲ့ အရောင်းအဝယ် လုပ်နေတာတွေကို ထိန်းချုပ်ရာ ရောက်စေကြောင်း လုပ်ငန်းရှင်တွေက ပြောပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးဆုံး နယ်စပ်ကုန်သွယ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက ယွမ်ငွေနဲ့မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ အပါအဝင် ဖွံ့ဖြိုးမှု စီမံကိန်းတွေ အများအပြား လာရောက်လုပ်ကိုင်နေတဲ့ ဂျပန်နိုင်ငံက ယန်းငွေတို့ကို မြန်မာနိုင်ငံ ဗဟိုဘဏ်က နိုင်ငံတကာ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုတွေ ဆောင်ရွက်ခွင့်ပြုလိုက်ကြောင်း ဇန်နဝါရီလ ၃၀ ရက်နေ့ ရက်စွဲနဲ့ ကြေညာလိုက်တာဖြစ်ပါတယ်။ တရုတ်၊ ဂျပန်တို့နဲ့ ကုန်သွယ်တဲ့နေရာမှာ အမေရိကန်ဒေါ်လာကိုတစ်ဆင့်ခံအဖြစ် သုံးစွဲနေရတဲ့အဆင့်ကို ကျော်လွန်ပြီး ပိုမိုလွယ်ကူ လျှင်မြန်စေရေးအတွက် ရည်ရွယ်ပြီး ဗဟိုဘဏ်က အခုလို ကြေညာချက် ထုတ်ပြန်တာဖြစ်ကြောင်း သုံးသပ်ကြပါတယ်။ တရုတ်တို့၊ ဂျပန်တို့နဲ့ ကုန်ရောင်းကုန်သွယ်လုပ်တဲ့ နေရာတွေမှာ လွယ်ကူလျှင်မြန်စွာ ဆက်တိုက်အရောင်းအဝယ်လုပ်နိုင်အောင်လို့ ဖန်တီးပေးထားတာဖြစ်ပါတယ်။ ဂျပန်လည်း ဒီအတိုင်းပါပဲ ဂျပန်ယန်းလည်း alternative currency တစ်ခုဆိုတဲ့အခါကျတော့ ဒီ အမေရိကန်ဒေါ်လာကို dependency မှာ နည်းနည်းလေးလျှော့ပြီးတော့ တခြားငွေရေးကြေးရေး သုံးစွဲတဲ့နေရာမှာ လျင်မြန် လွတ်လပ်စွာ သုံးစွဲနိုင်အောင် လုပ်ထားတာဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။

တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုပမာဏကြီးလွန်းတော့ မြန်မာနိုင်ငံ ဘဏ်တွေဟာ တရုတ်ယွမ်ငွေကိုတိုက်ရိုက် အထုတ်အသွင်းလုပ်နေတယ်၊ တရုတ်ဘဏ်တွေကလည်း ငွေချေးရင်လည်း ယွမ်ငွေနဲ့ချေးပြီးလုပ်ကိုင်နေရတဲ့အတွက် တရားမဝင်လုပ်နေတာကို တရားဝင်ဖြစ်သွားအောင် အစိုးရက ဖြေလျှော့ပေးလိုက်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေဖို့ ရည်ရွယ်ပြီး ဗဟိုဘဏ်က အခုလိုဆုံးဖြတ်ချက်ချတာဖြစ်နိုင်ကြောင်းလည်း သုံးသပ်ကြပါတယ်။ မြန်မာနိုင်ငံအတွက် ပိုပြီး အကာအကွယ်လုပ်ပေးတဲ့သဘောပါ။ ဒီမှာ လုပ်ခွင့်ကိုင်ခွင့်ပေးလိုက်တဲ့အတွက် တစ်ဖက်နိုင်ငံရဲ့ ဈေးကစားခြင်းကိုလည်း မခံရအောင်ရယ်၊ နောက်ပြီး ရွှေဈေးတို့ဘာတို့မှာ တစ်ဆင့် US dollar လုပ်ပြီး တခြားတစ်နိုင်ငံ တတိယနိုင်ငံတစ်ခုကနေပို့ရတာတွေဘာတွေ နည်းနည်းကင်းရှင်း သက်သာသွားနိုင်တယ်လို့လည်း သုံးသပ်ထားကြပါတယ်။ လွန်ခဲ့တဲ့ ၂ လ ၃ လ ကတည်းက ဗဟိုဘဏ်ရယ်၊ စီးပွားကူးသန်းရယ်၊ သက်ဆိုင်ရာဌာနတွေ ဆွေးနွေးညှိနှိုင်းနေကြတာဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့က စီးပွားကူးသန်းတို့ ဗဟိုဘဏ်တို့နဲ့ ဆွေးနွေးညှိနှိုင်းတာတွေ လုပ်တယ်။ နောက်တော့ တရုတ်ဘက်က လုပ်ငန်းရှင်များရော မြန်မာဘက်က လုပ်ငန်းရှင်များပါ ဆွေးနွေးညှိနှိုင်းတာတွေ လုပ်ကြတယ်။ အဓိကတော့ မူဆယ်နယ်စပ်ကုန်သွယ်ရေးတွေ၊ တရုတ်နဲ့ ဆက်သွယ်တဲ့နေရာကို အဓိကဆောင်ရွက်ဆက်သွယ် ခဲ့ကြတာဖြစ်ပါတယ်။ ဂျပန်ယန်းလည်း နောက်ပိုင်းပါလာတာ ဖြစ်ပါတယ်။ အခုချိန်ထိတော့ တရုတ်ယွမ်ငွေနဲ့ ဂျပန်ယန်းငွေတို့အတွက် ဗဟိုဘဏ်က တရားဝင်ငွေလဲနှုန်း သတ်မှတ်ပေးတာမျိုး မရှိသေးပါဘူး။ ဒါပေမဲ့ ကုန်သည်၊ လုပ်ငန်းရှင်တွေနဲ့ဘဏ်တွေကတော့ Open Market Rate လို့ ခေါ်တဲ့ အပြင်ပေါက်ဈေးနဲ့ပဲ အလဲအလှယ် လုပ်နေကြတယ်လို့ စီးပွားရေးလုပ်ငန်းရှင်တွေက ပြောပါတယ်။ မြန်မာနဲ့ အနောက်အုပ်စုနိုင်ငံတွေအကြား ဆက်ဆံရေး အဆင်မပြေ ဖြစ်လာနေတဲ့အချိန်မှာ အိမ်နီးချင်း တရုတ်နိုင်ငံအပါအဝင် ဂျပန်နဲ့တခြား ဒေသတွင်းကနိုင်ငံတွေနဲ့ မြန်မာအစိုးရက ဘက်စုံဆက်ဆံမှုတွေ တိုးမြှင့်ဆောင်ရွက်လာနေတာကြောင့် ဗဟိုဘဏ် က အခုလိုငွေပေးချေတဲ့စနစ်ကို ဖြေလျှော့ပေးလိုက်တာဟာ မြန်မာနိုင်ငံက စီးပွားရေး လုပ်ငန်းရှင်တွေအတွက် လတ်တလောမှာ အဆင်ပြေစေမယ့် လုပ်ဆောင်ချက်အဖြစ် ရှုမြင်သုံးသပ်နေကြပါတယ်။

**ခင်မြနွယ် (MYANTRADE (TIR))**

# ၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်ရော်ဘာတင်ပို့မှုမှာ ပမာဏမြင့်တက်ခဲ့သော်လည်း တန်ဖိုးကျဆင်း

ဗီယက်နမ်နိုင်ငံတွင် သဘာဝရော်ဘာတင်ပို့သည့် ဈေးနှုန်းများမှာ ၂၀၁၇ ခုနှစ် ဒုတိယခြောက်လကတည်း ကျဆင်းနေခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ရော်ဘာတင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၅၈ သန်းနှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ ရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ပမာဏ ၁၄ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာပြီး၊ တန်ဖိုးမှာ ၆ ဒသမ ၆ ရာခိုင်နှုန်းကျ ဆင်းသွားပါကြောင်း သိရှိရပါတယ်။



ယခုအခါ ရော်ဘာဈေးနှုန်းများသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၃၅ ခန့်တွင်ရှိနေပြီး ၂၀၁၇ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ချက်အရ ၁၈ ရာခိုင်နှုန်း ကျဆင်းနေပါကြောင်း သိရှိရပါတယ်။

တရုတ်နိုင်ငံသည် ဗီယက်နမ်မှ သဘာဝရော်ဘာအများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှ ရော်ဘာထုတ်ကုန်များကို အဓိကတင်သွင်းသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်းနှင့် တရုတ်နိုင်ငံမှ တင်သွင်းသည့် ပမာဏ၏ ၇၀ ရာခိုင်နှုန်းခန့်ကို တာယာထုတ်လုပ်ရန်အတွက် အသုံးပြုပါကြောင်း သိရှိရပါတယ် ။

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် ဗီယက်နမ်နိုင်ငံမှ အများဆုံး ထိခိုက်သည့် တင်ပို့မှုကဏ္ဍများမှာ ကွန်ပျူတာများ၊ ပရိဘောဂများ၊ မော်တော်ကားများနှင့် မော်တော်ကားတာယာများဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စုသို့တင်ပို့ခဲ့သည့် တရုတ်နိုင်ငံ၏ထုတ်ကုန်များသည် ထိခိုက်ဖို့လည်း အလားအလာရှိသော ဗီယက်နမ်ရော်ဘာ လုပ်ငန်းနှင့် ဆက်နွှယ်နေပါကြောင်း နှင့် တရုတ်နိုင်ငံ၏ ဈေးကွက်အရှိန်လျော့ကျသွားသောကြောင့် ယခုနှစ်၏ ပထမသုံးလအတွင်း ရော်ဘာတင်ပို့မှုများ ကျဆင်းလိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း သိရပါတယ်။

အထူးသဖြင့် ဗီယက်နမ်နိုင်ငံက ရော်ဘာကုန်ကြမ်းများကို တန်ဖိုးနည်းဖြင့်တင်ပို့ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်သူများ၏လိုအပ်ချက်နှင့် မကိုက်ညီသော ပြည်တွင်းရော်ဘာထုတ်လုပ်ခြင်းများကြောင့် နက်ရှိုင်းသော လုပ်ငန်းစဉ်များအတွက် ရော်ဘာထွက်ကုန်အရေအတွက်များစွာကို တင်သွင်းခဲ့ရပါကြောင်း၊ ရော်ဘာတင်သွင်းမှုနှင့် တင်ပို့မှုအတွင်း ကုန်သွယ်မှုဟန်ချက်ညီအောင်ဖြေရှင်းရန်နှင့် ပြည်တွင်းထုတ်လုပ်မှုအတွက် ရော်ဘာပစ္စည်းများပေါများစွာ ထောက်ပံ့မှုကိုဖန်တီးရန် ၎င်းတို့၏ ထုတ်ကုန်များကို ပို၍တန်ဖိုးမြင့်သောထုတ်ကုန်ဖန်တီးရန်အတွက် ရော်ဘာလုပ်ငန်းကို ပြောင်းလဲဖို့အကြံပြုခဲ့ပါကြောင်းသိရပါတယ်။

ရော်ဘာကဏ္ဍကလည်း ကုန်သွယ်မှုတိုးမြှင့်ခြင်းများကို မြှင့်တင်ပြီး တင်ပို့မှုဈေးကွက်များကို တိုးချဲ့နေစဉ်အတွင်း ထုတ်လုပ်မှုတွင် အဆင့်မြင့်နည်းပညာကို အသုံးပြုမှုမှတစ်ဆင့် ၎င်းတို့ထုတ်ကုန်များ၏ ပမာဏနှင့် တန်ဖိုးတို့တိုးတက်ဖို့ လိုအပ်ပါကြောင်းကို ပညာရှင်များကပြောကြားခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံပေါင်း ၁၂၈ နိုင်ငံသို့ ရော်ဘာထုတ်ကုန်များ တင်ပို့ခဲ့ခြင်းဖြင့် ကမ္ဘာပေါ်တွင် ရော်ဘာအများဆုံးတင်ပို့သော နိုင်ငံများအနက်မှ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်နှစ်ကုန်ပိုင်းတွင် ဗီယက်နမ်နိုင်ငံတွင် ရော်ဘာပင်များ စိုက်ပျိုးထားသည့် မြေဧရိယာ ၉၇၁၆၀၀ ဟတ်တာ ရှိပါကြောင်း ဗီယက်နမ်ရော်ဘာအသင်း၏ အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။

**Source; vietnamnews.vn**

**ချိုချိုမာ(ပို့ကုန်)**

## နိုင်ငံခြားသားအလုပ်သမားများအတွက် တတိယမြောက် One Stop Service စင်တာကိုချင်းမိုင်တွင် ဖွင့်လှစ်ခဲ့

ထိုင်းနိုင်ငံရှိနိုင်ငံခြားသား အလုပ်သမားများအတွက် One Stop Service: Digital Work Permit center ဖွင့်ပွဲအားချင်းမိုင်မြို့၌ ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပခဲ့ရာအလုပ်သမား ဝန်ကြီး Mr. AdulSangsingkeo တက် ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါ One Stop Service စင်တာသည် ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ ရင်းနှီးမြှုပ်နှံဆိုင်ရာ အထူး ခံစားခွင့်ရရှိထားသော ကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်မည့်နိုင်ငံခြားသား အလုပ်သမားများအတွက် work permit ထုတ်ပေးသည့်လုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ Digital Work Permit အတွက် One Stop Service ဖွင့်လှစ်၍ ဆောင်ရွက်ပေးခြင်းသည် ပြည်တွင်းရှိစီးပွားရေးလုပ်ငန်း များ၌ ဝင်ရောက်လုပ်ကိုင်မည့်နိုင်ငံခြားသားအလုပ်သမားများ၏ work permit ရရှိရေးအတွက် အလွန်အဆင်ပြေကြောင်းဝန်ကြီး Mr. Adul ကဆက် လက်ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံတွင် ဒစ်ဂျစ်တယ် စီးပွားရေးစနစ် Thailand 4.0 မူဝါဒကို အကောင်အထည်ဖော်လျက်ရှိသည်နှင့်အညီ ပြည်တွင်းရှိနိုင်ငံခြားသားအလုပ်သမားများအနေဖြင့် Single Window စနစ်မှတစ်ဆင့် Visa နှင့် Work Permit များကိုတောင်းခံနိုင် ပါသည်။ ထို့နောက် ယင်းအလုပ်သမား များသည် Digital Work Permit ကို ရရှိကြမည်ဖြစ်ပြီး လက်ကိုင်ဖုန်းမှ တစ်ဆင့် အလုပ်ရှင်ထံတင်ပြနိုင်ပါသည်။ ဗန်ကောက်နှင့် ဖူးခက်မြို့များ တွင်One Stop Service: Digital Work Permit center ကိုဖွင့်လှစ်ပြီးဖြစ်၍ ယခုအခါ ချင်းမိုင်မြို့တွင် တတိယ မြောက်စင်တာကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

## ထိုင်းနိုင်ငံတွင် ယာဉ်မောင်းများအတွက် E-licence mobile app ကို စတင်အသုံးပြု

ထိုင်းနိုင်ငံ၊ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မော်တော်ယာဉ်မောင်းနှင်သူများအတွက် e-driving licence ကိုပြသရန် မိုဘိုင်းဖုန်းဖြင့် အသုံးပြုနိုင်သော E-licence mobile app ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်လွှင့်တင်လိုက်ကြောင်း သိရှိရပါသည်။

အဆိုပါ E-licence mobile app အား Android နှင့် iOS စနစ်သုံးဖုန်းအားလုံး၌ အသုံးပြုနိုင်ပါသည်။ မော်တော်ယာဉ်မောင်းများသည် ၎င်းတို့၏ e-driving licence တွင် ဖော်ပြပါရှိသော QR ကုဒ်ဖြင့် E-licence mobile app ကို ချိတ်ဆက်ပြီး ဒေါင်းလုတ်ရယူနိုင်ကြောင်း၊ ထိုင်းရဲဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနတို့သည် E-licence app ၏ digital database တွင် ယာဉ်မောင်း၏ လမ်းစည်းကမ်းချိုးဖောက်မှုများကို မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း၊ E-licence app သည် ယာဉ်မောင်းကျူးလွန်ခဲ့သော စည်းကမ်းချိုးဖောက်မှုများအတွက် ပေးဆောင်ရမည့် ဒဏ်ငွေကိုအချိန်မီပေးသွင်းရေးကို သတိပေးမည့် အပြင်ယာဉ်မောင်းနေစဉ်အတွင်း အရေးပေါ် အခြေအနေတစ်ခုနှင့် ကြုံတွေ့ရပါကလည်း ယာဉ်မောင်း၏ကျန်းမာရေးသတင်းအချက်အလက်နှင့် မော်တော်ယာဉ်တည်နေရာတို့ကို ဖော်ပြပေးနိုင်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Peerapol Thawornsupacharoen က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

## အာရှဖွံ့ဖြိုးရေးဘဏ်သည် တရုတ်နိုင်ငံ၏ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေတိုးမြှင့်

အာရှဖွံ့ဖြိုးရေးဘဏ်သည် တရုတ်နိုင်ငံတွင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေတိုးမြှင့်စေရန် အမေရိကန်ဒေါ်လာ သန်း ၆၀ တန်ဖိုးရှိ ချေးငွေ သဘောတူညီချက်တစ်ခုကို လက်မှတ် ရေးထိုးခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အကူအညီပေးရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် Zhujiang Financial Leasing ကုမ္ပဏီလီမိတက်တို့မှ အဆိုပါ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါသည်။

"အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင် များစွာကို ဖန်တီးပေးနိုင်သောကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးကို တိုးတက်စေရန် အရေးပါသော်လည်း ဘဏ္ဍာငွေ မရှိခြင်း (အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများတွင်)သည် အဟန့်အတားတစ်ခုဖြစ်ကြောင်း" အာရှဖွံ့ဖြိုးရေးဘဏ်၏ ပုဂ္ဂလိကကဏ္ဍစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Christopher Thieme က ပြောကြားခဲ့ပါသည်။

"အာရှဖွံ့ဖြိုးရေးဘဏ်သည် တရုတ်နိုင်ငံ၏ စက်မှုဘဏ္ဍာငွေနည်းပါးခြင်းကို တိုးတက်စေရန်အထောက် အပံ့ပေးမည်ဖြစ်ပြီး ၎င်း၏ safeguards ကို တိုးမြှင့်ပေးရန် ကုမ္ပဏီများကို ကူညီပေးမည်" ဖြစ်ကြောင်း Christopher က ထပ်လောင်းပြောကြားခဲ့သည်။

Zhujiang Financial Leasing ကုမ္ပဏီလီမိတက်မှ CEO ဖြစ်သူ Ping Yang က "အဆိုပါချေးငွေသည် ကျွန်တော်တို့ကုမ္ပဏီနဲ့ ADB တို့ကြား ပထမအဆင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သော်လည်း တရုတ်နိုင်ငံ၏ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများပေါ် အရေးပါပြီး ကောင်းမွန်သော အကျိုးသက် ရောက်မှုတစ်ခုဖြစ်လိမ့်မည်" ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အာရှ ဖွံ့ဖြိုးရေးဘဏ်ကို ၁၉၉၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏မြို့တော် မနီလာမြို့တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် အဖွဲ့ဝင် ၆၇ ယောက်ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းစဉ်များသည် co-financing ၁၁ ဒသမ ၉ ဘီလီယံအပါအဝင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂ ဘီလီယံဖြင့် လုပ်ငန်းလည် ပတ်နေသော ဘဏ်တစ်ခုလည်းဖြစ်သည်။

**Sources: Beijing, Dec. 7 (Xinhua)**

**အိသက်သက်စံ (WTO)**

# အမှတ်တံဆိပ်မရှိပါက ဗီယက်နမ်၏ ကမ္ဘာ့ဆန်ဈေးကွက်ပျောက်နိုင်



မဲခေါင်မြစ်ဝှမ်းဒေသရှိကုမ္ပဏီတစ်ခုဖြစ်သော Trung An Hi-tech Farming JSC သည် ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးတင်ပို့သော ကုမ္ပဏီကြီးတစ်ခုဖြစ်သော်လည်း ဆန်ကိုနိုင်ငံခြားကုန်အမှတ်တံဆိပ်ဖြင့်တင်ပို့ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်ဆန်အကြောင်းကို ဖောက်သည်များသိစေလိုပါက ဤကုမ္ပဏီအပါအဝင် ပို့ကုန်လုပ်ငန်းရှင်များသည်စားသုံးသူတို့အား သူတို့၏ကုန်အမှတ်တံဆိပ်လိုဂိုများကို ပြသနိုင်ရန်လိုအပ်ကြောင်း ကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူဖန်သိုင်းဘင်က လွန်ခဲ့သည့် ဒီဇင်ဘာက လောင်အန်းပြည်နယ်တွင်ကျင်းပသော တတိယအကြိမ်ဗီယက်နမ်ဆန်ပွဲတော်၏ အလွတ်သဘောတွေ့ဆုံပွဲတွင် သတင်းထောက်များအားပြောသည်။

“လောလောဆယ်မှာတော့ ကျွန်တော်တို့က ဝယ်လက်ကိုပဲမှီခိုနေရပါတယ်။ ထုပ်ပိုးတဲ့ပုံစံနဲ့ လေဘယ်တံဆိပ် တပ်တာကိုသူတို့က ဆုံးဖြတ်ပြီး ကျွန်တော်တို့က ညွှန်ကြားချက်တွေကိုပဲလိုက်နာနေရပါတယ်။ တချို့ဈေးကွက်တွေက “ဗီယက်နမ်ပင်ရင်း” ‘origin in Việt Nam’ လို့ရေးခွင့်ပြုပေးပါတယ်။ ဒါဆိုရင်တော်တော်ရက်ရောတယ်လို့ပြောရမယ်” ဟုသူကပြောသည်။

နိုင်ငံခြားဝယ်လက်များက ဆန်ကိုမှာယူရာတွင်အများကြီးမှာယူပြီး သူတို့ကုမ္ပဏီနာမည်ဖြင့် ကီလို ၅၀ အထုပ်များ ထုပ်ခိုင်းတတ်ကြောင်းသူကပြောသည်။

“သူတို့က ဗီယက်နမ်ဆန်ကို ဖောက်သည်တွေနဲ့ မိတ်ဆက်မပေးချင်ပါဘူး။ သူတို့ပိုင်ကုန်အမှတ်တံဆိပ်ကိုသာ အရောင်းမြှင့်တင်ချင်ကြတာပါ” ဟုသူကပြောသည်။

ဗီယက်နမ်နိုင်ငံက နိုင်ငံပေါင်း ၁၅၀ ကို ဆန်တင်ပို့နေသော်လည်း ဗီယက်နမ်ဆန်ကို ယခုအချိန်အထိ နိုင်ငံတကာအသိအမှတ်ပြုမှုနည်းနေသေးကြောင်းလယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အဆိုအရသိရသည်။

ကမ္ဘာ့ဈေးကွက်တွင် ဗီယက်နမ်ဆန်အခြေခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက်ဝန်ကြီးဌာနသည် ဗီယက်နမ်ဆန်အမှတ်တံဆိပ်လိုဂိုကိုလွန်ခဲ့သော ဒီဇင်ဘာကစတင်ထုတ်ပြန်ခဲ့သည်။

ကုန်အမှတ်တံဆိပ်လိုဂိုကို အထုပ်ပေါ်တွင် ဖော်ပြထားသည့် အတွက် စားသုံးသူတို့ကဗီယက်နမ်ဆန်ကို ခွဲခြားသိနိုင်မှာဖြစ်သည့်အတွက် ယခုဆောင်ရွက်မှုမှာ အရေးကြီးကြောင်း ဘင်ကပြောသည်။

သို့သော် အမျိုးသားကုန်အမှတ်တံဆိပ်ကိုရရှိရုံဖြင့် ဗီယက်နမ်ဆန်၏ အရည်အသွေးကိုအလိုအလျောက်မြှင့်တင်နိုင်ဦးမည်မဟုတ်ကြောင်း သူကသတိပေးသည်။ တန်ဖိုးကိုမြှင့်တင်နိုင်ရန်မှာ ထုတ်ကုန်၏အရည်အသွေးပေါ်တွင်မူတည်ကြောင်း၊ အရည်အသွေးကအရာရာကို အဆုံးအဖြတ်ပေးကြောင်းနဲ့ ထုတ်ကုန်အရည်အသွေး တိုးတက်အောင် ကုမ္ပဏီများက ပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း သူကပြောသည်ဟု သိရသည်။ **စံမီအောင်**

# ဝက်တုပ်ကွေးရောဂါက တရုတ် အသေးစား ဝက်မွေးမြူရေးတောင်သူများကို ထိခိုက်



လွန်ခဲ့သောဩဂုတ်လက ရှန်ယန်းမြို့အနီးရှိဝက်ခြံတစ်ခုတွင် အာဖရိကဝက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့်အတွက် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ချန်ရှီပင်းနှင့် ဘိုင်ဖူကင်းနယ်တို့တွင် ယခုနှစ် နှစ်သစ်ကူးပွဲအတွက် အခက်အခဲရှိနိုင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကုသ၍မရနိုင်သောရောဂါသည် ကီလိုမီတာထောင်ပေါင်းများစွာ ပျံ့နှံ့ခဲ့ပြီး ကမ္ဘာပေါ်တွင် ဝက်အများဆုံးမွေးမြူသော တရုတ်နိုင်ငံအတွင်းရှိ ဝက်မွေးမြူရေးခြံငယ်များစွာကို ထိခိုက်ခဲ့သည်။ ကောင်ရေတစ်ထရီလီယံ မွေးမြူထားသော တရုတ်နိုင်ငံအတွင်းရှိ ဝက်မွေးမြူရေးကဏ္ဍကို မကြုံဖူးလောက်အောင်ဂယက်ရိုက်ခတ်ခဲ့သည်။

အချို့ခြံများမှာ ရောဂါကူးစက်ခံရခြင်းမရှိသေးသည့်တိုင်အောင် ရောဂါမပြန့်ပွားအောင်ဆောင်ရွက်ရသည့် ကုန်ကျစရိတ်က မိသားစုဝင်ငွေကို များစွာထိခိုက်စေသည်။

ရောဂါကင်းစင်ရေးအတွက် ‘ရေရှည်စစ်ပွဲ’ ဆင်နွှဲရသည်ဖြစ်သောကြောင့် ကူးစက်ရောဂါဖြစ်ခဲ့ဖူးသော ဒေသမှ ဝက်အရှင်များတင်ပို့ခြင်းကို ပေကျင်းမြို့က စက်တင်ဘာလကတည်းကပင် ပိတ်ပင်ထားသည်။

ထိုသို့ကန့်သတ်မှုကြောင့် ကုန်သွယ်မှုကိုအဟန့်အတားဖြစ်ခဲ့ပြီး အထူးသဖြင့် စားသုံးမှုထက်ဝက်ကိုပိုမို မွေးမြူထုတ်လုပ်ပြီး ပို့ကုန်ကိုအားထားနေရသော တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်တွင်ပိုမို ထိခိုက်ခဲ့သည်။

ပြည်နယ်အတွင်းဈေးနှုန်းမှာ နှစ်သစ်ကူးအားလပ်ရက်ရောက်ရန် သီတင်းပတ်အနည်းငယ်သာလိုပြီး ပုံမှန်အားဖြင့် ဝက်သားဝယ်လိုအားမြင့်တက်သော ယခုလအတွင်း တစ်ကီလိုဂရမ်ကို လေးယွမ်အောက်ကျဆင်းခဲ့သည်။

အခြားရွေးချယ်စရာလုပ်ငန်း နည်းပါးသည့်အတွက် ဝက်မွေးမြူရေးကိုပင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ချန်တူးရှိ အချို့တောင်သူများကပြောသည်။

ဈေးနှုန်းများလပေါင်းများစွာကျဆင်းပြီး ဝက်များအားဈေးကွက်တင်ခြင်းကို ကန့်သတ်ထားသည့်အတွက် အခြားသောတောင်သူထောင်ပေါင်းများစွာမှာ ဝက်မွေးမြူရေးကိုစွန့်လွှတ်မည့်လက္ခဏာကို ပြသလာသည်။ ထိုသို့လျှော့ချမည်ဆိုပါက ယခုနှစ်တွင်နိုင်ငံ တွင်းထုတ်လုပ်မှုကို ငါးပုံတစ်ပုံအထိကျဆင်းပြီး ဈေးနှုန်းမြင့်တက်ကာ ပြည်ပမှတင်သွင်းသည့် ဈေးနှုန်းချိုသာသော ဝက်သားများ၏ ဝယ်လိုအားမြင့်တက်လာနိုင်မည်ဟု ခန့်မှန်းထားကြသည်။ **စံမီအောင်**

# ဂီတဆိုင်ရာလုပ်ငန်းကောင်းမွန်မှုကြောင့် ဆိုနီ၏ သုံးလပတ်အမြတ်မြင့်တက်




ဂိမ်းလုပ်ငန်းများမှဝင်ငွေကျဆင်းမှုကြောင့် ရင်းနှီးမြှုပ်နှံသူတို့က အခြားသောလုပ်ငန်းကိုကူးပြောင်းလုပ်ဆောင်မည့် အလားအလာရှိနေသော်လည်း တေးဂီတဆိုင်ရာထုတ်လုပ်ရေးလုပ်ငန်း EMI နှင့်ပူးပေါင်းဆောင်ရွက်ပြီးနောက်ပိုင်း ဂျပန်ဆိုနီကုမ္ပဏီ၏ သုံးလပတ်အမြတ်မှာ တိုးတက်လာကြောင်း ချန်နယ်နယူးအေးရှားသတင်းတွင် ဖော်ပြသည်။

ဆိုနီသည် တီဗွီနှင့် အခြားသောအီလက်ထရွန်နစ် လူသုံးကုန်များ ထုတ်လုပ်ရာမှနှစ်ပေါင်းများစွာ အရှုံးပေါ်ခဲ့ပြီး နောက် မြူးဇစ်နှင့် ဂိမ်းလုပ်ငန်းများမှ ဝင်ငွေတည်ငြိမ်လာသည့်အတွက် ဖျော်ဖြေရေးကုမ္ပဏီ entertainment company အဖြစ် ပြောင်းလဲဆောင်ရွက်လာသည်။


ကုမ္ပဏီ၏အမြတ်သည် ယခင်နှစ်ကာလတူကဂျပန်ယန်း ၃၅၀ ဒသမ ၈၄ ဘီလီယံရှိခဲ့သောရာမှ ယခုနှစ်တတိယသုံးလပတ်အမြတ်မှာ ယန်း ၃၇၆ ဒသမ ၉၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၆ ဘီလီယံ) ထိ ရောက်ရှိခဲ့သည်။ သို့သော်လည်း Refinitiv စစ်တမ်းကောက်ယူရေးအဖွဲ့က လေ့လာဆန်းစစ်ရေးမှူး ၁၀ ဦးကို စစ်တမ်းကောက်ယူစဉ်က ရရှိခဲ့သော ပျမ်းမျှခန့်မှန်းအမြတ် ၃၈၃ ဒသမ ၆၇ ကို ပြည့်မီခြင်းမရှိခဲ့ပေ။

ဆိုနီကုမ္ပဏီသည်ကမ္ဘာပေါ်တွင် အကြီးမားဆုံးဂီတထုတ်လုပ်ရေးလုပ်ငန်းကြီးဖြစ်လာစေရန်ရည်ရွယ်ချက်ဖြင့် မြူးဇစ်ထုတ်လုပ်ရေးလုပ်ငန်း EMI ရှယ်ယာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံဖိုးဝယ်ယူခဲ့သည်။

Marvel's Spider-Man ကဲ့သို့သော သီးသန့်အမည်ဖြင့် ထုတ်လုပ်သော ဂိမ်းများအားလူကြိုက်များလာခဲ့သော်လည်းသက်တမ်းငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်သော PlayStation 4 console များ၏အရောင်းကျဆင်းမှုကို မဖြည့်ဆည်းနိုင်သည့်အတွက် ဆိုနီ၏ဂိမ်းလုပ်ငန်းမှာ ယခင်နှစ်က ယန်း ၈၅ ဒသမ ၄ သန်းရရှိခဲ့ရာမှ ယခုနှစ်တွင် ယန်း ၇၃ ဒသမ ၁ ဘီလီယံအထိကျဆင်းခဲ့ကြောင်းသိရသည်။

**စံမီအောင်**




# MMWin ACCOUNTING FiRM

Accounting firm
Daw Myint Myint Win

- Accounting Services
- Accounting System Development
- Company Incorporation
- Company Secretarial Services
- Tax Advisory
- Investment Advisory & MIC Appraisal Work
- Business Plans
- Budgets/ Forecasts/ Projections

No. 83, Room 307, Botahtaung Market St.,
Botahtaung Tsp., Yangon, Myanmar.
Ph : 09 448012377, 09 5406305, 01 397910
Email : mmwin@gmail.com
davidkoko@gmail.com

# TOP SEIN WIN & ASSOCIATE CONSULTING LIMITED

(1) Registration of Business Organization
(2) Investment Proposal and Investment Contract (Local/Foreign)
(3) Accounting
   a. Accounting System Setting up
   b. Preparing Financial Statements & Reports
   c. Accounting Software Evaluation
   d. Internal Control System Set up
(4) Auditing
(5) Tax Advisory-Corporate & Personal Tax Services
(6) Liquidation
(7) Financial Consultancy Services
(8) Legal and Legislation Consultancy Services
(9) Business Advisory

Building (6),Room (323),Kyaikkasan Housing, Marlarnwe Street, Tamwe (B) Ward, Tamwe Township,Yangon.
Tel : 01-400164, 01-8603760 Fax : 01-8603760 Email : usw.auditor.mm@gmail.com, topswconltd@gmail.com


Korea No. 1 Multi Active Vitamins
ARONAMIN® Gold
ကျန်းမာခြင်းရဲ့ဟီးရိုး အာရိုနမင်ဂိုးလ်
တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်အခါ သမယတွင်
အရိုနမင်ဂိုးလ် နှင့် အတူ
ကျန်းမာပျော်ရွှင်စွာဆင်နွှဲကြပါစို့။
✦ နာကျင်ခြင်း၊
✦ နုံးချည့်ညောင်းညာခြင်း၊
✦ အားအင်ကုန်ခမ်းခြင်းနှင့် စိတ်ဖိစီးမှုများခြင်းတို့ကို
ပြေပျောက်စေမယ့် တစ်ခုတည်းသောအားဆေး ...
Vitamin C
Vitamin E
Active B12
Active B6
Active B2
Active B1
Korea No 1 Vitamin
ARONAMIN
Gold
Multi-Active Vitamin
ASIA WINNER INDUSTRIAL LTD.
AWI UniqueCare Pharmaceutical Co., Ltd.
No. 25 (AWI Building), 63rd Street, Botahtaung Tsp, Yangon, Myanmar.
☎ : (95-1) 397096, 397097, 9010237, 9010238 Ext (201), Fax : (95-1) 397101
Hotline : 097 83 85 83 86


D-POP
COLA
330ml
Natural Flavors
D-POP
ORANGE
330ml
D-POP
LEMON SPARKLING
ပြောင်းလဲသင့်ပြီ

COMMERCE
INTERNATIONAL

# ဝန်ကြီးချုပ် မိုဒီလက်ထက်တွင် အိန္ဒိယနိုင်ငံ၏ အစိုးရကြွေးမြီ ၅၀ ရာခိုင်နှုန်းနီးပါးတိုးလာ

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် 8th Edition of Status Paper on Government Debt စာတမ်းအရ ဝန်ကြီးချုပ် နရိန္ဒရာမိုဒီအစိုးရလက်ထက် (၄)ခွဲတာကာလအတွင်း အိန္ဒိယအစိုးရ၏ ကြွေးမြီပမာဏစုစုပေါင်းမှာ ၄၉ ရာခိုင်နှုန်း တိုးလာခဲ့ပြီး၊ ရူပီးကုဋေ ၈၂ သိန်းခန့်ထိရှိလာကြောင်းသိရှိရပါသည်။

အိန္ဒိယအစိုးရက နောက်ဆုံးထုတ်ပြန်ထားသည့်စာရင်းများအရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ဗဟိုအစိုးရ၏ ကြွေးမြီစုစုပေါင်းမှာ ရူပီးကုဋေ ၈၂ သိန်းခန့်ရှိပြီး၊ ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် ရူပီးကုဋေ ၅၄ ဒသမ ၉၁ သိန်းသာ ရှိခဲ့ကြောင်းသိရှိရပါသည်။

အစိုးရကြွေးမြီ များပြားလာစေသည့် အဓိကတွန်းအားမှာ ပြည်သူ့ကြွေးမြီ(public debt)တိုးတက်မှုနှုန်း ၅၁ ဒသမ ၇ ရာခိုင်နှုန်းရှိလာခဲ့ပြီး၊ ယခင်က ရူပီးကုဋေ ၄၈ သိန်းသာရှိရာမှ ၄ နှစ်ခွဲကြာပြီးနောက်တွင် ရူပီးကုဋေ ၇၃ သိန်းသို့ မြင့်တက်လာကြောင်း၊ အလားတူ ပြည်တွင်း ကြွေးမြီမှာလည်း ၅၄ ရာခိုင်နှုန်းခန့် မြင့်တက်လာပြီး၊ ရူပီးကုဋေ ၆၈ သိန်းခန့်ထိရှိလာကြောင်း သိရှိရပါသည်။




အိန္ဒိယနိုင်ငံ၌ အစီရင်ခံကာလအတွင်း ဈေးကွက်ကြွေးမြီများအပေါ် မှီခိုနေရမှုအနေဖြင့်လည်း ၄၇ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အလားတူမြင့်တက်လျက်ရှိပြီး၊ ပမာဏအားဖြင့် ရူပီးကုဋေ ၅၂ သိန်းကျော်ထိရှိလာခဲ့ကြောင်း၊ ထို့မျှမက gold bonds မှ တစ်ဆင့် ကြွေးမြီပမာဏမှာ ၂၀၁၄ ခုနှစ် ဇွန်လကုန်တွင် လုံးဝမရှိသည့် အနေအထားဖြစ်ခဲ့သော်လည်း အစီရင်ခံကာလတွင် ရူပီး ၉၀၈၉ ကုဋေရှိလာခဲ့ကြောင်းသိရှိရပါသည်။

ယင်းစာတမ်းသည် ဗဟိုအစိုးရအနေဖြင့် အစိုးရ၏ကြွေးမြီအနေအထားတစ်ခုလုံးကို အသေးစိတ်ပိုင်းခြားစိတ်ဖြာသုံးသပ်ထားပြီး ၂၀၁၀-၂၀၁၁ မှစ၍ နှစ်စဉ်ပြုစုထုတ်ဝေသည့်စာတမ်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားထားပါသည်။

အိန္ဒိယအစိုးရသည် ၎င်း၏ဘဏ္ဍာရေးလိုငွေအား ဖြည့်တင်းရန်အတွက် ဈေးကွက်ချိတ်ဆက်ထားသည့် ချေးငွေများဖြင့် ကနဦးဖြေရှင်းနေကြောင်း၊ ကြွေးမြီပမာဏ မြင့်တက်လာနေပြီဖြစ်ရာ လက်ရှိဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးလိုငွေဘက်မှ အထောက်အကူအနည်းငယ်ရရှိမည်ဟု မျှော်မှန်းကြောင်း၊ အစီရင်ခံစာအရ နိုဝင်ဘာလအထိ ဘဏ္ဍာနှစ်ပထမ ရှစ်လအတွင်း အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးလိုငွေမှာ ရူပီးကုဋေမှာ ၇ ဒသမ ၁၇ သိန်းခန့်ရှိနေပြီး၊ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် လျာထားပမာဏဖြစ်သည့် ရူပီးကုဋေ ၆ ဒသမ ၂၄ သိန်း၏ ၁၁၄ ဒသမ ၈ ရာခိုင်နှုန်းထိရှိနေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး ၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## အီးယူသို့ အိန္ဒိယအမွှေးတိုင်တင်ပို့မှု မကြာမီ ပြန်လည်စတင်နိုင်တော့မည်

အိန္ဒိယအမွှေးတိုင် တင်ပို့သူများသည် ၎င်းတို့၏ ကုန်ပစ္စည်းများအား သင့်တော်သည့်အညွှန်းအမှတ်အသားများ ထည့်သွင်းရိုက်နှိပ်တပ်ဆင်ပြီးနောက်တွင် အီတလီအပါအဝင် အီးယူဈေးကွက်သို့ မကြာမီ စတင်တင်ပို့နိုင်တော့မည်ဖြစ်ကြောင်းသိရှိရပါသည်။

မကြာသေးမီက အီတလီအကောက်ခွန်ဌာန တာဝန်ရှိသူများသည် အိန္ဒိယအမွှေးတိုင်များ၌ ခွင့်ပြုပမာဏထက် ကျော်လွန်သော အန္တရာယ်ရှိသည့် ဓာတုပစ္စည်းများ ပါဝင်နေသည်ဟု စွပ်စွဲပြောကြားခဲ့ပြီး၊ တင်သွင်းလာသည့်ကုန်စည်များအား ဖမ်းဆီးထိန်းသိမ်းခဲ့ ကြောင်း၊ ယင်းနောက်ပိုင်းတွင် အီးယူသို့ အဆိုပါ အမွှေးတိုင်များတင်ပို့ရာ၌ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ အီတလီသည် အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အိန္ဒိယမှ အမွှေးတိုင်များ တင်သွင်းမှုအပေါ် အီတလီ၏ကန့်သတ်ချက်သည် အခြားအီးယူ အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် သက်ရောက်မှုရှိကြောင်း၊ အိန္ဒိယနိုင်ငံ၌ အမွှေးတိုင်လုပ်ငန်းမှာ လုပ်သားအဓိကအသုံးပြု၍ဆောင်ရွက်ရသည့် လက်မှုလုပ်ငန်းဖြစ်သည့်အတွက် အီတလီအာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်းတို့ကို အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနက ချက်ချင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူများ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် အန္တရာယ်ရှိသော အစားအစာမဟုတ်သည့် ပစ္စည်းများအား ရှောင်ရှားနိုင်ရန် အဖွဲ့ဝင်နိုင်ငံများအကြား သတင်းအချက်အလက်ဖလှယ်သည့် အလျင်အမြန် သတိပေးစနစ် (RAPEX) ကို ထားရှိအသုံးပြုနေကြောင်း၊ ယခုအခါ အိန္ဒိယအမွှေးတိုင်များအပေါ် စိုးရိမ်သည့်အချက်ပြခြင်းများအား RAPEX database က ဖယ်ရှားခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ သင့်တင့်သည့် အညွှန်းတံဆိပ်များ တပ်ဆင်ပြီးပါက မကြာတော့မည့်ကာလအတွင်း အီတလီအပါအဝင်အီးယူနိုင်ငံများသို့ အိန္ဒိယအမွှေးတိုင်တင်ပို့မှုများကို ပြန်လည်ပြုလုပ်လာနိုင်တော့မည်ဖြစ်ကြောင်း၊ အိန္ဒိယသည် အီးယူသို့ အမွှေးတိုင်များကို နှစ်စဉ် ရူပီး ၄၅၀ ကုဋေဖိုးခန့် တင်ပို့နေကြောင်း သိရှိရပါသည်။

အိန္ဒိယအမွှေးတိုင်များအား အဓိကတင်ပို့ရောင်းချသည့် နိုင်ငံများမှာ အမေရိကန်၊ အီးယူ၊ ဗြိတိန်၊ လက်တင်အမေရိကနှင့် ဂျပန်တို့ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း အမွှေးတိုင် တန်ဖိုးအမေရိကန်ဒေါ်လာ ၆၆ ဒသမ ၁၁ သန်းခန့်တင်ပို့ခဲ့ကြောင်း၊ သို့ရာတွင် အိန္ဒိယအမွှေးတိုင်များသည် ဈေးကွက်ရရှိရေး ခေတ်မီစက်ကိရိယာ အားသာချက်ရှိသည့် ဗီယက်နမ်၊ တရုတ်နိုင်ငံထုတ် အမွှေးတိုင်များနှင့် အသည်းအသန်ယှဉ်ပြိုင်နေရကြောင်း သိရှိရပါ သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။**




## အမေရိကန်နှင့် တရုတ်နိုင်ငံကြား ကုန်သွယ်ရေး တင်းမာမှုကြောင့် ဟောင်ကောင်၏ ကုန်သွယ်မှုကျဆင်း

အမေရိကန်နှင့် တရုတ်နိုင်ငံကြား ကုန်သွယ်ရေး တင်းမာမှုများကြောင့် ဆိပ်ကမ်းမြို့ဖြစ်သော ဟောင်ကောင်ကို ထိခိုက်စေခဲ့ကာ ဒီဇင်ဘာလတွင် ကုန်သွယ်မှုပမာဏမှာ မျှော်လင့်သည်ထက် ပိုမိုကျဆင်းခဲ့ပြီး ၂၀၁၆ ခုနှစ်မှစ၍ ပထမဆုံးအကြိမ် လစဉ်ကျဆင်းမှုဖြစ်ပွားခဲ့ကြောင်း၊ ဒီဇင်ဘာလတွင် ပို့ကုန်ပမာဏမှာ ယမန်နှစ်အလားတူကာလထက် ၅ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ဟောင်ကောင် ဒေါ်လာ ၃၃၉ ဒသမ ၉ ဘီလီယံထိရောက်ရှိခဲ့ကာ သွင်းကုန်ပမာဏမှာ ၇ ရာခိုင်နှုန်းနှင့် ဟောင်ကောင်ဒေါ်လာ ၃၉၁ ဒသမ ၂ ဘီလီယံထိ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှု၊ အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးတင်းမာမှုများကြောင့် အာရှနိုင်ငံများကုန်သွယ်ရေးကျဆင်းခဲ့ပြီး လတ်တလော အနာဂတ်အတွင်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုနှင့် မသေချာမရေရာမှုများကြောင့် ကုန်စည်ကုန်သွယ်မှုမှာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဦးမည်ဖြစ်ကြောင်း၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် တရုတ်ပြည်မကြီးတို့သို့ စုစုပေါင်းပို့ကုန်တင်ပို့မှုမှာ ၃၅ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ မတ်လကုန်နောက်ပိုင်း၌ အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုပြဿနာများကို ဖြေရှင်းနိုင်မည့် အခြေအနေမှာ ၅၀ ရာခိုင်နှုန်းကျော် အခွင့်အလမ်းရှိမည်ခန့်မှန်းကြောင်း၊ မတ်လနောက်ပိုင်းတွင်လည်း ဆွေးနွေးမှုများအတွက် အချိန်ထပ်မံကြာမြင့်နိုင်မည်ဟု ပညာရှင်များမှ သုံးသပ်ခန့်မှန်းထားကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ယခုနှစ်တွင် ကုန်သွယ်ရေးတင်းမာမှုကို ဖြေရှင်းနိုင်သည့်တိုင် ၆ ဒသမ ၃ ရာခိုင် နှုန်းထိ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ ဟောင်ကောင်မြို့။**

Recycle for clean and green future
သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။